http://www.cherrythitsar.org

www.foreverspace.com.mm



http://www.cherrythitsar.org

www.foreverspace.com.mm

စာပေပေါင်းကူးစာစဉ်(၁၂)

သိန်းဖေမြင့်-ရေး

# ငွေစိန် လှေလှော်ရင်း တက်ကျိုးခြင်း

( ဘဝသရုပ်ဖော်ဝတ္ထု )

စာပေပေါင်းကူးတိုက်မှ တပြည်လုံးဖြန့်ချိသည်

http://www.cherrythitsar.org

www.foreverspace.com.mm

၁၉၆၂ ခုနှစ် ဇန္နဝါရီလ
ဒုတိယနှိပ်ခြင်း

**ထုတ်ဝေသူ** - မောင်တင်မောင် (၀၄၂၄)
**ဖြန့်ချိရာဌာန** - စာပေပေါင်းကူးတိုက်၊ အမှတ်-၁ (၇)ရပ်ကွက် ဗဟိုဈေးအနီး၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်။
**ပုံနှိပ်ရာဌာန** - စာပေပေါင်းကူးရောင်စုံပုံနှိပ်တိုက်၊ အမှတ်-၁ (၇)ရပ်ကွက်၊ ဗဟိုဈေးအနီး၊ တောင်ဥက္ကလာပ ရန်ကုန်၊ (၀၉၆၂)

www.foreverspace.com.mm

http://www.cherrythitsar.org

# ထုတ်ဝေသူ၏ အမှာ

ဤ "ငွေစိန် လှေလှော်ရင်း တက်ကျိုးခြင်း" ဝတ္ထုမှာ ဆရာ သိန်းဖေမြင့်၏ ဘဝ သရုပ်ဖော် ဝတ္ထုများထဲတွင် အပြောင်မြောက်ဆုံး၊ အထူးခြားဆုံး ဝတ္ထုတစ်ပုဒ် ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

ဆရာသိန်းဖေမြင့်သည် လူတန်းစားတစ်ရပ်ကို အခြေခံ၍ ရေးသားထားရာ၌ ပိုင်နိုင်စွာ ဖော်ပြနိုင်စွမ်းရှိလှသည်ကို ဤ "ငွေစိန်လှေလှော်ရင်း တက်ကျိုးခြင်း" ဝတ္ထုတွင် စာရှုသူ တွေ့မြင်ဖတ်ရှုရပေလိမ့်မည်။

အထူးသဖြင့် ဆရာ သိန်းဖေမြင့်၏ ဆန်းသစ်သော အရေး အသား၊ အတွေးအခေါ်၊ အယူအဆများကိုလည်း ဤ "ငွေစိန်လှေလှော်ရင်း တက်ကျိုးခြင်း" ဝတ္ထုတွင် မြင်ရပေ လိမ့်မည်။

ယင်းဝတ္ထုမှာ မြဝတီ မဂ္ဂဇင်းတွင် ဖော်ပြခဲ့စဉ်ကလည်း စာဖတ်ပရိသတ် အတော်များများ ကြိုက်နှစ်သက်ခဲ့ကြသည်။ ထို့ကြောင့် ဤမျှထူးခြားသော ဝတ္ထုတစ်ပုဒ်ကို စာပေ မြတ်နိုးသူတိုင်း၏ လက်သို့ ရောက်စေချင်သည့်ဆန္ဒရှိလာမိ၏။ သို့ပါ၍ မြဝတီ မဂ္ဂဇင်းကြီးများတွင် ဖော်ပြခဲ့စဉ်က မဖတ်

http://www.cherrythitsar.org

www.foreverspace.com.mm

## ထုတ်ဝေသူ၏ အမှာ-

ဖူးသေးသူများအတွက်ရင်း၊ ယင်းဝတ္ထုကို သီးသန့် သိမ်းဆည်းထားရန် လိုလားနေသူများအတွက်ရင်း ရည်သန်၍ ထပ်မံပုံနှိပ်ရပေသည်။

ကျွန်တော့်အနေနှင့်မူ ဤမျှ ထူးခြားသောဆရာသိန်းဖေမြင့်၏ လက်ရာအား စာရှုသူနှင့်ပေါင်းကူးခွင့်ရသဖြင့် ထုတ်ဝေရကျိုးနပ်သည်ဟု ယုံကြည်ပါသည်။

**တင်မောင်**

ထုတ်ဝေသူ

http://www.cherrythitsar.org
www.foreverspace.com.mm

သိန်းဖေမြင့် -ရေး

# ငွေစိန်လှေလှော်ရင်းတက်ကျိုးခြင်း

(၁)

တစ်ခုသော ဧပြီလ တစ်လ၏ စနေနေ့ တစ်နေ့တွင် ကျွန်တော်သည် အနောက်ပိုင်း(၂)ရာဘက်တရားသူကြီး ရုံးတွင် အမှုတစ်မှု၌ ရှေ့နေလိုက်ပြီးနောက် ဘားလမ်းရှိ ကျွန်တော်၏ အလုပ်ခန်းသို့ ပြန်လာခဲ့လေသည်။

အချိန်မှာ တစ်နာရီခန့်မျှဖြစ်၍ နေပြင်းထန်စွာ ပူလျက်ရှိ၏။ လမ်း၏ ကတ္တရာစေးမျက်နှာပြင်ပေါ်တွင် အပူအခိုးငွေ့ သန်းနေသည်ကိုပင် မြင်ရလေသည်။ ရန်ကုန်မြစ်မှ ဝေ့ဝိုက်တိုက်ခိုက်လာသော လေပြေကလေးသည်ပင် အေးမြအောင် မစွမ်းနိုင်ချေ။

ကျွန်တော့်အလုပ်ခန်းမှာတိုက်၏ တတိယထပ်မှာရှိသဖြင့် ဟောဟဲလိုက်အောင် တက်ယူရလေသည်။ ခေါင်းပေါင်းစ တလူလူ၊ လက်ထဲက ဝတ်လုံနက်တရမ်းရမ်း၊ ဘန်ကောက်လုံချည်တရွှမ်းရွှမ်းနှင့် ခံ့ငြားသောအသွင်ကို ဆောင်မည်ဖြစ်သော်လည်း ဝတ်ဆင်ရသော ကျွန်တော့်မှာ မသက်သာလှပါချေ။ ခေါင်းပေါင်းသည်အိုက်ရုံမက နားထင်ကိုက်စေသည်။

ရှေ့နေလိုက်ရာ၌ အကြောကြီးတွေ ထောင်လာအောင်စ

www.foreverspace.com.mm
http://www.cherrythitsar.org


ကားပြောရလေလေ ခေါင်းပေါင်း၏ဒဏ်ကို ခံစားရလေ ဖြစ်ပေသည်။ ဝတ်လုံနက်ကိုပိုက်ပြီး အမှုတွဲများကို ကိုင်ရသောလက်၊ ဘန်ကောက်ပုဆိုးစကိုဆွဲကိုင်ရသော လက်တို့မှာလည်း ညောင်းလှချေပြီ။ မတပ်မဖြစ်တပ်ထားရသော စတစ်ကော်လာမှာလည်း လည်အစ် ဂုတ်အိုက်အောင် အထူးတလည် စီမံထားသည်နှင့် တူသည်။ အကယ်၍ တရားဥပဒေဆိုင်ရာ စနစ်သစ် တစ်ခုခုပေါ်အံ့။ ထိုစနစ်သစ်တွင် ဖော်ပြပါ ဝတ်လုံတော်ရ ရှေ့နေအဆောင်အယောင်တို့ကို ပယ်ထားပြားအံ့။ ကျွန်တော်သည် အခြားအချက်အလက်တို့ကို ဂရုမမူတော့ဘဲ ဤတစ်ချက်ထဲနှင့်ပင် ထိုစနစ်သစ်ကို ထောက်ခံမိပေလိမ့်မည်။

ကျွန်တော်သည် အလုပ်ခန်းတွင်းသို့ ဝင်မိသည်နှင့်တပြိုင်နက် လက်ထဲမှ အမှုတွဲဖိုင်ကို စားပွဲပေါ် ပစ်တင်လိုက်သည်။ ဝတ်လုံအကျႌနက်ကြီးကို ဂျိတ်မှာချိတ်လိုက်သည်။ ခေါင်းပေါင်းကိုချွတ်၍ ဂျိတ်ဘူးထဲထည့်လိုက်သည်။ ကိုယ်ရောစိတ်ပါလွတ်လပ်ပေါ့ပါးသွားလေတော့သည်။

ပန်ကာ ဖွင့်ပြီးမှ ကုလားထိုင်ထိုင်လေသည်။ သတင်းစာကောက်ဖတ်မည်လုပ်ရင်း ခြေကပါ အိုက်လာသည် ထင်သဖြင့် ရှူးဖိနပ်နှင့် ခြေအိပ်များကို ချွတ်ပစ်ရ ပြန်လေသည်။ သည်တော့မှ အလုပ်ခန်းတွင် အသင့်ထားသော ပိန်းတန်းဖိနပ်မှာ သံကြိုး ပြတ်ခါနီးတဲ့တဲ့သာ ကျန်သဖြင့် အသစ်ဝယ်ရန်ရှိသည်ကို သတိရလေတော့သည်။

ဒိုင်ယာရီတွင် တနလ်ာနေ့ အမှုရုံးချိန်များကို ကြည့် သည်။ ပြီးတော့ ဆိုင်ရာအမှုတွဲများကို စားပွဲအံဆွဲမှ ထုတ်ယူ၍

www.foreverspace.com.mm



အသော့လှန်ကြည့်ပြီး အိမ်မှ ဘယ်ဥပဒေစာအုပ်များ ဖတ်ရမည်ကို မှတ်သားထားလိုက်သည်။ ထို့နောက် မကြေသေးသော အမှုတွဲကို စေ့စေ့စပ်စပ်ဖတ်၏။ ကျွန်တော်သည် အမှုကို စေ့စေ့စပ်စပ် လေ့လာ၍ ပြင်ဆင်မှု ဖူလုံအောင်လုပ်သော ဝတ်လုံတော်ရ ရှေ့နေတစ်ယောက်ဖြစ်ပေသည်။

သို့ဖြင့် သုံးနာရီ ထိုးသွားလေ၏။ ရှေ့နေစာရေးတို့၏ လက်နှိပ်စက်ရိုက်သံတွေလည်း စဲလေပြီ။ အမှုသည်တို့၏ ဘိနပ်သံများလည်း ဆိတ်လေပြီ။ ကျွန်တော်နှင့် အခန်းစပ်တူ ခွဲယူထားသော ရှေ့နေများလည်း တစ်ယောက်မကျန် ပြန်ကြလေပြီ။ တစ်ဘက်ခန်းမှ ကုမ္ပဏီအလုပ်တိုက်ပင် ပိတ်သွားလေပြီ။

ကျွန်တော်သည် ရှူးဖိနပ်ကိုပြန်စီး၏၊ အပြန်တွင် ပိန်းတန်းဖိနပ်တစ်ရံဝယ်ရမည်ကိုလည်း သတိရပြန်၏။

ကျွန်တော်သည် နေရန်တိုက်အိမ်ပိုင်သူ ဖြစ်သော်လည်း၊ စီးရန်မော်တော်ကားပိုင်သူမဟုတ်ပေ။ စားပွဲအံဆွဲ၊ ဘီရိုနှင့် အခန်းများကို သော့ခတ်ပြီးနောက် အောက်သို့ဆင်းလာ၍ ဘားလမ်းအတိုင်း ဖရေဇာလမ်းသို့ လျှောက်လာခဲ့လေသည်။ နေမှာပူ၍ကောင်းတုန်းပင်ဖြစ်သည်။ သို့သော် မြစ်ဘက်မှလေသည် တဟူးဟူး တိုက်ခတ်နေသဖြင့် အပူရှိန် တော်တော်လျှော့နေသည်ဟု ထင်မိ၏။

စနေနေ့ ခုလိုအချိန်တွင် ပုလိပ်ရုံးကြီး၊ ဟိုက်ကုတ်မြူနီစီပါယ်ရုံးကြီးနှင့် ဘားလမ်းတဝိုက်တွင် လူပါးသည်။ အသွားအလာအရှုပ်အထွေးနည်းသည်။ ထို့ကြောင့် ကျွန်တော်မှာ စိမ်ပြေနပြေ လျှောက်နေနိုင်ပေသည်။

http://www.cherrythitsar.org



www.foreverspace.com.mm

ဖရေဇာလမ်းသို့ ရောက်သောအခါ ဘယ်ဘက်ချိုး၍ သိမ်ကြီးဈေးဆီသို့ ဦးတည်၍ လျှောက်ခဲ့လေသည်။ ဟိုဘက်မှာ လူပါးပြီးအသွားအလာနည်းသလောက် ဒီဘက်ကျတော့လူများ၍ အသွားအလာရှုပ်လေသည်။ ကျွန်တော်လိုချင်သော ဖိနပ်အတွက် သားနား၍တော်တော်ကြီးမားသော ဖိနပ်ဆိုင်များတွင်ကြည့်သည်။ ပုံကြိုက်၏ အမျိုးမကြိုက်၊ ခုံကြိုက်၏ သံကြိုးမကြိုက်၊ အကြိုက်မတွေ့သဖြင့် ဈေးပင်မဆစ်ဘဲ ထွက်ခဲ့ သည်။ သည်လိုနှင့် ဆူးလေဘုရားလမ်း၊ နောက် စစ်ကဲမောင်ထော်လေးလမ်းစသည်တို့ကို ဖြတ်ကျော်ခဲ့လေသည်။ နောက်တွင်ကား အကြိုက်တွေ့သော်လည်း ဈေးမတည့်ဖြစ်ရပြန်၏။ သို့ဖြင့် မဂိုလမ်းရောက်ခါနီး ဆိုင်ကြီးကြီးတစ်ခုတွင် ရှာပြန်သောအခါ ကြိုက်သောပုံ၊ ကြိုက်သောခုံ၊ ကြိုက်သော သံကြိုး၊ ကြိုက်သောအမျိုးနှင့် ဖိနပ်ကို တွေ့လေသည်။ သို့သော်. . . ဈေးရောင်းသူသည် ကျွန်တော့်အား အဖက်မတန်သလို ကြည့်ပြီး မောက်မာသောလေသံဖြင့် ပြောဆိုလေရာ၊ ငါ့လို ဝတ်လုံတော်ရ ရှေ့နေတစ်ယောက် ဤရှူ၊ ဤလေမျိုးဖြင့် ဆက်ဆံရသလောဟု စိတ်ထဲက ကျိတ်ဒေါဖောင်းပြီး မဝယ်ဖြစ်ဘဲ ထွက်လာခဲ့လေသည်။

မဂိုလမ်းလွန်သောအခါမှာမူကား ဖိနပ်ဆိုင်ကြီးများ မတွေ့ရတော့ပေ။ ထင်းရှူးပြားများကို ဘန်းလုပ်လျက် ဖိနပ်အရံ ၂၀ သို့မဟုတ် ၃၀ မျှကို ခင်းပြရောင်းချနေကြသော လမ်းပေါ်ဈေးသည်ကလေးများကိုသာ တွေ့ရလေတော့သည်။ သူတို့သည် ထင်းရှူးသေတ္တာခပ်ငယ်ငယ်ကို ထောင်၍ ထိုင်သူထိုင် ခွေးခြေခုံလေးများတွင် ထိုင်သူထိုင် တိုက်ပျက်မှ အုတ်ခဲများ

www.foreverspace.com.mm
http://www.cherrythitsar.org


ကို ပုံ၍ ထိုင်သူထိုင်ကာ ရောင်းချနေကြ၏။ နေပူရောင် တိုက်ရိုက်ထိုးနေသဖြင့် ယောက်ျားများမှာ ဦးထုပ်ဆောင်းပြီး ရောင်း၍ မိန်းမများမှာ ထီးမိုး၍ ရောင်းနေကြလေသည်။ သူတို့ဆိုင်များမှ ဖိနပ်များမှာ နာမည်ကြီးတံဆိပ် ခပ်နှိပ်ထား ခြင်း မရှိချေ။ သူတို့ဆိုင်များသို့ ကျွန်တော့်လို ဝတ်လုံတော်ရရှေ့နေမဆိုထားဘိ ရုံးစာရေးပင် ဝင်ကြဟန်မတူ။ မြို့နေအလုပ်သမား ဆင်းရဲသားများနှင့် ရန်ကုန်သို့ တစ်ခါတစ်ခေါက် ရောက်လာသော အသွင်အပြင်ခြားနားသည့် တောနေဆင်းရဲသားများသာ ရွေးချယ်ဈေးဆစ်နေသည်ကို တွေ့မြင်ရပေ၏။ကျွန်တော်သည် အစဦး၌ သူတို့ဆိုင်ဝင်ရန် နှောင့်နှေးနေမိသည်။ နောက်မှ မောက်မာသော ဆိုင်ကြီးရှင်အပေါ်တွင် မ ကြေသော အခဲကို ချေပသောသဘောဖြင့် အဝယ်အခြမ်းမရှိသော ဆိုင်ကလေးရှင်တစ်ဦးထံ ချဉ်းကပ်လေတော့သည်။

ထိုသူကား အသက် ၃၀ ကျော်လောက် ရှိပေလိမ့်မည်၊ အရပ်အမောင်းကောင်း၏။ ရင်ဘတ်ကျယ်၏။ လက်မောင်းနှင့် ခြေသလုံးတို့တွင် ကြွက်သားများကို မြင်နိုင်၏။ မျက်နှာမှာ ခပ်ပြားပြားဖြစ်ပြီး နှုတ်ခမ်းထော်၏။ မေးကား၏။ သူ့ခေါင်းပေါ် တင်ရုံတင်ထားသော ဖော့ဦးထုပ်မှာကား ပုံပျက်နေရုံမက ညစ်ပတ်ပေကျံနေလေသည်။ သူသည် အရှေ့ဘက်ဆီသို့ မကြာခဏလှမ်းကြည့်၏။ သူ့အကြည့်ကား မျှော်လင့်တောင့်တသော အကြည့်မဟုတ်ဘဲ စိုးရိမ်ကြောင့်ကြသော အကြည့်ဖြစ်သည်ဟု ကျွန်တော် ခန့်မှန်းလိုက်လေ သည်။ အကယ်၍သာ မျှော်လင့်တောင့်တသော အကြည့် ဖြစ်ပါမူ အရှေ့ဘက်မှ သူ့ဆီချဉ်းကပ်လာသော ဈေးဝယ်လာသူ

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော့်အား ပြုံးရွှင်စွာ ခရီးဦး ကြိုဆိုပေလိမ့်မည်။ ကြွရောက်ရှုစားပါ ဝယ်လှည့်ပါဟု ဈေးခေါ် ဖိတ်ကြားပေလိမ့်မည်။ ခုတော့ ဤသို့မဟုတ်ပေ။ ကျွန်တော်က သူ့ဘန်းထဲမှ ဘိနပ်အရံကောက်ကိုင်လိုက်တော့မှ ပျာပျာ သလဲ ဖြစ်လာပြီး . . . .

'ဘယ်လိုအမျိုး လိုချင်ပါလို့လဲခင်ဗျား. . . .'

'မင်းဖိနပ်တွေက အမျိုးအစားညံ့တယ်ကွ. . . .'

'အမျိုးအစားတော့ မညံ့ပါဘူးခင်ဗျာ၊ နာမည် မရသေးတဲ့ တံဆိပ်တွေမို့လို့ပါ။ အမျိုးအစားကတော့ နာမည် အကြီးဆုံးတွေနဲ့ ပြိုင်နိုင်ပါတယ်။ ကြည့်ပါလား ခင်ဗျာ. . . .'

သူသည် ပြောပြောဆိုဆို ဖိနပ်တစ်ရံကို ကောက်ယူပြီး ကော့ပြ ကွေးပြ ရိုက်ခတ်ပြလေသည်။ ကျွန်တော်သည် သူ၏ ချက်ကျသောစကားနှင့် သွက်လက်ချက်ချာသော အမူအရာများကို နှစ်သက်မိပေ၏။

'မင်းဆိုင်က ဘာဖြစ်လို့ နာမည်ရပြီးသားတံဆိပ်နဲ့ ဖိနပ်တွေကို မထားသလဲကွ. . . .'

သူသည် အရှေ့ဘက်သို့ စိုးရိမ်စွာ လှမ်းကြည့်ပြီး ကျွန်တော့်စကားကို မကြားသလိုနေလိုက်လေသည်။ ဘတ်စကားသံတွေမှာလည်း ဆူညံပြီး အသံတကာကို လွှမ်းမိုးနေ၏။ အတန်ကြာမှ အရှေ့ဘက်ဆီသို့ စိုးရိမ်စွာ မျှော်ကြည့်နေသော မျက်လုံးများကို ကျွန်တော့်ဆီသို့ လွှဲယူလိုက်ပြန်ပြီး. . . .

'ဘာတဲ့ဆရာ. . . .'

'မင်းဆိုင်က ဘာဖြစ်လို့ နာမည်ရပြီးသား တံဆိပ်နဲ့ ဖိနပ်တွေကို မထားတာလဲလို့ မေးနေတယ်'

www.foreverspace.com.mm
http://www.cherrythitsar.org


'ဆရာကြီးရဲ့ ကိစ္စက စီးပွားရေးသဘောတရား တစ်ခု ဖြစ်နေလို့ အကျယ်ရှင်းပြဖို့လိုပါတယ်။ ဆရာကြီးမှာ အချိန် ရမယ်မထင်ပါဘူး။ ဒီတော့လိုရင်းအစီရင်ခံပါမယ်။ တံဆိပ်ဟာ အမည်သညာသာဖြစ်ပါတယ်။ နှင်းဆီပန်းဟာ ဘယ်နာမည် နဲ့ ခေါ်ခေါ် မွှေးမှာလှမှာတော့ အမှန်ပဲဆိုတာလို ကျွန် တော်ရောင်းချနေတဲ့ ဖိနပ်တွေဟာ ဘယ်တံဆိပ် တပ်တပ် အကောင်းချည်းဖြစ်ပါတယ်'

ကျွန်တော်က ပြုံးမိလေသည်။ ဒီလိုလမ်းပေါ်က အနုပ် စုတ်ဂုတ်စုတ် ဈေးသည်ကလေးထံမှ ဤမျှ တောက်ပြောင် ဝင်းလက်သော စကားမျိုး ကြားရလိမ့်မည်ဟု ဘယ်တုန်းက မှ မထင်မိခဲ့ချေ။

'မင်းပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒို့ဈေး ဝယ်တွေဘက်က ကြည့်ရင်၊ တံဆိပ်က အရေးကြီးနေပြန်တယ်။ ဒို့မှာ အမျိုးအစား ကောင်းမကောင်း အလွယ်တကူ သိနိုင်စွမ်း မရှိကြဘူး။ ဒါ့ကြောင့် နာမည်ရပြီးသား၊ လူကြိုက်များပြီးသား တံဆိပ်ကို ရွေးကြရတာပဲ'

သူသည် အရှေ့ဘက်ဆီသို့ စိုးရိမ်ကြောင့်ကြစွာနှင့် ကြည့် နေရာမှပင် လေသံခပ်ပြတ်ပြတ်ဖြင့်-

'နာမည်ကြီး တံဆိပ်လိုချင်ရင်၊ ဆိုင်ကြီးတွေဆီ သွား ပေတော့၊ ကျွန်တော့်ဆီမှာ မရနိုင်ဘူး။ အဲဒီဟာ လိုချင်ရင် ၄ ကျပ်နဲ့ ယူသွား'

ထိုဖိနပ်မှာ ကျွန်တော်ကြိုက်သောပုံ၊ ခုံ၊ သဲကြိုးတို့နှင့် ဖြစ်ပေရာ၊ တောင်းဆိုသော ၄ကျပ်ပေးရန် ဝန်မလေးပါချေ။

www.foreverspace.com.mm
http://www.cherrythitsar.org


ထို့ပြင် အခြားဆိုင်မှ တန်းတူ အမျိုးအစားများနှင့် ယှဉ် သော်ဈေးချိုသည်ဟုပင် တွက်မိလေသည်။ ထို့ကြောင့် ဝယ်တော့မည်လုပ်နေဆဲ၊ ဈေးတန်းတစ်တန်းလုံးရုတ်ရုတ်သဲသဲ ဖြစ်လာသည်ကို တွေ့ရလေ၏။ ရုတ်ရုတ်သဲသဲ ဖြစ်လာခြင်း သည် မဂိုလမ်းဘက်မှ စလာဟန်ရှိပြီး လျင်မြန်စွာ သိမ်ကြီး ဈေးဘက်သို့ ကူးစက်သွားလေသည်။

'လာနေပြီဟေ့'

'လာပြီဟေ့'

'သိမ်းကြ-သိမ်းကြ'

'ပြေးကြ ပြေးကြ'

အချက်ပေးကြ၊ လှမ်းပြောကြခြင်းဖြင့် ခဏချင်းပင် သိမ်းငှက်ကြီး ထိုးဆင်းစဉ် ကြက်ကလေးများ ပြေးလွှားပုန်း ကွယ်ကြသကဲ့သို့ ဗျတ်ရွက်-ဘန်းထိုး ဈေးသည်အပေါင်း သည် ဆိုင်များကို ရုတ်သိမ်းကြလေသည်။ ရုတ်သိမ်းပြီး ဆိုင် ကလေးများကို တိုက်ကြိုတိုက်ကြား ဆိုင်ကြီး ကနားကြီး နောက်ကွယ်များတွင် ပြေးဝှက်ကြလေသည်။

ထိုအခါမှ ကျွန်တော်သည် ဖိနပ်ပိုလို့ နှစ်သက်ပြီး. . . .

'ကဲ-မင်းတောင်းတဲ့ဈေးနဲ့ ငါယူမယ်ဟေ့'

'ယူ-ယူ'

သူသည် ပြောပြောဆိုဆို ခင်းထားသော ဘိနပ်ဘန်းကို သိမ်းရန် ဟန်ပြင်လေသည်။ ကျွန်တော်က ၅ ကျပ်တန်တစ်ချပ် ထုတ်ပေးနေစဉ် သူသည် အမ်းရန် အနုပ်မရှိသဖြင့် အ ခက်အခဲတွေ့နေလေသည်။ ထိုခဏ၌ မိန်းမတစ်ယောက်သည်

www.foreverspace.com.mm
http://www.cherrythitsar.org


အပြေးရောက်လာပြီး. . . .

'ကိုထွန်းခင် ဘာလုပ်နေတာလဲ၊ ဆိုင်ကို သိမ်းလေ၊ စောစောကလဲ သတိပေးထားရက်သားနဲ့'

ထိုမိန်းမသည် ဘိနပ်တွေကို ပွေ့ယူကာ ကိုထွန်းခင် ထိုင်နေသော ထင်ရှူးသေတ္တာထဲသို့ ထည့်လေ၏။ ပါးစပ်မှလည်း

'စောက် . . . ပုလိပ်တွေကလည်း စနေနေ့လည်း ကောင်းကောင်း မရောင်းရဘူး၊ ခါတိုင်းစနေနေ့ဆို မလာပေါင်တော်။ ခုတော့ လွန်ပဲလွန်လွန်းတယ်'

ကိုထွန်းခင်သည် ကျွန်တော့်အား အားနာသော မျက်နှာဖြင့်။

'ဆရာကြီး ခဏနေဦးနော်. . . . ကျွန်တော် တစ်ကျပ် ပြန်အမ်းပါ့မယ်'

သည်တော့မှ ထိုမိန်းမသည် ကျွန်တော့်အား မော့ကြည့်လိုက်သည်။ ကျွန်တော်သည် သူမအား အကျွမ်းတဝင်ပင် မြင်ဖူးသည်ထင်၏။ သို့သော် ရုတ်တရက်အားဖြင့် ဘယ်တုန်းက ဘာကိစ္စနှင့်ပတ်သက်၍ မြင်ဖူး တွေ့ဖူးသည်ကို သတိမရ ဖြစ်နေလေသည်။ ထိုအခိုက် မြူနီစီပါယ် လော်ရီကားကြီးသည် သူတို့ရှေ့မှာ ထိုးရပ်လိုက်၏။ လော်ရီကားပေါ်မှ ပုလိပ်များလည်း စက်မရပ်မီပင် ခုန်ဆင်းလာကြလေသည်။ ထွန်းခင်တို့ကား ဆိုင်ကို အပြီးသိမ်းရန် အချိန်မရ လိုက်တော့ပြီ။ ပုလိပ်တို့က ဈေးဘန်း၊ ဘိနပ် ထည့်ထားသော ထင်းရှူးသေတ္တာနှင့် ဘန်းတင်သည့် ခုံအလုံးစုံကို ဖမ်းယူ သိမ်းဆီးကာ လော်ရီကားပေါ်သို့တင်လေသည်။ ထွန်းခင်နှင့် ထိုမိန်းမကား ဤကိစ္စများတွင် အရေထူကြပြီး ဖြစ်ဟန်ရှိသည်။

http://www.cherrythitsar.org
www.foreverspace.com.mm


အေးအေးဆေးဆေးပင် ကြံစည်တိုင်ပင်နေကြလေသည်။ သူတို့ ပြောဆိုနေသော စကား အစုံအလင်ကို မကြားရသော်လည်း နောက်ဆုံး၌ ထွန်းခင်က. . . .

'ငွေစိန် ကောင်းမယ်ထင်သလို ကြည့်လုပ်လိုက်ပေါ့ကွာ' ဟူသော စကားကိုကား ပြတ်သားစွာ ကြားရလေသည်။

သူတို့ ပြောဆိုတိုင်ပင်ပြီးနောက် ထွန်းခင်က ကျွန်တော့်အား အားနာစွာလှည့်ကြည့်သည်။ ငွေစိန်က ထွန်းခင်နှင့်အတူရောကာ ကျွန်တော့်အား တောင်းပန်သည့်သဘောနှင့် ပြုံးကြည့်လိုက်လေသည်။ သို့သော်အပြုံးမှာ လျှပ်စီးလက်သလိုသာရှိလေသည်။ ကျွန်တော့်အား သတိရသွားလေဟန်ရှိ၏။ ငြိမ်ကျသွားသော မျက်နှာကို ငုံ့ပြီး လက်မကိုကိုက်လျက်နေလေသည်။ ထွန်းခင်က ကျွန်တော်ထံလာယင်းမငွေစိန်အား-

'ကဲ-သွား. . . .၊ ပြီးအောင်လုပ်လိုက်ဦး'

ငွေစိန်သည် ပုလိပ်များထံသို့ မျက်နှာချိုသွေး၍ ချဉ်းကပ်သွားလေ၏။ သူမသည် အသက်အစိတ်ထက် မကျော်သေးသော အရွယ်မှာရှိသည်။ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားလှပပြီး မျက်နှာမှာ အဆင်ပြေသည်။ အဝတ်အဆင်ကား တောက်ပြောင်ဆန်းပြားခြင်းမရှိသော်လည်း ခေတ်မှီသည်။ သူမကို မြင်ဖူးသလိုလိုရှိသည်ဟု ထင်မိကတည်းက ကောင်းစွာသတိရရန် ကြိုးစားခဲ့သည်။ မြူနီစီပါယ် ပုလိပ်များထံသို့ 'ပြီးအောင်လုပ်ရန်' ချဉ်းကပ်သွားသောအခါမှ သူမကို ဘယ်တုန်းက ဘယ်ကိစ္စနှင့် ပတ်သက်၍ တွေ့ဖူးကြောင်း ကောင်းစွာ သတိရလေတော့သည်။ ကျွန်တော်တို့တွေ့ဖူးကြသည့် ကိစ္စများကို ပြန်လည်တွေးတောယင်း ငေးမောနေမိ

http://www.cherrythitsar.org

www.foreverspace.com.mm



ရာ၊ အနားသို့ ထွန်းခင်ကပ်လာသည်ကိုပင် အမှတ်မထားမိတော့ချေ။ ငွေတစ်ကျပ် ပြန်ရရန် အတွက်လည်း သတိမရတော့ချေ။

(၂)

ကျွန်တော်သည် အမှုသည်အား အိမ်မှာလက်ခံ စကားပြောသူမဟုတ်ချေ။ သူငယ်ချင်း မိတ်ဆွေပင် ဖြစ်လင့်ကစားရုံးအမှုနှင့် ပတ်သက်လာလျှင် ကျွန်တော့်အလုပ်ခန်းမှာသာလက်ခံစကားပြောလေ့ ရှိပေသည်။

ရုံးအားသော တစ်နေ့သ၌ ကျွန်တော့် နေအိမ်စာဖတ်ခန်းတွင် အင်္ဂလန်မှ ပူပူနွေးနွေး ဆိုက်ရောက်လာသော ဥပဒေဂျာနယ်တစ်စောင် ဖတ်နေခိုက် အစေခံကောင်လေးက အိမ်ရှေ့မှာမိန်းမငည့်သည် တစ်ယောက် ရောက်နေသည်ဆိုသဖြင့် ထွက်လာခဲ့ရာ ထွန်းခင်က ငွေစိန်ဟု ခေါ်လိုက်သော အဆိုပါမိန်းမကို တွေ့မြင်ရလေသတည်း။

ငွေစိန်သည် ဆံပင်ကို တစ်ပတ်လျှိုနောက်တွဲထုံးထား၏။ မျက်နှာချေကို ထူစွာလိမ်း၍ ပေါင်ဒါဖြင့် မှုန်းထားသော်လည်း ပူပင်သောကကိုကား ဖုံးမထားနိုင်။ မျက်ခုံးမွေးမဆွဲ နှုတ်ခမ်းနီမဆိုးထားသဖြင့် အလှပြင်သည်ဟု မဆိုနိုင်။ ကြည့်ပျော်ရှုပျော်သာ ပြုပြင်ထားသည်ဟု ဆိုရပေမည်။ ငွေစိန်၏ အဝတ်အစားမှာလည်း ညစ်ပတ်သည် မဟုတ်သော်လည်း ဟောင်းရိနေပြီကိုကား တွေ့နိုင်၏။ အထူးသဖြင့် အင်္ကျီလက်ပြတ်မှာအသစ်ချုပ်ထားခြင်းမဟုတ်ဘဲ၊ လက်ရှည်အဟောင်းကို ဖြတ်ထားခြင်းသာဖြစ်ကြောင်းနှင့် ဘယ်ဘက်လက် အနားသပ်

http://www.cherrythitsar.org

www.foreverspace.com.mm



အပေါ်၌ အစုတ်ကလေးရှိကြောင်းကို ကျွန်တော် သတိထားလိုက်မိပေသည်။

ကျွန်တော်သည် ငွေစိန်အား ကုလားထိုင် မပေး။ ကျွန်တော်ကိုယ်တိုင်လည်း မထိုင်ဘဲ. . . .

'ဘာကိစ္စလဲ'ဟု ခင်မာမာမေးလိုက်သည်။

ရှို့ရှို့ကလေးရပ်နေသော ငွေစိန်သည် လက်ထဲက ဖဲထီးကလေးကို နံရံမှာ ထောင်ထားလိုက်ရင်း . . . .

'ဝတ်လုံတော်ရမင်းဆီ အမှုတစ်ခုအပ်ချင်လို့ပါရှင်'

'အင်း အမှုကိစ္စဆိုရင် မနက်ဖြန်ခါ ညနေ ၄ နာရီမှာ အလုပ်တိုက်ကို လာခဲ့၊ ကဲ. . . . သွားတော့'

ငွေစိန်သည် ရပ်မြဲရပ်နေသည်။

'သွားတော့လေ'

'ကျွန်မယောက်ျား . . . .'

'အေး ဘယ်သူဘာဖြစ်နေနေ အမှုကိစ္စဆိုရင် အလုပ်ခန်းမှာ စကားပြောမယ်။ အလုပ်ခန်းနေရာ သိတယ်မဟုတ်လား'

'မသိဘူးရှင့်. . . . ကျွန်မတို့က ဒီအရပ်ထဲမှာနေလို့'

'အေး. . . . ဘယ်မှာနေနေ. . . . အလုပ်ခန်းကိုလာမှ အမှုကိစ္စ စကားပြောနိုင်တယ်. . . .'

ထိုသို့ပြောပြီးနောက် ကျွန်တော် အလုပ်ခန်းသို့ သူမသွားလာတတ်အောင် လိပ်စာနှင့်တကွ အထားအသိုပါ ဖော်ပြညွှန်ကြားပေးလိုက်လေသည်။

ငွေစိန်သည် ထီးကလေးကိုဆွဲယူပြီး ထွက်သွားလေ၏။ ဖဲထီးမှာ ကိုင်းတံတစ်ချောင်းကျိုးနေသည်ကိုလည်း ကျွန်တော်

http://www.cherrythitsar.org

www.foreverspace.com.mm



မြင်လိုက်မိလေသည်။

နောက်တစ်နေ့ညနေ ၄ နာရီသာသာတွင် ကျွန်တော့်အလုပ်ခန်းသို့ ငွေစိန်သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။ သူမ၏အမူအရာမှာ မနေ့ကနှင့်စာသော် တော်တော်ပြောင်းနေ၏။ ဆံပင်ကို ဖွာချထားသည်။ မျက်ခုံးမွေးဆွဲပြီး နှုတ်ခမ်းနီ ဆိုးထားသည်။ အပွင့်ထိုး နိုင်လွန်လက်ပြတ်အင်္ကျီသစ်ကို စတိုင်ကျကျ ဝတ်ထားသည်။ တိုဘရယ်ကိုးလုံချည်မှာ အဖိုးတန်ထဲက မဟုတ်သော်လည်း အဆင်လှသည်။ ခုံမြင့်ဘိနပ်ကိုလည်း စီးထား၏။

ကုလားထိုင်ကို ညွှန်ပြရင်း . . . . ကျွန်တော်က ညင်သာစွာဖြင့် . . . .

'ထိုင်ပေ့ . . . . သူငယ်မ၊ ထိုင်ကွယ်. . . .'

ကျွန်တော်ကား . . . . အလုပ်ခန်းရောက်၍ အမှုသည်နှင့် ဆက်ဆံရသောအခါ ရောင်းသူနှင့် ဝယ်သူသဘော ညက်ညောအောင် ဆက်ဆံတတ်လေသည်။ ကျွန်တော်၏ ညက်ညောသော ဆက်ဆံမှုကြောင့် သူမသည် အားတက်သွားဟန်တူသည်။ သူမထိုင်ပြီးသည်နှင့် တပြိုင်နက် . . . .

'ကဲ. . . သူငယ်မ အမှုက ဘယ်လိုလဲ . . . မင့်ယောကျ်ား ဘာဖြစ်သလဲ. . . .'

'ကျွန်မယောကျ်ားမှာ မဟုတ်ဘဲနဲ့ ခိုးရာပါ ပစ္စည်း လက်ခံမှုနဲ့ အချုပ်ခံထားရပါတယ်၊ ဝတ်လုံတော်ရမင်းရဲ့'

သူမ၏ ယောကျ်ားမှာ ဈေးသည်ကလေးဖြစ်သည်ဟု ဆိုသည်။ သိမ်ကြီးဈေးတဝိုက်တွင် ကျက်စားနေသော ခါး

http://www.cherrythitsar.org
www.foreverspace.com.mm


ပိုက်နိုက်ဂိုဏ်းတစ်ဂိုဏ်းသည် အခါများစွာ သူမ၏ယောက်ျားက သူတို့၏ အစာကို ဟန့်သည်ဟု ယူဆပြီး အငြိုးထားလေသည်။ တစ်ခါသော် ငွေနှင့်ရွှေပါသော မိန်းမလက်ကိုင်အိတ်တစ်လုံးကို ဆွဲလုလာပြီး ရှမ်းလွယ်အိတ်မှာထည့်၍ သူမ၏ ယောက်ျားထံသို့ ယူလာလေသည်။ ထိုရှမ်းလွယ်အိတ်ကို ခဏလေးပါဆို၍ အပ်ထားခဲ့ပြီးနောက် ထိုခါးပိုက်နိုက် အလစ်သမားသည် အဖမ်းခံရသည်။ ခိုးထုပ် ခိုးထည်ကို သိမ်းထားမိသော သူ့ယောက်ျားလည်း အဖမ်းခံရလေသည်။

ကျွန်တော်သည် အမှုသွားအမှုလာကို အကျယ်မဆွေးနွေးဘဲ ဤမျှသိရုံဖြင့်ပင် အမှုစျေးဖြတ်နိုင်ပြီဖြစ်၍ သူမအားမေးလိုက်သည်။

'ဒို့ရှေ့နေဆိုတာ မှန်တာမှားတာအပထားပြီး အမှုငှားသူဘက်က အနိုင်ရအောင် သို့မဟုတ် သက်သာအောင် ကြိုးစားဆောင်ရွက်ရတာပဲကွဲ့'

'အားကိုးပါတယ်. . . . ဝတ်လုံတော်ရမင်းရယ်'

'အေး. . . . အားကိုးတာက အရေးမကြီးဘူး၊ တောင်းတဲ့စျေးပေးနိုင်မပေးနိုင်က အရေးကြီးတယ်၊ သိတဲ့အတိုင်း ဒို့က ဝတ်လုံတော်ရရှေ့နေဆိုတော့ စျေးကြီးတယ်'

'သိပါတယ် ဝတ်လုံတော်ရမင်းရဲ့ . . .။ဝတ်လုံတော်ရမင်းလိုက်ရင်တော့ ကျွန်မယောက်ျား အာမခံလည်းရမယ်၊ လွတ်လည်း လွတ်မယ်ဆိုတာသိလို့ လာတာပါ'

'မင်းယောက်ျား တစ်နေ့ဝင်ငွေ ဘယ်လောက်ရှိသလဲ'

'ငါးကျပ်၊ ခြောက်ကျပ်ရှိပါတယ်'

'မင်းကကောအလုပ်လုပ်သေးသလား ကလေးတွေနဲ့လား'

www.foreverspace.com.mm


'ကျွန်မ ကလေး မရှိပါဘူး'

'အင်း- ကလေးရှိမယ်တော့ မထင်ပါဘူး။ အလုပ်ကော'

'အလုပ်က ရှိတဲ့အခါ လုပ်တာပဲ။ ခုတော့ ဘာအလုပ်မှ မလုပ်နိုင်ပါဘူး၊ ဝတ်လုံတော်ရမင်းရယ်. . . .၊ သူ့ကို ကူညီရောင်းချပေးတာနှင့် ထမင်းချက်ရတာနှင့် ပြီးတာပါပဲ. . . .'

'အင်း. . . . ဒီလိုဆိုရင် တောင်းတဲ့ဈေး ပေးနိုင်မယ် မထင်ဘူး၊ ကဲ. . . . တတိယတန်း၊ ဒုတိယတန်း၊ ရှေ့နေတွေ ဆီ သွားပေတော့. . . .'

'ဘယ်လောက်များမို့လို့ပါလဲ ဝတ်လုံတော်ရမင်းရယ်'

ကျွန်တော်သည် မေးကိုမော့၍ လည်ပင်းကို လက်နှင့် ကုတ်ခြစ်ရင်း ရှေ့နေခကို တွက်လိုက်သည်။ သူမသည် မျက်စိသူငယ်နှင့် ကျွန်တော့်အား စိုက်ကြည့်နေသည်။ သူမ၏ မျက်စိများမှာ ဝိုင်းစက်လှပ၍ အေးမြကြ၏။

'အင်း အခုအပ်ချိန်မှာ ငွေတစ်ရာပေးရမယ်၊ နောက်အမှုပြီးခါနီးမှာ တစ်ရာထပ်ပေးရမယ်'

သူမသည် မျက်စိ သူငယ်နှင့် ကျွန်တော့်အား ငေးကြည့်နေရာမှ ဘေးပတ်လည်ကို လူသူလေးပါး အကဲခတ်သည့်သဘောဖြင့် လှည့်ကြည့်နေလေသည်။ အနားတွင် မည်သူမျှ မရှိပေ။ နောက် မျက်စိ ပေကလပ် ပေကလပ်လုပ်ပြီး နှုတ်ခမ်းကို ကိုက်နေသည်။

ကျွန်တော်က စားပွဲကို ဒူးနှင့်တွန်းပြီး ကုလားထိုင်ကို နောက်ယိမ်းသွားအောင် ထိုင်လိုက်ပြီး-

'ဘယ့်နှယ်လဲ သူငယ်မ ပေးနိုင်ပါ့မလား' သူမသည်

www.foreverspace.com.mm
http://www.cherrythitsar.org


သက်ပြင်းကြီး ချလိုက်ပြီး။

'ငွေတော့ မပေးနိုင်ပါဘူးရှင် အပဟမ်း ကျွန်မဆီက ဝတ်လုံတော်ရမင်း လိုချင်တာ စိတ်ရှိလက်ရှိယူပါ'

ကျွန်တော်ကား ရင်ထဲမှာ ဒိတ်ခနဲနေအောင် အံ့အားသင့်သွားလေသည်။ ဒီလိုရှေ့နေခမျိုးကို လုံးဝမမျှော်လင့်ခဲ့ပေ။ စားပွဲကို တွန်းထားသော ဒူးများကို ချလိုက်ရာ၊ ကြွနေသော ကုလားထိုင် ရှေ့ခြေနှစ်ချောင်းသည် ကြမ်းပြင်ပေါ်သို့ ဒိန်းခနဲကျသွားလေသည်။

'ဟေ့ နင်ငါ့ကို ဘယ်လိုရှေ့နေမျိုးမှတ်လို့လဲ၊ သွား သွား ငါ့ဆီ ဘယ်တော့မှမလာနှင့် သွား ခုထွက်သွား'ဟု အော်ကြီးဟစ်ကြီး ငေါက်လေသည်။ ထိုတွင် ငွေစိန်သည် စားပွဲပေါ်မှာ မျက်နှာမှောက်ပြီး သည်းထန်စွာ ရှိုက်၍ ရှိုက်၍ ငိုချလိုက်လေ၏။

ယင်းကဲ့သို့ ငိုလိုက်ခြင်းအတွက် ကျွန်တော့်မှာ စိတ်ရှုပ်သွားလေသည်။ အကယ်တိ လမ်းပေါ်က မိန်းမရှုပ်တစ်ယောက်ဖြစ်ဘိမူ၊ ကျွန်တော်၏ ငြင်းပယ်ချက်ကို အပြုံးမပျက်ဘဲ လက်ခံကာ ထွက်ခွာသွားပေလိမ့်မည်။ အခြားတစ်နေရာမှာ ကိုယ်နှင့် ရင်းနှီးပြီး ရှေ့နေကြီး တစ်ယောက်ကို ရှာပေလိမ့်မည်။ ယခုမူကား ကျွန်တော် ငြင်းချက်ကြောင့် အရှက်ကြီးရပြီး ချုံးချကာ ငိုနေချေပြီတကား။

'ဟေ့ သူငယ်မ ငိုမနေနှင့် ငါက ငွေသားနှင့် ချေမှ ကျေနပ်တဲ့ရှေ့နေ၊ မင်းဆီကလဲ ငါဘာမှမလိုချင်ဘူး။ ကဲကဲ သွားပေတော့ ငိုမနေနှင့်'

သူမသည် သန္နိဋ္ဌာန်ဖြင့် အငိုတိတ်ပစ်လိုက်သည်။ အငို

www.foreverspace.com.mm

http://www.cherrythitsar.org



တိတ်သော်လည်း အရှိုက်ပင်မကျန်ရစ် မျက်ရည်ကို သုတ်ပြီး ကျွန်တော့်အား တချက်မော့ကြည့်လိုက်သည်။ သူမ၏မျက်နှာကား တင်းမာနေ၏။ ရှက်ကြောက်မှုလည်း အရိပ်မထင်။ ရိုသေကိုင်းရှိုင်းမှုလည်း မမြင်ရ။

ထိုအခါ ကျွန်တော် တစ်မျိုး လှည့်တွေးလိုက်ပြန်သည်။ လမ်းပေါ်က အရှုပ်မကလေးမို့ ငါသနားသွားအောင် မူယာဆောင်၍ ငိုပြခြင်းများ ဖြစ်နေလေသလော။ ခါးပိုက်နှိုက် အလစ်သမားတွေနှင့် အမှုပတ်တဲ့ လင်တော်မောင်ကကော သူပြောသလို လူရိုးလူကောင်း ဖြစ်နိုင်ပါ့မလား။ အို ဒီအရှုပ်ကြားတွေမှာ ညပ်ပါမသွားအောင် ရှန်းထွက်လေမှ တော်တော့မည်။ သို့သော် ကျွန်တော်က တစ်စုံတစ်ရာ ထပ်မပြောရသေးမီပင် သူမက၊

'ကျမလင် လွတ်ဖို့သည့်ပြင်နည်း မရှိလို့ ကြံမိကြံရာ ကြံတာပါ။ ဝတ်လုံတော်ရမင်းရယ်၊ ငွေတော့ဖြင့် ဘယ်နည်းနှင့်မှ ရှာနိုင်ဖို့မမြင်ပါဘူး။ ဒါပါပဲ။ ကျမ သွားပါ တော့မယ်'

'အေး-အေး သွားပေရော့၊ ငါကတော့ ငွေဆို ငွေနှင့်မှပဲ။ တို့က ဒီအလုပ်နှင့် အသက်မွေးဝမ်းကြောင်းရတာဆိုတော့ အလကားလဲ လိုက်မပေးနိုင်ဘူးကွဲ့။ ဒါကို မင်းနားတော့ လည်စေချင်တယ်'

ငွေစိန်သည် ထိုင်ရာမှထရင်း၊ မာနရောင်လက်နေသော မျက်လုံးများကို ကျွန်တော့်မျက်နှာ တည့်တည့်တွင် စူးစိုက်ထားရင်း အံကြိတ်၍-

'နားလည်ပါတယ်ရှင်။ ကျမကိုလဲ နားလည်စေချင်တယ်' ဟု ပြောပြောဆိုဆို ခုံမြင့်ဖိနပ် တဒေါက်ဒေါက်စီး၍ ထွက်

www.foreverspace.com.mm
http://www.cherrythitsar.org



သွားလေသည်။

သူ၏ မျက်လုံးများမှ လွတ်လိုက်သော မာနရောင်များ သည် ကျွန်တော့် အသဲနှလုံးထဲသို့ပင် ထိုးဖောက် ထွန်းလင်းသွားလေသည်။ နောက်ဆုံး သူမပြောဆိုသွားသော 'ကျမကိုလဲ နားလည်စေချင်ပါတယ်' ဟူသော စကားသည် ကျွန်တော့်နားတွင်းမှာ အကြိမ်ကြိမ် ပဲ့တင်ခတ်နေလေတော့ သည်။

အကယ်စင်စစ် ကျွန်တော်သည် လူပျိုကြီးပင် ဖြစ်သော် လည်း မိန်းမဟူသမျှ ရှောင်ရှားနေသူမဟုတ်ပါ။ အလွန်အကျွံ မဟုတ်စေကာမူ ရောဂါနှင့် အခြားဘေးအန္တရာယ်လွတ် ကင်းပြီး ရှုပ်ရှုပ် ထွေးထွေးမရှိလျှင်၊ အားလည်းအားမည်ဆိုလျှင် အပျော်အပါး လိုက်တတ်ပေသည်။ သို့သော် . . . . ဝတ် လုံတော်ရရှေ့နေဟူသော အလုပ်နှင့် ဂုဏ်ပုဒ်များကို ထိခိုက် စေသော အပျော်အပါး လိုက်စားမှုကိုကား အထူး ထား၍ ရှောင်ရှားပေသည်။ ကာယကံရှင်က သဘောတူကြည်ဖြူ သည်ဖြစ်စေ သဘောမတူ မကြည်ဖြူသည်ဖြစ်စေ ရှေ့နေခ အဖြစ်ဖြင့် ကာမကို ခံယူသည်ဆိုလျှင် ရှေ့နေဟူသော အလုပ်နှင့် ဂုဏ်ပုဒ်ကို မစင်ထဲ ဆွဲနှစ်သည်ထက် ဆိုးပေလိမ့်ဦးမည်။

သည်ဟာကို ငွေစိန်အား နားလည်စေလိုသဖြင့် ငွေသားမှတပါး ဘာမျှလက်မခံနိုင်ဟု ပြောခဲ့ရခြင်း ဖြစ်သည်။ ငွေစိန် ကနားလည်ပါသည်ဟု ပြောသွား၏။ သူမအားလည်းနားလည် စေချင်ပါသည်ဟု ချက်ပိုင်ပိုင် ခွပ်သွားသေး၏။ သူမကိုတော့ ကျွန်တော် ကောင်းစွာ နားမလည်ပါ။

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော် နားမလည်နိုင်သော ငွေစိန်

လင်ကို ကယ်တင်ရန် ကြံမိကြံရာ ကြံသော ငွေစိန်လော

မူရာမာယာများသော လမ်းပေါ်က မိန်းမရှုပ် ငွေစိန်လော

ထိုငွေစိန်ကို ပြန်တွေ့ရန် မမျှော်လင့်ခဲ့။ တွေ့မည့် တွေ့တော့ အမှုသစ်တစ်မှုဖြစ်ပွားနေဆဲတွင် တွေ့နေရပြန်လေသည်။

ငွေစိန်သည် မြူနီစီပါယ်လော်လီကားကြီးပေါ်သို့ တက်သွားလေသည်။ ထိုခဏ၌ မြူနီစီပါယ်မြို့တော်ဝန်နှင့် မင်းကြီးတို့၏ ကားများသည် ဖြတ်မောင်းသွားလေသည်။

ထွန်းခင်က ဖြစ်သမျှကို ကြောင်ကြည့်လျက် စိတ်တွင်းမှာကား အတိတ်ဆောင်နေသော ကျွန်တော့်အား-

'ဆရာကြီးရဲ့ အဲဒီလူကြီးတွေက ဖမ်းရမယ်ဆိုလို့ ဒီ နေ့ စနေနေ့ အထူးဖမ်းတာ။ ခါတိုင်းဆိုရင် စနေနေ့ည နေနှင့် တနင်္ဂနွေနေ့မှာ အဖမ်းအဆီးမရှိဘူး။ ဖမ်းနိုင်မှ လမ်း ပေါ်မှာ နေပြီး လမ်းပေါ်မှာ အလုပ်လုပ်နေရတဲ့ ကျွန်တော် တို့တစ်တွေ ရှင်းမယ်လို့ ထင်ကြတာကိုး၊ စင်စစ်မှာတော့ ကျွန် တော်တို့က ဒီလိုအလုပ်မျိုးကို မလုပ်ချင်ပါဘူး၊ သည့်ပြင် အ လုပ်သာ ရှာပေးရင် လမ်းပေါ်က ကျွန်တော်တို့တစ်တွေ ရှင်းကုန်မှာပါပဲ'

'ခုနင်က ဖိနပ်တန်းကို တန်းသွားပြီး လော်ရီကားပေါ် တက်လိုက်သွားတာက ဘယ်သူလဲ. . . .'

ကျွန်တော့်မိန်းမပါခင်ဗျာ။ ကျွန်တော်က ရုံးတို့ ဂါတ်တို့ ထောင်တို့ စာရေးစာချီ ရှေ့နေရှေ့ရပ်တွေနှင့် မဆက်ဆံချင်ဘူး ခင်ဗျ။ သို့ပေမဲ့ ဖြစ်လိုက်မှဖြင့်လဲ ရုံးကိစ္စ ဂါတ်ကိစ္စချည်းပဲဗျ။ ကျွန်တော့် မိန်းမရှိပေလို့သာပေါ့ဗျာ။ သူက ဒီလူတွေနှင့် ဆက်ဆံ

http://www.cherrythitsar.org

www.foreverspace.com.mm



တတ်တယ်။ ကြံတတ်ဖန်တတ်တယ်။ သြော် ဒါထက် ဆရာကြီးကို ငွေတစ်ကျပ် ပြန်မအမ်းရသေးဘူး။ ကဲ ဆရာကြီးရယ် ဟိုနားက ဒိန်ချဉ်အေးဆိုင်မှာ သွားသောက်ရ အောင် အင်မတန် ကိုယ်တွင်းအေးပါတယ်။ ကျွန်တော်ကပဲ တိုက်ပါရစေ။ အနုပ်လဲရအောင်ဆရာကြီးရဲ့. . . . '

ယခုအချိန်တွင် ကျွန်တော်သည် သူတို့အကြောင်းတွင် များစွာ စိတ်ဝင်စားနေလေပြီ။ ဒိန်ချဉ်အေးကိုလည်း ကြိုက်တတ်သည်ဖြစ်ရကား-

'ကောင်းသားပဲ ဒါပေမဲ့ ကိုယ်က အတိုက်ဖြစ်ရမယ်'

'ဟာ. . . . ဘယ်ဟုတ်မှာလဲဆရာကြီး ကျွန်တော့်ဆီလာပြီး ဈေးဝယ်တဲ့ကျွန်တော့် ဧည့်သည်ပဲဟာဗျာ'

ဒိန်ချဉ်အေးဆိုင်တွင် ထိုင်မိကြသောအခါ ကျွန်တော်က

'အဖမ်းမခံရအောင် ပိုက်ဆံကလေး ဘာကလေး ဆို့မထားဘူးလား'

'ဘယ်နေမှာလဲဆရာ၊ ဆို့ရတာပေါ့။ ဆို့ပေတဲ့လဲ သူတို့မှာလဲ မနေသာတော့ ဖမ်းရတာပေါ့။ သို့ပေမဲ့ ဆို့ထားတော့ အကြိမ်ကြိမ်ဖမ်းမဲ့အစား တစ်ကြိမ်နှစ်ကြိမ်သာ ဖမ်းတာပေါ့. . . . '

'ဘယ်လိုပေးရသလဲ'

သူသည် ဒိန်ချဉ်အေးဆိုင်ကုလားကို လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်ပြီးနောက်။

'ကျွန်တော်တော့ တစ်လကို နှစ်ကျပ်ပေးရတယ်။ တချို့ဆိုင်တွေတော့ သုံးကျပ်ပေးရတယ်။ မြူနီစီပါယ်ပုလိပ်ကို တိုက်ရိုက်ပေးရတာလဲရှိတယ်။ သူတို့ကိုယ်စားလှယ်တွေဆီက

www.foreverspace.com.mm
http://www.cherrythitsar.org


တစ်ဆင့်ပေးရတာလဲ ရှိတယ်'

'ဩော်. . . . သူတို့ကလဲ ကိုယ်စားလှယ်တွေနှင့်ကိုး'

'ဒီလို ဆရာကြီးရဲ့ မြူနီစီပါယ်က ဟောဒီ ဖရေဇာတစ်လျှောက် မဂိုလမ်းကနေပြီး သိမ်ကြီးဈေးအထိ ပုလိပ် ၃ ယောက် ချထားတယ်။ သူတို့အပေါ်က အိမ်ချိစီတစ်ယောက် ရှိတယ်။ အပိုင်စားနယ်သတ်ပေးထားတဲ့သဘောပေါ့ ဆရာရယ်။ ဘုမသိ ဘမသိ အပေးအကမ်းမရှိဘဲ ဗန်းလာခင်း တဲ့ ဈေးသည်သစ်တွေကို တစ်လ နှစ်ခါ သုံးခါ ဖမ်းလိုက် တယ်။ ပေးထားတဲ့ ဆိုင်တွေကိုတော့ သုံးလနေမှ တစ်ခါ လောက် ဖမ်းတာပေါ့ဆရာရယ်။ ဒီတော့ ခဏခဏ အဖမ်း ခံရတဲ့ ဈေးသည်သစ်မှာ စိတ်ညစ်လာတာပေါ့'

ကျွန်တော်က မှိန်းသောက်နေသော ဒိန်ချဉ်အေး ဖန်ခွက်ကို ချထားလိုက်ပြီး-

'အင်း. . . . စိတ်ညစ်ရပုံ ပြောပြစမ်းပါဦး'

'အဖမ်းခံရတဲ့နေ့ဟာ ဂြိုဟ်ဆိုးမွှေတာပါပဲ။ ခုအချိန်က ဖမ်းသွားရောဆရာ။ ချက်ချင်းဒဏ်တပ် ချက်ချင်းပြန် လွှတ်ရင် ကိစ္စမရှိဘူး။ နောက်တစ်နေ့ နှစ်နာရီနှင့် လေးနာရီကြားမှာမှ ရုံးချိန်းတယ်။ ကျွန်တော်တို့ သွားရတဲ့ ရုံးနာမည်ကို ဆရာ သိလား'

သူ့အမေးကို မဖြေတတ်သော ကျွန်တော်သည် အနေရ အထိုင်ရ ကြပ်နေသည်။ ကျွန်တော်သည် ရုံးတကာရှေ့တွင် ရပ်ရသောရှေ့နေဖြစ်သည်ကို သူမသိ၍သာ တော်ပေတော့၏။

'ကျွန်တော်တို့သွားရတဲ့ ရုံးက မြူနီစီပါယ်ရုံးကြီးအောက် ထပ်မှာရှိတဲ့ နဝမရာဘက်တရာသူကြီးရုံးဆရာရဲ့။ ဖမ်းတာနှင့်

www.foreverspace.com.mm



ရုံးချိန်းတာနှင့် စီရင်ချက်ချတာနှင့်ဆိုရင် အဖျင်းဆုံး တစ်ရက်နှစ်ရက်တော့ စျေးရောင်းပျက်သွားတာပဲ။ ကျွန်တော်တို့စျေးသည်တွေမှာ ဒီနေ့ရမှ ဒီနေ့စားရသူတွေဆိုတော့ တစ်လ နှစ်ကြိမ် သုံးကြိမ် ဂြိုဟ်ဆိုး အမွှေခံရတယ်ဆိုရင် စိတ်မညစ်ဘဲ နေပါ့မလား။ ဒီတော့ အဖမ်းမခံရတဲ့ နည်းကလေးရှာရတာပေါ့။ ဘေးမှာရှိတဲ့ နေသားကျပြီး စျေးသည်များကလဲ မင်းဒီလိုဆိုရင် မဖြစ်ဘူး။ သူတို့ကို ဆို့ရတယ်လို့ သင်ကြားကြတာပေါ့။ ဘယ်မှာပေးရမလဲဆိုရင် စျေးသည်ထဲမှာပဲ ပုလိပ်ထားတဲ့ ကိုယ်စားလှယ်ရှိတယ်။ ဒီတော့ အလွယ်တကူ ဆက်လို့ရတာပေါ့။ တရားသူကြီးလာဘ်ထိုးချင်စာရေးကြီးကို ကပ်ရသလိုပေါ့'

'အင်း. . . . မင်းတို့ ကိစ္စတွေက စိတ်ဝင်စားစရာအကောင်း သားပဲ။ ကဲ. . . . ဆက်စမ်းပါဦး'

'သူတို့ အချင်းချင်း အဝေမတည့်တဲ့အခါမှာ စျေးသည်တွေ ဒုက္ခရောက်ကြသေးတယ်။ သူပိုင်တိုက် ငါ့ပိုင် တိုက် အာဏာလာပြနိုင်တာက ရှိသေးတော့ နှစ်ထပ်ကွမ်းပေးရတာတွေ ဖြစ်လာတာပေါ့ဆရာရယ်။ အရေးကြီးတာကတော့ မြူပုလိပ်နှင့် မိတ်ဆွေဖြစ်ဖို့ပဲ။ ပုလိပ်နှင့် မိတ်ဆွေလဲ မဖြစ်ဘူး။ ပေးလဲမပေးဘူးဆိုရင် မြူလော်ရီကြီး ဝူးကနဲထိုးဆိုက်ပြီး အတင်းဝင်ဖမ်းတာပဲ။ ပြေးလဲမလွတ်ဘူး။ လိုက်ဖမ်းတာပဲ။ ခုလို အထူးမင်းကြီးတွေ မြို့တော်ဝန်တွေ ကြည့်တဲ့နေ့ကျတော့ တစ်ခါတစ်ခါ ပုလိပ်က ကျွန်တော်တို့ကို ကြိုတင် အကြောင်းကြား နိုင်တယ်။ တစ်ခါတစ်ခါတော့လဲ အကြောင်း မကြားနိုင်ဘူး'

http://www.cherrythitsar.org
www.foreverspace.com.mm



သူသည် ဒိန်ချဉ်အေးကို မော့ချနေသည်။ အတန်ကြာတော့ ကျွန်တော်က။

'ဒီနေ့တော့ အကြောင်းမကြားထားလို့ ခံလိုက်ရတယ်ထင်တယ်'

'ကျွန်တော့်မိန်းမ သတင်းတော့ရခဲ့သားဆရာရဲ့။သို့ပေမဲ့ ဒီလောက် မြန်မယ် မထင်ဘူး။ ပြီးတော့လဲ ဈေးက တစ်ဘက်ရောင်းရသေးတာကိုး. . . ။ ဘယ်တတ်နိုင်မှာလဲ ဆရာရယ်ဒီ လိုပေါ့'

နောက်ဆုံးအသံမှာ အဖြစ်အပျက်တစ်ရပ်လုံးမှာ အဘိဓမ္မာ ထုတ်ပြီး တရားချလိုက်သော အသံဖြစ်ပေ၏။

သူသည် ကျွန်တော်ပေးထားသော ၅ ကျပ်တန် စက္ကူဖြင့် ဒိန်ချဉ်အေးဖိုး ထုတ်ပေးသည်။ ထိုနောက် ကျွန်တော့်အား ငွေ တစ်ကျပ် ပြန်ပေးရာ၊ ကျွန်တော်က လက်မခံဘဲ ထိုင်ရာမှ ထလိုက်ပြီး. . . .

'ဒိန်ချဉ်ကို ငါက တိုက်တာပါလို့ ပြောနေတာပဲ. . . .'

သူသည် ငွေစက္ကူတစ်ကျပ်တန်ကို အတင်းပေးရင်း. . . .

'ဆရာကြီးဆီက ရတဲ့အမြတ်ထဲက ကျွန်တော်က တိုက်နေတာပါ ယူပါ'

'မယူဘူးကွာ'

'ဟော. . . . ငွေစိန်ပြန်လာပြီ။ မိန်းမကတော့ အားကိုးရတယ်။ လမ်းကထဲက လွတ်အောင် ကြံလာတယ်'

သူသည် လက်ခမောင်း ခတ်တော့မလောက် ခုန်ပေါက်မြူးထူးသွားပေ၏။ ငွေစိန်သည် ဆိုက်ကား တစ်စီးပေါ်တွင်

http://www.cherrythitsar.org



www.foreverspace.com.mm

ရှေ့ခုံမှ ဘေးစောင်းလိုက်လျက် နောက်ခုံတွင် တင်ထားသော ဖိနပ်သေတ္တာနှင့် ဗန်းကို လက်တစ်ဘက်ဖြင့် ဖေးကိုင်ရင်း ကျွန်တော်တို့ရှေ့က ဖြတ်သွားလေသည်။ ထွန်းခင်သည် သူ့မိန်းမနောက်သို့ လိုက်ပြေးလေသည်။ ကျွန်တော်လည်း သူတို့ကိစ္စမှာ ပိုမိုစိတ်ဝင်စားလာပြီးဖြစ်သည့်အတွက်၊ မလှမ်းမကမ်းမှနေပြီး သူတို့ ဆိုင်နေရာ အရောက်လိုက်ပါသွားလေသည်။

သူတို့လင်မယားနှစ်ယောက် ခုနင်က နေရာမှာ ဆိုင်ခင်းနေသည်ကို ကျွန်တော်က ခပ်လှမ်းလှမ်းမှ ကြည့်နေသည်။ သူတို့ဘာပြောနေကြသည် မသိ။ သို့သော် ငွေစိန်က ကျွန်တော့်ဆီ လှမ်းကြည့်လိုက် ထွန်းခင်က ကျွန်တော့်ဆီလှမ်းကြည့်လိုက်လုပ်ရင်း ပြောနေကြသည်ဖြစ်ပေရာ၊ ကျွန်တော့် အကြောင်းပါ ပါသည်ဟု ခန့်မှန်းရလေသည်။ အတန်ကြာ တော့ ငွေစိန်သာ ဖိနပ်တွေစီရစ်ပြီး ထွန်းခင်က ကျွန်တော့်ထံ လာ၍. . . .

'ကျွန်တော့်မိန်းမက ပြောပြမှ ဆရာ့အကြောင်းသိရတော့တယ်။ နောက် ဖိနပ်အလိုရှိရင် ကျွန်တော့်ဆီလာပါဆရာ၊ တံဆိပ်နာမည် မထင်ရှားပေမဲ့ အမျိုးအစား ကောင်းတာ ရပါစေမယ်၊ အဖိုးလဲ မများစေရဘူး'

သူသည် သကာလူးသည့် မျက်နှာချိုသွေးကာ ကျွန်တော့်အား ဈေးဝယ်တစ်ယောက် အနေနှင့် ဖောက်သည်ဖြစ်ရန် ကြိုးစားနေပါတော့သည်။ ခုနင်ကလို သူ့အရေး ကိုယ့်အရေး တိုင်ပင်ဆွေးနွေးသည့်သဘော မတွေ့ရတော့ချေ။ ကျွန်တော်မှာလည်း သူတို့ကိစ္စတွင် စပ်စုရန် ခက်တော့မလို ဖြစ်

www.foreverspace.com.mm

http://www.cherrythitsar.org



လာပေသည်။

'မိန်းမစီးနှင့် ကလေးစီးတွေလဲ ရှိပါတယ်။ ဝယ်သွားပါဦးလား . . . .'

ငါ့မှာ မိန်းမ မရှိဘူး။ ကလေးလဲမရှိဘူး။ မင်းက ဝယ်စေချင်ရင် ငါ့အိမ်က အစေခံတွေဖို့ ဝယ်သွားမယ်။ သို့ပေမဲ့ မင်းနှင့် စကားပြောချင်သေးတယ်. . . .'

'အမိန့်ရှိပါဆရာ၊ သို့ပေမဲ့. . . . ကျွန်တော်အချိန်သိပ်မရဘူး။ အချိန်ရတုန်း ဈေးတွန်းရောင်းရဦးမယ်'

'အေးပါလေ၊ မင်းပြောတာ ဟုတ်ပါတယ်. . . . လူတွေဟာ ကိုယ့်အလုပ်ကို အချိန်လုလုပ်နေကြရတာပဲ။ ငါက မင်းအ မှုကြောင်း မေးချင်တာ။ ပြီးသွားပြီလား ဘာလား ဆိုတာပေါ့ လေကွာ. . . .'

သူသည် ဈေးဝယ်အား ဈေးသည်က နှုးသော အမှုအရာမျိုးကို စွန့်လိုက်ပြီး။

'အမှုကတော့ တန်းလန်းပါပဲဆရာ၊ ခုအာမခံနှင့် ထွက်နေရပါတယ်. . . .'

'အေး ဒါဖြင့် ငါ့အလုပ်ခန်းကို ခဏလာခဲ့ကွာ၊ တနင်္လာနေ့ညနေ ၃ နာရီခွဲလောက်. . . .'

'ကျွန်တော့်မိန်းမ လွှတ်လိုက်ရရင် မကောင်းဘူးလား ဆရာ. . . .'

'မင်းလာခဲ့ပါကွာ. . . . ဒါထက် ခုဆိုင် ဖမ်းသွားရာက ဘယ်ပုံပြန်ယူလာတာလဲ. . . .'

'ပုလိပ်ကို ၂ ကျပ်ပေး၊ အစ်ကိုကြီးရဲ့ ဘာရဲ့နဲ့ ချော့ ဒီတော့ ပုလိပ်က လွှတ်ဖို့ ညဏ်ဆင်တာပေါ့၊ တစ်နေရာမှာ

www.foreverspace.com.mm
http://www.cherrythitsar.org



လော်ရီရပ်ပေးပြီး ဟော့ သူငယ်မ မင်းပစ္စည်းတွေစုံရဲ့လား၊ စစ်ကြည့်စမ်းလို့ အချက်ပေးလိုက်တာပဲ၊ သူတို့က ဟိုလိုလို သည်လိုလိုနှင့် မျက်နှာလွှဲနေတာပဲ။ ဒီတော့ လော်ရီကားပေါ်က ကိုယ့်ဗန်းကိုယ့်သေတ္တာ အမြန်ချပြီး ယူလာရတာပဲဆရာ၊ ကျွန်တော့်မိန်းမက ဒါတွေတော့ လျင်တယ်ဆရာရေ့၊ ကျွန်တော်ဒုက္ခရောက်တိုင်း သူကယ်တာချည်းပဲ. . . .'

'ကဲ. . . . ငါသွားမယ်၊ တနင်္လာနေ့ညနေ လာခဲ့နော်'

'ဟုတ်ကဲ့ဆရာ. . . .'

သူ့အဖြေကား ဟက်ဟက်ပက်ပက်မရှိ၊ ကျွန်တော့်အား အားကိုးဟန် လက္ခဏာမရှိပါ။ ငွေ ၂၀ဝိ ပေးမှလိုက်မည့် ရွှေ့နေထံ ချဉ်းကပ်ရန်လည်း လက်လှမ်းမမှီဟု ဆုံးဖြတ်ပြီး ဖြစ်ဟန်တူသည်။ ကျွန်တော်က သူ့အား အလုပ်ခန်းသို့ သူ့အမှုအကြောင်းပြ၍ ခေါ်ခြင်းမှာလည်း သူ့အမှုကို ရွှေ့နေလိုက်ပေးရေး၊ မပေးရေးထက် သူတို့ဘဝ သူတို့ကိစ္စများတွင် စိတ်ဝင်စားလာပြီဖြစ်သဖြင့် သိလိုသမျှမေးရန်ကသာ အရေးကြီးပေသည်။ သူ့အမှုတွင် ရွှေ့နေလိုက်ရန် ကိစ္စကား အလကားလိုက်ပေးမည်လော၊ သို့မဟုတ် ငွေစိန်၏ အကြံကို လက်ခံမည်လောဟူသော အချက်များတွင် တည်နေပေသည်။

(၃)

ချိန်းထားသည့်အတိုင်း တနင်္လာနေ့ ညနေ ၄ နာရီလောက်တွင် ကျွန်တော့်အလုပ်ခန်းသို့ ထွန်းခင်ရောက်လာလေသည်။

သူသည် အင်္ကျီလက်ရှည်နှင့် ကာကီဘောင်းဘီရှည်တို့ကို

www.foreverspace.com.mm
http://www.cherrythitsar.org



ဝတ်ထားပြီး ဟောင်းနွမ်း၍ ခြေသန်းနေရာမှာ ပေါက်မတတ် ရှိနေသော ရှူးဖိနပ်ကို စီးထား၏။ ကျွန်တော့်ရှေ့မှာ ထိုင် ပြီး ကျွန်တော်က ဘာပြောမလဲဟု စောင့်စားရင်း ပါးစပ် ဟောင်းလောင်းသားနှင့် ဴေနေရာ ရွှေသွားကြီးများ ဝင်းနေ သည်ကို တွေ့ရပေ၏။ ကျွန်တော်က ဖော်ရွေရင်းနှီးစွာ ပြုံးပြီး။

'ဘယ်တုန်းက ဒီရွှေသွားတပ်တာလဲကွ. . . .'

သူက ဟဲဟဲနှင့် ရှက်သလိုလို ငံသလိုလို ရယ်လိုက်၏။ သည်စကားမျိုးဖြင့် ဆွေးနွေးပွဲစလိမ့်မည်ဟုလည်း သူထင် ဟန်မတူပေ။

'ကြာပါပြီဆရာ၊ သူငယ်ချင်းတစ်ယောက်က အကုန်ခံပြီး စိုက်ပေးတာ ဟဲဟဲ ဖြစ်ပုံက ရယ်စရာကြီး။ မြင့်မိုရ်ပွဲမှာ ကျွန် တော်နဲ့ သူငယ်ချင်းတစ်ယောက် လျှောက်နောက်ကြရင်း ဖြစ် တာ။ ညအိမ်နောက်ဖေးက ထမီခိုးပြီး အိမ်ရှေ့အလံထူ တာ။ အိမ်တွေမှာ တပ်ထားတဲ့ လူနာမည် ကုမ္ပဏီနာမည် ဆိုင်းဘုတ်တွေ ဖြုတ်ပြီး အိမ်သာတွေမှာ ချိတ်ထား။ အစုံ နောက်ကြတာပါပဲ။ ကျွန်တော် စာရေးဝါသနာပါတယ်။ တိုက်ထုံးသုတ်တဲ့စုတ်ကြီးနဲ့ လိုက်ရေးတယ်။ ကျွန်တော့် သူ ငယ်ချင်းကထုံးပုံးကို ကိုင်လိုက်တယ်။ မြူနီစီပါယ်ကျောင်းမှာ 'အရက်ဖြူရောင်းရန်ရှိသည်'ဆိုတဲ့စာကိုရေးတယ်။ အိမ်ရှေ့ တွေမှာ 'ယောက်ျားသွားရန်' 'မိန်းမသွားရန်' စသည်ဖြင့် ရေးတယ်။ ကျွန်တော်နဲ့ အင်မတန်ခင်တဲ့ သူငယ်ချင်း တစ် ယောက်အိမ်မှာတော့ 'အပျိုကြီးများ ရောင်းရန်ရှိသည်' လို့ ရေးခဲ့တယ်။ သူ့အစ်မတွေက အပျိုကြီးတွေကိုး။ ဒီလို လျှောက် ရေးနေတုန်း မှောင်ကွယ်ကနေပြီး လူတစ်ယောက်က အုတ်

http://www.cherrythitsar.org

www.foreverspace.com.mm



ခဲနဲ့ပစ်တာ ကျွန်တော့်ရှေ့သွားတွေ ပြုတ်ကုန်တာပါပဲ။ နာလိုက်တာ သွေးတွေ ထွက်လိုက်တာလဲ ပြောစရာမရှိဘူး။ မနက်ကျတော့မှ အပျိုကြီးတွေရဲ့မောင် ကျွန်တော့်သူငယ်ချင်းက ကျွန်တော်မှန်းမသိလို့ အုတ်ခဲနှင့် ပစ်ထည့်မိတဲ့အကြောင်း ပေါ်တော့တာပဲ။ သူ့ခမြာ ပစ်မိလေခြင်း ဆိုပြီး ယူကျုံးမရဖြစ်ပါတယ်။ ပြီးတော့ သွားဘက်ဆရာဝန်ဆီ ခေါ်သွားပြီး ကုပေးတယ်။ ရွှေသွားလဲ တပ်ပေးတယ်။ ဒါကြောင့် ရွှေသွားနဲ့ ပြောင်ပြောင် လက်လက် ဖြစ်ရတာပေါ့ဆရာ'

သူက သူ့အဖြစ်အပျက်ကို စမြုံ့ပြန်ရင်း အတော် ပီတိဖြစ်နေဟန်တူသည်။

'တစ်ခုမေးစမ်းပါရစေဦး။ မင်းမိန်းမက ငါ့ဆီလာပြီး အမှုအပ်တုန်းက ခါးပိုက်နှိုက် ဂိုဏ်းတစ်ဂိုဏ်းက မင်းအပေါ်မှာ ရန်ငြိုးထားနေတယ်လို့ ပြောတယ်။ ဒါဟာ မင်းအမှုရဲ့ အကြောင်းရင်း ဖြစ်နေတယ်။ ဘယ်လိုများဖြစ်လို့ သူတို့က ရန်ငြိုးထားတာလဲ'

'ကျွန်တော်ကိုယ်တိုင်ကလဲ ကောင်းရောင်း ကောင်းဝယ်လုပ်ကိုင်စားချင်တယ်။ ခိုးတာဝှက်တာ လစ်တာ လိမ်တာ ခါးပိုက်နှိုက်တာတွေကို မကြိုက်ဘူး။ ပြီးတော့လဲ လူတစ်ဘက်သား ဒုက္ခရောက်နေရင်လဲ ကြည့်မနေတတ်ဘူး။ ဒီတော့ ခါးပိုက်နှိုက်နေတာ မြင်ရင်ဖြစ်ဖြစ်နှိုက်တော့မယ် ဟန်ပြင်နေတာဖြစ်ဖြစ်မြင်ရင် မလုပ်ဖြစ်အောင် မအောင်မြင်အောင် ကျွန်တော်ကဝင်လုပ်လေ့ရှိတယ်။ ပြီးတော့ ခါးပိုက်နှိုက်တွေကို ဖမ်းတဲ့ဆီးတဲ့အခါမှာလဲ အရပ်သူ အရပ်သားကိုပဲဖြစ်ဖြစ်

http://www.cherrythitsar.org

www.foreverspace.com.mm



ကူညီအားပေးတယ်။ ဒီတော့ ခါးပိုက်နှိုက် ဂိုဏ်းတွေက ကျွန်တော့်ကို သူတို့ အလုပ်မှာ ဆူးညှောင့်ခလုတ်လို သဘောထားကြတာပေါ့။ ခက်တာက ဒီကောင်တွေနဲ့ ကျွန်တော်တို့ လမ်းပေါ်က ဈေးသည်တွေကလဲ မကင်းရာ မကင်း ကြောင်းလို ဖြစ်နေကြတယ်။ သူတို့က ဒီနားတဝိုက်မှာ ကျက်စားနေကြတော့ မမြင်ချင်လို့လဲ မနေရ။ မသိချင်လို့လဲ မနေရ။ မဆက်ဆံချင်လို့လဲမနေရ။ တချို့ကတော့လဲ အန္တရာယ်ကင်းအောင်ဆိုပြီး သူတို့နှိုက်နေတာမြင်လဲ မျက်နှာလွှဲနေလိုက်ကြတယ်။ ပုလိပ်က မေးလဲ မသိဘူးပဲ ဖြေလိုက်ကြတယ်။ ကျွန်တော်ကတော့ အဲဒီလို မနေတတ်ဘူး။ နောက်တစ်ခုကတော့ ငွေစိန်ကိစ္စ ဆရာရဲ့'

သူသည် ခရားရေလွှတ် ထွက်နေသော စကားစဉ်ကို ရုတ်တရက်ရပ်ထားလိုက်သည်။ ပြောရမှာ နောက်ဆံငင်နေ၍လော နားထောင်သူ ပို၍ စိတ်ဝင်စား လာအောင် ဆွဲထားခြင်းလော။

'အင်း. . . . ငွေစိန် ကိစ္စကလဲ ပါသေးသကို၊ ဆိုစမ်းပါဦး ဘယ်လိုလဲ'

'ငွေစိန်က ၂၃ လမ်းထိပ်မှာ ငှက်ပျောသီးတို့ သင်္ဘောသီးတို့ ရောင်းလေ့ရှိတဲ့ ဒေါ်မြရဲ့ သမီးအကြီးဆုံးဗျ။ ဒေါ်မြက မုဆိုးမလား တစ်ခုလပ်လားမသိဘူး။ ကျွန်တော်တော့ ခုထိငွေစိန့်အဖေ ဘယ်သူဘယ်ဝါဆိုတာ မမေးမိဘူး။ ရှိပဲရှိလေသလား။ သေပဲသေပြီလေလား။ ကောင်မကလေးက ချောချော ဆင်းလဲဆင်းရဲ။ သူ့အောက်မှာ ကလေး ၃ ယောက် ရှိသေးတယ်။ ဒီတော့ ပိုးကြပန်းကြ တော်တော်များ သပေါ့

http://www.cherrythitsar.org
www.foreverspace.com.mm



ဆရာရယ်။ ဒါပေမဲ့ တည်တည်ကြည်ကြည်ပိုးတာထက် ဖျက်ဆီးဖို့ ပိုးကြတာက များတယ်။ အော်ဒါလိုက်အောင် ဆွယ်တာလဲ ရှိတာပဲ။ မယားငယ်လုပ်ဖို့ နှုးတာလဲရှိတာပဲ။ ဒီ အထဲမှာ ကြောက်စရာအကောင်းဆုံးက ကျွန်တော့်ကို ရန်ညှိုးထားနေတဲ့ ခါးပိုက်နှိုက်ဂိုဏ်းထဲက ဘတုပ်ဆိုတဲ့ကောင် ပဲ. . . .။ ဘတုပ်က ရိုးရိုးခါးပိုက်နှိုက်မဟုတ်ဘူး. . . .။ ဖာ ခေါင်းတွေနဲ့ စီးပွားရေးဆက်ထားတဲ့အကောင်. . . .။ သူကတော့ ငွေစိန်ကို ဖာအိမ်ရောက်အောင် ပို့မဲ့ကောင် ပဲ. . . .။ ကျွန်တော်ကတော့. . . . တကယ်မေတ္တာနဲ့ အတည်ပိုးနေတယ်. . . .။ ကောင်မကလေးကလဲ ဒါကို သိပါတယ်. . . .။ ဒါကြောင့် ကျွန်တော့်ဘက် ပါလာတာပေါ့. . . .။ ဒါကို သိတော့ ဘတုပ်က ကျွန်တော့်ကို ချိန်းလား ခြောက်လား လုပ်သေးတယ်။ သို့ပေမဲ့ ကျွန်တော်ကလဲ ကြောက်တဲ့လူမှ မဟုတ်ဘဲ။ သူတို့လို လူမိုက်လုပ်မနေပေမဲ့ သူတို့ထက်မိုက်ရဲတဲ့လူဆိုတာ သူတို့သိကြတယ်။ ဒီတော့ ကောင်မကလေးကို အတင်းသုတ်ကြမယ်လို့ စီမံတယ်။ သူတို့ ကြားထဲက ငွေစိန်က အတင်းရုန်းထွက်ပြီး ကျွန်တော့်ဆီ လာခဲ့တယ်။ သူတို့ဟာ ဒါကို အခဲမကြေကြဘူး။ အကြမ်းနည်းနဲ့ မတတ်နိုင်တော့ ကျွန်တော့်ကို ကလိမ်ဉာဏ်နဲ့ ဆင်ပြီး ဂျောက်တွန်းနေကြတာ ပါပဲ. . . .'

'အင်း. . . . ဟုတ်လောက်တဲ့ သူတို့ကို ဒီလောက်ကြာအောင် အန်တုနိုင်တာ မင်းကို ချီးကျူးစရာပဲ. . . .'

ဤလိုလိပ်ပတ်လည်စွာသိရတော့မှ ကျွန်တော်သည် ထွန်းခင်၏ အပြစ်ကင်းစင်မှုကို စိတ်ချလက်ချ နားလည်ပေတော့သည်။ ကျွန်တော့်ဆီသို့လာ၍ မတတ်နိုင်တတ်နိုင်သောနည်း

www.foreverspace.com.mm

http://www.cherrythitsar.org



ဖြင့် ရှေ့နေငှားသော ငွေစိန်ကိုလည်း အတော်အတန်နား လည်နိုင်ပေတော့သည်။

'မင်းကို အာမခံနဲ့ လွှတ်ထားအောင် ဘယ်သူလုပ်ပေးသလဲ။ ဘယ်သူကအာမခံသလဲ. . . .'

'ဒါကတော့ ငွေစိန် ကျေးဇူးပဲ ဆရာရေ့။ ရုံးက အာမခံပေးအောင် သူပဲစီမံတယ်။ အာမခံတာကတော့ ကျူလရာဆိုင်က ကိုအီဘရာဟင်ပဲဗျ။ ငွေစိန်က ပေါင်းတတ်သင်းတတ်တယ်။ သိနေကြတာ ကြာလဲကြာပြီ။ ဒီလိုအကျဉ်းအကြပ်ကျရင် ကျွန်တော်ကတော့ ဘာမှမတတ်နိုင်ဘူး။ မလုပ်တတ်ဘူး။ မကြံတတ်ဘူး။ ငွေစိန်ကတော့ ကြံတတ် စည်တတ်တယ်'

သူသည် ငွေစိန့်အတွက် ရိုးရိုးသားသား ဂုဏ်ယူကြောင်း မျက်နှာမှာ ပေါ်နေသည်။

ကိုအီဘရာဟင်က အာမခံပေးသည်။ ကိုအီဘရာဟင်က ဘာကျေးဇူးကို မျှော်ကိုး၍ အာမခံပေးလေသနည်း။ ငွေစိန်သည် ထွန်းခင်အာမခံနှင့် လွှတ်အောင် ကိုယ်နှင့် ရင်းနှီးမှု မပြုပေဘူးလား။ သည်အတွက် ကိုထွန်းခင်အားမေးရန် ဝန်လေးနေသည်။ သူမသိဘဲ လုပ်သည်ဆိုလျှင်လည်း မကောင်း။ သူ့အား အသိပေး၍ လုပ်သည်ဆိုလျှင်လည်း မကောင်းပါချေ။

'မင်းအတွက် ရှေ့နေကော ဘယ်သူလိုက်ပေးသလဲ'

'ရှေ့နေရယ်လို့ မငှားတော့ပါဘူး ဆရာရယ်. . . .'

'အင်း- မင်းအချုပ်ခံနေရတော့ ဆိုင်မဖွင့်နိုင်ဘူးပေါ့နော်'

www.foreverspace.com.mm


'ဟုတ်ကဲ့ မဖွင့်နိုင်ပါဘူး။ ငွေစိန်ကလဲ ကျွန်တော်လွတ်အောင် လိုက်လုပ် နေရတာနဲ့ ဆိုင်မဖွင့်နိုင်ဘူး။ အချုပ်ခံရတဲ့ကျွန်တော်ကိုယ်တိုင်က ခံစားရတာထက် ငွေစိန်က ကျွန်တော့်အတွက် ပိုပြီးစိတ်သောက ရောက်နေတယ် ဆရာကြီးရဲ့။ ကျွန်တော် မလွတ်မချင်း နားကိုနေဟန် မတူဘူး။ ကြံဖန် လုပ်ကိုင်နေတာပဲ. . . .'

'ဆိုင်ပိတ်လိုက်ရင် တစ်နေ့ဝင်ငွေ ဘယ်လောက် ထိခိုက်သွားသလဲ. . . .'

'ငါးကျပ် ခြောက်ကျပ် ထိခိုက်သွားတာပေါ့ဆရာ။ အခါကြီးရက်ကြီးနီးရင် တစ်နေ့တစ်ဆယ်လောက် ထိခိုက်တယ်'

'မင်းတို့ ဆိုင်ကလေးတွေဆိုရင် တစ်ဦးအရင်းငွေဘယ်လောက်လိုသလဲ'

'၁၅ဝိ သို့မဟုတ် ၂ဝဝိ လောက်လိုတယ်. . . .'

'မင်းတို့ငွေချေးရသေးလား. . . .'

'အားလုံးလိုလို ချေးကြရတာပဲဆရာ နေ့ပြန်တိုး ချေးရတယ်။ တစ်ရာ ၁၅ ကျပ်တိုး ၂ဝ တိုးစသဖြင့် ချေးကြရတာပဲ။ တစ်နေ့ ၂ ကျပ် ဆပ်သူဆပ်။ ငါးကျပ်ဆပ်သူဆပ်ပဲ။ ချေးသူက အတိုးကို နှုတ်ယူထားလိုက်တယ်လေ. . .'

'အတိုးက များလှချေကလားကွ။ အစိုးရသတ်မှတ်ထားတဲ့အတိုးနဲ့ ကွာလှချေကလားကွ. . . .'

'အစိုးရက သတ်မှတ်ချင်တာ သူတို့ဘာသာ သတ်မှတ်နေတာပဲ. . . .။ ကျွန်တော်တို့ကတော့ ဒီအတိုင်းပဲ ပေးနေရတယ်။ ဒီလိုပေါ့ဆရာဘယ်တတ်နိုင်မှာလဲ'

ထွန်းခင်သည် အဘိဓမ္မာထုတ်၍ တရားချလိုက်ပြန်လေ

http://www.cherrythitsar.org
www.foreverspace.com.mm



ပြီ။

'မင်းကကော ဘယ်သူ့ဆီက ယူသလဲ. . . .'

'ကျွန်တော်တို့နဲ့ သိတဲ့ ယစ်မျိုးဘက် ပီ-စီ တစ်ယောက်ဆီက ၁၅ ကျပ်တိုးနဲ့ ယူပြီး တစ်နေ့ ၂ကျပ်ဆပ်ရတယ်။ ဒီဌာနကတော့ အောက်ဆိုက်ရတော့ ငွေချေးနိုင်သူ ရှိတာပေါ့ဆရာ. . . .'

'မင်းတို့အလုပ်က တယ်မနိုပ်ပါဘူးကွာ. . . .'

'ဘယ်နိုပ်လိမ့်မှာတုန်းဆရာကြီးရဲ့. . . ။ မနက် ၇နာရီကစပြီး ည ၆နာရီထိ တစ်နေ့လုံး ရောင်းရတာ။ မတော်တဆစားသောက် နေတုန်း ဈေးဝယ်လာမှာစိုးလို့ ထမင်းစားလဲ သေပြေးရှင်ပြေး စားရတယ်။ နောက်ဖေးနောက်ဖီ သွားတာတောင် ကန်တော့ပါရဲ့ ကုန်အောင် အားရအောင် မသွားရဲဘူး. . . .'

ကျွန်တော်က သူ၏ ကွက်ကွက်ကွင်းကွင်း ဖော်ပြပုံ ကြောင့် တဟားဟား ရယ်လိုက်ပြီး. . . . ။

'မင်းတို့သည့်ပြင်အလုပ် မလုပ်ဖူးဘူးလား. . . .'

'ဟာ. . . . ဘာပြောကောင်းမလဲဆရာ၊ အလုပ်မှ မျိုးစုံနေ တာပဲ။ မုန့်ဟင်းခါးလဲ ရောင်းဖူးတယ်။ သတင်းစာလဲ ရောင်းဖူးတယ်။ နောက်ဆုံးဆရာ ဘယ်အလုပ်မှ မဟန်လို့ တရုတ်အိမ်တစ်အိမ်မှာ မုန့်တောင်ကြိတ်ဖူးတယ်။ တစ်လခြောက် ဆယ်ရတယ်။ ထမင်းကျွေးပြီး တစ်နေ့ ဆေးလိပ်ဖိုးတစ်မတ် ပေးတယ်။ ပင်ပန်းလိုက်တာ မပြောပါနဲ့တော့ ဆရာရယ်။ နေထွက်က နေဝင်ထိ လုပ်ရတာ။ တစ်ကိုယ်လုံး အင်ပြင်ကြီးတွေ လိုထလာတဲ့အထိပါပဲ။ ဒီလို ပင်ပန်းတော့

www.foreverspace.com.mm

http://www.cherrythitsar.org



မယားကစားမ မျိုနိုင်တော့ဘူး။ ငွေစိန်ဆိုတာလဲ အဆင်သင့်သလိုလုပ်တာ ပါပဲ။ ကြံပန်းခိုင်ရောင်း။ ဖရဲသီးစိပ်ရောင်း။ နောက် သူများအိမ် အစေခံတောင် လုပ်ရှာပါတယ်။ ဘယ်အလုပ်မှ မပဟန်ကျဘူး။ စီးပွားဖြစ်ဖို့နေနေသာသာ လင်မယား ဝဝ လင်လင် မစားလောက်ဘူး။ လုံလုံထယ်ထယ် မဝတ်နိုင်ဘူး။ ဒါနဲ့ မဂိုလမ်းနဲ့ သိမ်ကြီးဈေးကြား ဖရေဇာလမ်းပေါ် မှာ တဝဲလယ်လယ် ဖြစ်နေတာပဲ'

တော်တော် အချိန်ညောင်းသွားလေပြီ။ ကျွန်တော့်မှာ အိမ်ပြန်ချိန်ရောက်ပြီ။ သူလည်း ဆိုင်သိမ်းရန်ပြန်ရလေဦး မည်။

'မင်းဒါတွေပြောပြလို့ ကျေးဇူးတင်ပါတယ်ကွာ။ မင်းအမှုမှာ ငါရှေ့နေလိုက်ပေးပါ့မယ်။ လွတ်လဲ လွတ်ပါစေ့ မယ်။ အဖိုးအခလဲ တစ်ပြားမှ မယူပါဘူး။ ကဲ သွားပေတော့။ ဒီအတိုင်း ရိုးရိုးသားသား အလုပ်လုပ်သွားပါကွာ။ ပင်ပန်း တာတော့ ဘယ်တတ်နိုင်မှာလဲ'

'ဒီလိုပေါ့ဆရာ ဘယ်တတ်နိုင်မှာလဲ။ အသက်နဲ့ကိုယ် အိုးစားမကွဲချင်ရင် အလုပ်လုပ်နေရမှာပေါ့. . . .'

'အေး အေး သွားပေတော့ သွားတော့။ ကလေးမရှိလို့ တော်သေးတာပေါ့ကွာ။ မင်းအမှုရက်ချိန်းနီးတော့ ငါ့ဆီတစ် ခေါက်လာခဲ့ဦးနော်'

'ဟုတ်ကဲ့-ဆရာ. . . .'

သူ၏ စကားမှာ သွက်လှသည်။ သူ၏အမူအရာမှာလည်း အားရှိ ပါးရှိ နိုင်လှသည်။

သူထွက်သွားလေပြီ. . . .။

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော်သည် အမှုမှန်လျှင် အဖေ့အမှုတောင် အလကားမလိုက်ဘူးဟု ဆုံးဖြတ်ထားသော ရှေ့နေမျိုး ဖြစ်သော်လည်း ထိုစည်းကမ်းကို ခြွင်းချက်ကလေး သွင်းရပေပြီ။ အခုလို အမှုမျိုးကိုမှ အလကား လိုက်မပေးရင် လူစိတ်မရှိ၍သာဖြစ်မည်ဟု ထင်လာလေသည်။

(၄)

တစ်နေ့သော ညနေတွင် ကျွန်တော်၏ရုံးခန်းသို့ ငွေစိန်မမျှော်လင့်ပဲ ပေါက်လာလေသည်။ (မျှော်ချင်းမျှော်လျှင် ထွန်းခင်ကိုသာ မျှော်ရပေမည်) ငွေစိန်၏အမူအရာမှာ ရေးကြီးသုတ်ပြာ နိုင်၏။ မျက်နှာမှာ ပူပင်ခြင်းဖြင့် ညှိုးနွမ်းနေ သည်။ အဝတ်အစားမှာ ရိုးသားလှပေသည်။

ကျွန်တော်မှာ အလုပ်ပြီး သတင်းစာ ဖတ်နေချိန် ဖြစ်သဖြင့် အခန်းပြင်မှာ စောင့်မနေဘဲ အတွင်းသို့ ချက်ချင်း ခေါ်လိုက်သည်။

'ဘာဖြစ်တာလဲဟေ့ ငွေစိန်'

ကုလားထိုင်မှာမှ မထိုင်သေးမီ သူမက. . . .

'ကိုထွန်းခင်ကို ဖမ်းသွားပြန်ပြီ၊ ဝတ်လုံတော်ရမင်းရဲ့'

သာမန်အားဖြင့် ဖမ်းတယ်ဆီးတယ်ဆိုသော သတင်းမျိုးကို မဆိုထားဘိ။ သေစားသေစေဟူသော ကြိုးမိန့်သတင်းမျိုး ကြားလျှင်ပင် အံ့ဩချောက်ချားခြင်းမဖြစ်သော ကျွန်တော်သည် အံ့ဩချောက်ချားသွားကာ

'ဟင် ငါက သူ့ကိုမျှော်နေတာ။ ဘာဖြစ်လို့ ဖမ်းသွားပြန်သလဲ'

http://www.cherrythitsar.org

www.foreverspace.com.mm



ကိုအီဘာရာဟင်က သူ့အာမခံကို ရုပ်သိမ်းလိုက်တယ်။ ဒါလဲ ဘတုပ်ခြေထိုးလို့ပါ ဝတ်လုံတော်ရမင်းရယ်'

'အင်း ဖြစ်နိုင်တာပဲ။ နို့ အီဘာရာဟင်က ဘာဖြစ်လို့ ဒီလူခြေထိုးတာ ခံရတာလဲ။ သူက ခိုင်မာရင် ပြီးတာပဲ'

သူမ၏မျက်နှာမှာ နှလုံးနာ ရွံရှာသော အရိပ် အငွေ့များပေါ်လာသည်။ 'ဘတုပ်တို့က ခြိမ်းလား ခြောက်လား လုပ်တယ်။ ကိုအီဘာရာဟင်ကလဲ တစ်မျိုးပါ။ ဝတ်လုံတော်ရမင်းရယ်'

အီဘာရာဟင်ကား ဘယ်လိုတစ်မျိုးလဲ။ အခွင့်ကောင်းကို အစွမ်းကုန် ညှစ်ယူမည်မှာ မုချဖြစ်သည်ဟု ကျွန်တော် တွက်မိသည်။ သူမအား မေးရမှာတော့ အားနာသည်။ သို့သော် မမေးမပြီးချေ။

'အီဘာရာဟင်က နင့်ကို သိပ်ညှင်းသလား ခဏခဏ အကြပ်ကိုင်သလား'

သူမသည် ခေါင်းငုံ့နေပြီး။

'ဟုတ်ကဲ့'

'အေး ဒါဖြင့်လဲ နေပေစေ။ သူ့အာမခံ ရုပ်သိမ်းတာထက် ပြောမနေနဲ့တော့။ နောက်ထပ်လဲ အာမခံမဲ့လူ မရှာနဲ့တော့။ အမှုမြန်မြန်စစ်အောင် ငါလုပ်မယ်။ ပြီးတော့ မြန်မြန်လွတ်မှာပေါ့'

'မြန်မြန်ဆိုတောင် ကြာဦးမှာပါ ဝတ်လုံတော်ရမင်း ရယ်'

'အေး. . . နဲနဲတော့ ကြာမှာပေါ့ကွဲ့'

'အကျဉ်းထောင်ထဲမှာ သူသိပ် ဒုက္ခရောက်နေမှာပဲ။ ကျမလဲ အပြင်မှာ သိပ်ဒုက္ခ ရောက်မှာပဲ'

http://www.cherrythitsar.org
www.foreverspace.com.mm


'ဒါတော့ ဒါပေါ့လေ။ သို့ပေမဲ့ တတ်နိုင်သလောက် သက်သာအောင် လုပ်နေကြရမှာပေါ့။ ဒုက္ခဆိုတာ ခုခံရင် မဆိုးလှဘူး။ ဒုက္ခကို ခုခံရင် အရည်အချင်း တိုးတက်နိုင်တယ်။ သူ့ဆိုင်ကိုလဲ သူထောင်ထဲရောက်တာနဲ့ ပိတ်မထားနဲ့ ဆက်ဖွင့်မြဲဖွင့်ထား'

ငွေစိန်သည် အတန်ကြာ ငေးမောနေပြီးမှ သက်ပြင်းကြီးချလိုက်သည်။

'ခက်တာပါပဲ ဝတ်လုံတော်ရမင်းရယ်။ ကျမဖြင့် အဲဒီအနားတဝိုက်က ထွက်ပြေးချင်ပြီ။ ဆိုင်ဖွင့်နေရင် တစ်နည်းနည်းနဲ့တော့ နှောင့်ယှက်နေကြဦးမှာပဲ။ ဖိနပ်ထည့်တဲ့ဗန်းကိုတောင် ညအပ်ထားတဲ့နေရာက ခိုးယူပြီး မီးရှို့ပစ်မဲ့ကောင်တွေ။ ကျမတော့ သူတို့အပါးက ဝေးရာသာ ပြေးချင်တာပါပဲ'

'စဉ်းစားကြည့်စမ်း၊ ဝေးရာပြေးပြီး ဘာသွားလုပ်မလဲ။ အလုပ်မရှိရင် နင်ဘာနဲ့စားနေမလဲ။ နင့်ယောက်ျားကို ဘယ်လိုအကူအညီ ပေးနိုင်တော့မလဲ။ ဆိုင်ကိုသာ ဖွင့်မြဲဖွင့်နေ သူတို့ရန်ကို ရဲရဲဝံ့ဝံ့သာ ခုခံကာကွယ်ရမယ်'

'ခက်ပါတယ် ဝတ်လုံတော်ရမင်းရယ်။ သူတို့က သူတို့အလိုကို လိုက်အောင် နည်းအမျိုးမျိုးနဲ့. . . .'

ရှေ့ဆက်မပြောနိုင်တော့ပဲ၊ အသံနစ်မြုပ်သွားလေသည်။ ဝိုင်းစက်ကြည်လင်သော မျက်လုံးများတွင် မျက်ရည်များ စို့လာလေသည်။

'အေး. . . အေး. . . ငါသိပါတယ်ဟာ။ ဒါပေမဲ့. . . .

http://www.cherrythitsar.org
www.foreverspace.com.mm



ခုနင်က ငါပြောတာလို တွေ့မဲ့ဒုက္ခကို ငဲ့မခံဘဲ ခုခံတွန်းလှန်ရင်းနဲ့ အရည်အချင်း တိုးတက်လာလိမ့်မည်။ ဒီတော့ဆိုင်ဖွင့်ဖို့ကလွဲလို့ ဘာမှ လုပ်စရာမရှိဘူး. . . .'

သူမသည် မျက်နှာကို ငိုက်ဆိုက်ချထားပြီး။

'သူထောင်ထဲရောက်နေတုန်း ဝတ်လုံတော်ရမင်း အိမ်မှာအစေခံလုပ်နေပါရစေရှင်'

'ဟာ. . . . ဘယ်ဖြစ်မလဲ၊ ဒါကတော့ မဖြစ်နိုင်ဆုံးအလုပ်ပဲ. . . .'

ကျွန်တော်၏ တိုတောင်းသော စကားများနောက်ကွယ်တွင် ခိုင်လုံသော အကြောင်းများ ရှိသည်။ ကျွန်တော်ကားစည်းကမ်းတွေနှင့် နေသော်လည်း သာမန်လူသားသာတည်း။ သာမန်လူသားဖြစ်သဖြင့် ရှေ့နေတစ်ယောက်အနေနှင့် အလကားမလိုက်ဟူသော စည်းကမ်းကိုပင် ချိုးဖောက်လိုက်ရပြီမဟုတ်ပါလော။ ကျွန်တော်က လူလွတ်၊ သူမကား ယာယီမိန်းမလွတ်။ စ,ထားသော သူမစကားကလည်း ရှိထားပြီးသား၊ ကျေးဇူးခံကျေးဇူးစားလည်း ဖြစ်နေပြန်။ ဘယ်နည်းနှင့်မှ အိမ်မှာအတူနေ၍ မဖြစ်နိုင်ပေ။

သူမမှာ မျက်ရည်ပေါက်ကလေးများကျနေသည်။ ဒီအခါတော့ ချုံးကျ၍ကား မငိုပါ။

'သူငယ်မ စဉ်းစားကြည့်ဦး။ ထွန်းခင်ဟာ ဒီဆိုင်ကလေးတည်ခင်းနိုင်အောင် ဘယ့်လောက် ကြိုးစားရသလဲ။ အခက်အခဲ အမျိုးမျိုးနဲ့ ဘယ့်လောက်ရင်ဆိုင်ရသလဲ။ မင်းကော ဘယ်လောက်ကူညီရသလဲ။ ဒါကလေးကို အပျက်ခံလို့ ဘယ်မှာလင်ကို ချစ်ရာရောက်မလဲ။ ပြီးတော့ လူဆိုတာ

www.foreverspace.com.mm

http://www.cherrythitsar.org



အခြေပျက်စရာအကြောင်း ပေါ်ပေမဲ့ အခြေမပျက်အောင် နေနိုင်ဖို့ အားကြီးရေးကြီးတယ်။ အခြေမပျက် နေသွားရင် လူရှိသေတယ်။ ပျက်နေတဲ့ အခြေကို ပြန်ပြီးပြုပြင်ဖို့ လွယ်သွားတယ်။ စိတ်ကူးမလွဲနဲ့၊ ဆိုင်ကို ဖွင့်မြဲဖွင့်နေ။ ဟိုကောင်တွေ ရန်ကို ခံတိုက်။ ငါကလဲ မကြာခဏ မင်းတို့ဆိုင်နားလာပြီး ကိုယ်ရောင်ပြ ပြပေးမယ်။

ဒီလိုပြပေးရင် သူတို့ကို ဟန့်တားပေးရာရောက်သလောက် ရောက်နိုင်ပါတယ်. . . .'

'နားလည်လား. . . .'

'ဟုတ်ကဲ့. . . .'

သူမသည် မျက်ရည်များကို လက်ကိုင်ပုဝါဖြင့် ရှင်းလင်းပစ်လိုက်ပြီးနောက် အဓိဋ္ဌာန်အပြည့်ပါသော အသံဖြင့်။

'ဟုတ်ကဲ့. . . . လုပ်ပါ့မယ်. . . .'

'အေး ပြန်တော့၊ အမှုမြန်မြန်ပြီးဖို့ကတော့ ငါ့တာဝန်ထား. . . .'

သူမသည် ထွက်ခွာရန် ဟန်ပြင်ရင်း

'ဟုတ်ကဲ့ . . . .'

ယင်းသို့ ဂတိပေးထား အစီအစဉ်များကြောင့် ကျွန်တော့်မှာ ထွန်းခင်၏ အမှု မြန်မြန်ပြီးရန်လည်း ကြိုးစားရသည်။ ငွေစိန်၏ ဗန်းထိုးဆိုင်ကလေးရှေ့မှာလည်း မကြာခဏ ကိုယ်ရောင်ပြရလေသည်။

အမှုမြန်မြန်စစ်ပါရန် ဆိုင်ရာတရားသူကြီးအားလည်း အကျိုးသင့် အကြောင်းသင့် လျှောက်ထားရသည်။ စာရေးကြီးများအားလည်း ချော့ရ၊ လှုံ့ဆော်ရသည်။ စီပီအိုအား

http://www.cherrythitsar.org

www.foreverspace.com.mm



လည်းတောင်းပန်ရလေသည်။ ကျွန်တော် စိတ်ထင် အားလုံး ကလည်း ကျွန်တော့်စေတနာကို သိပြီး အမှုအမြန်ပြီးအောင် ကူညီကြပါသည်။

သို့သော်. . . လက်ရှိအခြေအနေတွင် အမှုအမြန်ပြီး ရန်သည် အခက်ဆုံးအလုပ် တစ်ခုဖြစ်နေပေသည်။ ရုံးတိုင်းလိုလို အမှုတွေထူနေသည်။ ရုံးမင်းများမှာ ပြီးပြီး ပြတ်ပြတ် စီရင်ချမှတ်ရခြင်းထက် တန်းလန်းထားခြင်းရွှေ့ရ ခြင်းက များနေသည်။တစ်ပြည်လုံး နေရာတကာမှာ ပုလင်း လည်ပင်းမှာ တစ်ဆို့နေသလို တစ်ဆို့နေခြင်းတွေ များနေရာ တရားရုံးများမှာ အဆိုးဆုံးဖြစ်နေသည်။ ဥပဒေပြင်ဆင်ချက်များ မှာလည်း စက်ရုံကြီးက ထုတ်လုပ်နေသလို ထွက်နေသဖြင့် တရားသူကြီးရော ရှေ့နေရှေ့ရပ်များပါ မျက်စေ့လည်စရာ ဖြစ်နေပေသည်။

အမှုမမြန်ခြင်းအတွက် အချို့က တရားသူကြီးများကို အပြစ်ဆိုကြသည်။ ကျွန်တော်ကား သူတို့အား အပြစ်ဆိုရန် ကြီးမားသော အကြောင်းများ မတွေ့ပါ။ တရားကုလားထိုင် မှာ ထိုင်ချိန်နဲသဖြင့် အလုပ်နဲသည်ဟု မဆိုသာပါ။ အတွင်း ခန်းထဲမှာ အလုပ်တွေ ပုံနေသည်။ အိမ်မှာယူပြီး လုပ်ရသေး သည်။ ကိုယ်တိုင်တိုက်(ပ်)ရိုက်ပြီး စီရင်ချက်ရေးရသည်။ သည် အထဲ အစိုးရမင်းများက ခိုင်းသောအပြင် ဘာယီယ အလုပ် များကလည်း ပေါများလှသေး၏။ တရားဥပဒေနှင့် အသက် မွေးကြရသော ပညာရှင်အချင်းချင်းမို့ ကိုယ်ချင်းစာနိုင် ခြင်းဖြစ်သည်ဟု ယူဆလိုက ယူဆနိုင်ကြပါသည်။

သို့ဖြင့် အမှုမှာ ထွန်းခင် ထပ်မံ အချုပ်ခံရသည်ကစ၍

http://www.cherrythitsar.org

www.foreverspace.com.mm



ရေတွက်သော် သက်သာသေး၏ဟု ထင်ရပေ၏။

ထိုခြောက်လအတွင်း ငွေစိန်နှင့် မကြာခဏတွေ့ရပေ၏။ အမှုချိန်းရက်များကို ကျွန်တော် ဒိုင်ယာရီမှာ မှတ်သားထားသော်လည်း ငွေစိန်ကမူ အလုပ်ခန်းသို့ လာ၍ သတိပေးလေ့ရှိ၏။ ကျွန်တော် အလုပ်များနေသည်နှင့် ကြုံလျှင် အပြင်က ကိုယ်ရောင်ပြ၍ ပြန်သွားလေသည်။ အမှုချိန်းရက်များတွင်ကား ရုံးသို့ရောက်လာ၏။ သူ့လက်ထဲမှာ သူ့ ယောက်ျားစားစရာများနှင့် ထောင်ထဲမှာလိုသော အခြား ပစ္စည်းများကို ယူလာလေ့ရှိ၏။ ထောင်သို့လည်း တနင်္ဂနွေ တစ်ပတ်တစ်ကြိမ်ထက်မနည်း ရောက်သည်ဟု သိရပေသည်။

ကျွန်တော်ကလည်း ငွေစိန့်ဆိုင်သို့ တစ်ပတ်တစ်ခါလောက်ရောက်ကာ ကိုယ်ရောင်ပြလေသည်။ ကျွန်တော့်အရှိန်အဝါကြောင့်ဟု ထင်ရသည်။ ယခုထိ ငွေစိန်အား ဘတုပ်တို့လူစု က နှောင့်ယှက်သည်ဟု မကြားရပေ။

ငွေစိန်သည် ကျွန်တော့်ထံသို့လည်း လက်ဆောင်ကလေး ယူလာတတ်သည်။ အထူးချုပ်ထားသော ပိန်းတန်းဖိနပ်၊ ချယ်ရီသား လက်ကိုင်တုတ် စသည်တို့ဖြစ်သည်။ ကျွန်တော် က ခါးခါးသီးသီးငြင်းလိုက်သောအခါ ငွေစိန်မှာ မျက်နှာမသာမယာဖြစ်ရရှာသည်။ အမှုပြီးလျှင် ချယ်ရီသားတုတ်ကို လက်ခံမည်ဟု ပြောထားရသည်။

ငွေစိန်ကို တွေ့ရတိုင်း သူ့အသွင်အပြင်နှင့် အမူအရာများကို သေချာစွာ အကဲခတ်ကြည့်ရသည်။ ဒုက္ခတွေကို ခုခံတိုက်ခိုက်ရင်း ဖြတ်လမ်းသို့ လိုက်သွားလေပြီလား။ ကျွန်တော့် အလုပ်ခန်းမှာဝင်း၊ တရားရုံးမှာဝင်း၊ တွေ့ရသောအခါများ၌

http://www.cherrythitsar.org

www.foreverspace.com.mm



အသွင်အပြင် အဝတ်အစားတွင်လည်း တိမ်းပါးသည်ကို မတွေ့ရ။ အမူအရာတွင်လည်း ချွတ်ချော်သည်ကို မတွေ့ရ။ ရိုးရိုးသားသား လုပ်ကိုင်စား သောက်သော ငွေစိန်ပင်၊ သူ့ဆိုင်တွင် တွေ့သောအခါများ၌ကား အနည်းငယ် မသက်သာ စရာများကို တွေ့ရတတ်သည်။ ယမန်နေ့ညက အလွန်အကျွံ လိမ်းကျံခြယ်သထားခြင်းများ၏ အစွန်းအစများ တွေ့ရ တတ်သည်။ မှိုင်တွေရီ ဝေသော မျက်နှာကို မြင်ရလျှင်လည်း ညက အိပ်ရေးများ ပျက်ထားလို့လားဟု စိုးရိမ်မိသည်။ သို့သော်. . . . တစ်နေ့လုံး ငုတ်တုတ်ထိုင်၍ ဈေးရောင်း နေရသူအဖို့ အဘယ်မှာ ကြည်လင်ဖျတ်လတ်နိုင်အံ့နည်း။ တစ်ခါတစ်ရံ ဆိုင်မဖွင့်ဘဲထားသည်နှင့် ကြုံရတတ်သည်။ နောက်တွေ့၍ မေးကြည့်လိုက်သောအခါမှာမူ သူပေးသော ဆင်ခြေများ ဖူလုံကြောင်းတွေ့ရသည်။

တစ်နေ့ သူ့ဆိုင်မှာတွေ့တော့ ငွေစိန်သည် ခါတိုင်းထက် ရွှင်ပျ ဖျတ်လတ်နေသည်ကို တွေ့ရလေသည်။ ကျွန်တော့်အား မြင်သည်ဆိုလျှင်ပင် အောင်မြင်မှုဖြင့် တက်ကြွသော အမူအ ရာမျက်နှာတို့ဖြင့်

'ဆရာကြီး ကျမလုပ်လိုက်တာ ဘတုပ်တို့လူစု ဝပ်ကျသွား ပြီ. . . .'

'အင်း. . . ကောင်းတာပေါ့။ ဘယ်လိုများ လုပ်လိုက်သလဲ'

'ရှုပ်ပါတယ် ဆရာကြီးရယ်၊ နားမထောင်ချင်ပါနဲ့. . . .'

'ဟဲ့-နင်တို့ အရှုပ်လောကကြီးထဲ နင်တို့လင်မယား သံ ယောဇဉ်ကြောင့် ငါခြေတစ်ဘက်ဝင်နေပြီပဲ၊ ငါသိချင်တာ ပေါ့'

http://www.cherrythitsar.org

www.foreverspace.com.mm



'ဟာ-မသိချင်ပါနဲ့ ဆရာကြီးရယ်။ ဆရာကြီး စိတ်အေးအေးသာနေပါ။ ကျမကို စောင့်ရှောက်တဲ့သဘောနဲ့ ခုလိုလာလာပြီး ကိုယ်ရောင်ပြတဲ့ ဒုက္ခလဲငြိမ်းပြီ။ ဆရာကြီး ဒုက္ခမခံပါနဲ့တော့'

'ငါကတော့ ဒုက္ခလို့ မအောက်မေ့ဘူး. . . .။ လောကဗဟု သုတလို့ပဲ အောက်မေ့တယ်။ ဟိုကောင်တွေ ဝပ်သွားအောင် ဘယ်လိုလုပ်လိုက်တယ်ဆိုတာတော့ သိချင်တယ်'

ထိုအတွင်း ဈေးဝယ်တစ်ယောက် ဝင်လာလေသည်။ ထို့ကြောင့် စကားဆက်မပြောသာပြီ။ ကျွန်တော်က ထွက်ခွာသွားတော့မည့်ဟန်ပြင်ဆဲ ငွေစိန်သည် ဈေးဝယ်သူအား ဖိနပ်များ ရွေးနေစေပြီး ကျွန်တော့်ဘက်သို့ လှည့်၍. . . .

'ဆရာကြီး စိတ်အေးအေးသာနေပါ။ ကျမက သူတို့ ထက်မည့်ပါဘူး။ သူတို့ကို နိုင်တဲ့လူတွေနဲ့ ပစ်ပေါင်းပြီးနှိမ်လိုက်တာပေါ့'

'မှတ်ကရော့'။ ကျွန်တော်သည် စိတ်ထဲမှာ ဤသို့ရေရွတ်မိလေသည်။ ငွေစိန်ပစ်ပေါင်းသည့် နည်းများသည် အရင်းမကြီးလေသော နည်းများ ဖြစ်ပါစေတော့ဟု ဆုတောင်းရင်း အိမ်သို့ပြန်ခဲ့သည်။

သည်လိုနှင့် အမှုစီရင်ချက်ချသောနေ့သို့ ရောက်ခဲ့လေ၏။

တရားခံ၊ တရားလို၊ ရှေ့နေ ရှေ့ရပ်နှင့် အသိုင်းအဝိုင်းများအားလုံး စုံညီစွာ တရားရုံးတော်သို့ ရောက်လာကြ၏။ ငွေစိန် တစ်ယောက်ပေါ်မလာ။ ကျွန်တော်ကတော့ အတော်ပင် စိုးရိမ်သည်။ ဤမျှချစ်မြတ်နိုးအပ်သော သူ့လင်ကို လက်ထိပ် ဖြုတ်ချိန်တွင် ဝမ်းသာအားရ ဆီးကြိုရန် ငွေစိန်သည်

http://www.cherrythitsar.org

www.foreverspace.com.mm



အခက်အခဲမဆို ချေဖျက်ရန် ကြိုးစားမည်မှာ မုချပင်။ မချေဖျက်နိုင်သော အခက်အခဲရှိ၍သာ မလာရောက်ခြင်းဖြစ်လိမ့်မည်။ ထွန်းခင်ကတော့ ငွေစိန်အလုပ်ရှုပ်နေလို့ မလာတာဖြစ်လိမ့်မည်ဟု သူ့ကိုယ်သူ နှစ်သိမ့်စေလေသည်။ ငွေစိန်အလုပ်ရှုပ်သမျှလည်း ထွန်းခင်အတွက်သာ ဖြစ်သည်ဟု သူကယုံကြည်ပြီးဖြစ်သည်။

ကျွန်တော် ကြိုတင်၍ သူတို့လင်မယားအား ပြောထားသည့်စကားအတိုင်း ထွန်းခင်မှာ ကွင်းလုံးကျွတ် လွတ်လေသည်။ သို့သော် သူ့ခမြာ ကိုအီဘရာဟင် အာမခံ မပေးမီကတစ်လ၊ ကိုအီဘရာဟင် အာမခံ ရုတ်ပြီးနောက် ခြောက်လအချုပ်ခံခဲ့ရရှာသေးသည်။

'ကဲ-မင့်မိန်းမဆီ လိုက်သွားပေတော့။ နောက်ပြီးတော့ ငါ့ဆီကို အကျိုးအကြောင်းလာပြောဦး'

'ဟုတ်ကဲ့ဆရာ ကျွန်တော် ဘယ်အချိန် ဘယ်ကို လာခဲ့ရမလဲဆရာ. . . .'

'အင်း မင်းတို့လင်မယားကတော့ ငါ့အမှုသည် ရိုးရိုးမဟုတ်တော့ဘူး'

'ဒီတော့ မင်းတို့လာချင်တဲ့အချိန်မှာ လာချင်တဲ့နေရာလာခဲ့ပေတော့။ အိမ်ကိုလဲ လာနိုင်တယ်. . . .'

'ဟုတ်ကဲ့. . . . ဆရာကြီး. . . .'

သူအသော့ထွက်ခွာသွားပုံကို နောက်ကကြည့်ပြီး. . . .

ဝ-ရီးခနဲ ထိုးပျံထွက်သွားသော ငှက်ကလေးလို မျက်စိထဲမှာ မြင်နေလေသည်။

www.foreverspace.com.mm
http://www.cherrythitsar.org


(၅)

နောက်တစ်နေ့နံနက်တွင်ကား ကျွန်တော် နံနက်ခင်း လမ်းလျှောက်ရာမှ အပြန်တွင် ထွန်းခင်သည် ကျွန်တော့် အိမ်သို့ ရောက်နေနှင့်သည်ကို တွေ့ရလေ၏။

. .

ထွန်းခင်က ထ၍ ဆီးကြိုသည်။ ထွန်းခင်တစ်ယောက်ထဲပဲဖြစ်သည်။ များစွာစိတ်ပျက်သည့်လက္ခဏာကိုလည်း ဆောင်နေ၏။စားပွဲပေါ်တွင် ငွေစိန်တစ်ခါတုန်းက လက်ဆောင်အဖြစ်ဖြင့် ယူလာသော ချယ်ရီသား လက်ကိုင်တုတ်ကို တင်ထားသည်။ ငွေစိန်သာ လိုက်လာခဲ့နိုင်လျှင် သူတို့ လင်မယားသည် လက်ကိုင်တုတ်ကို ကန်တော့ပွဲအဖြစ် ထား၍ ကျွန်တော့်အား ကန်တော့ကြပေလိမ့်မည်။ ကျွန်တော်သည် ကျွန်တော့်လက်က ကြိမ်တုတ်ကောက်ကို ချယ်ရီတုတ် ဘေးမှာ ယှဉ်၍ချထားလိုက်သည်။ ကုလားထိုင်ဆွဲထိုင်ရင်း. . . .

'ထိုင်ကွာ-ထွန်းခင်၊ အေးအေးသက်သာ ပြောကြတာပေါ့'

ထွန်းခင်မှာ လက်ကြိုး၊ ခြေကြိုး ပြတ်နေသော အရုပ်ကြီးလို ထိုင်လိုက်၏။

ကျွန်တော်သည် နံနက်ခင်း ဆောင်းသော အဝတ်ပျော့ ဦးထုပ်ဝိုင်းကလေးကို စားပွဲပေါ်ပစ်တင်လိုက်၏။ နောက် ရှက်ထည်ဖိနပ်နှင့် ခြေအိတ်များကို ချွတ်ပစ်လိုက်သည်။ ပြီး တော့မှ-

'ကဲ ဘယ်လိုဖြစ်သတဲ့လဲ ပြောစမ်းပါဦး'

'ဟောဒီ စာကလေးဖတ်ကြည့်ပါတော့ဆရာကြီးရယ်'

သူ့အသံကား ကွဲအက်နေသည်။ အတွင်းက အသည်း

www.foreverspace.com.mm
http://www.cherrythitsar.org


နှလုံးကွဲအက်ခြင်း၏ ပွဲတင်သံပင်ဖြစ်အံ့ထင်သည်။

ဗလာစာအုပ်ထဲမှ ဆွဲဆုတ်ထားသောစက္ကူတွင် လွတ်ရာမှာ ရေးထားသော စာဖြစ်လေသည်။

အစ်ကို့ထံ စာရေးခဲ့ပါသည်။

ကျမတော့ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုတာလို ဖြစ်ရပါပြီ။ ကျမကတော့ အစ်ကိုနှင့်မထိုက်တန်တော့တဲ့ ဘဝထဲ ရောက်သွားပါပြီ။

အစ်ကိုရင်းနှီးစားဖို့ ငွေ ၂၀ဝိ ထားခဲ့တယ်။ ဆရာကြီးပြောထားလို့ အစ်ကိုလွတ်မယ်ဆိုတာ စိတ်ချတယ်။ ဆရာကြီးဆီသွားပြီး အဲဒီလက်ကိုင်တုတ်ကို ကန်တော့လိုက်ပါ။

ဖိနပ်တချို့နှင့် ဗန်းလဲ အမေတို့ဆီမှာ အပ်ထားတယ်။

ကျမတော့ ခုလိုဖြစ်ရတာ အမေ့ကိုတောင် မရှက်ပါဘူး အစ်ကိုနှင့် ဆရာကြီးကို အရှက်ဆုံးပဲ။

ငွေစိန်

ကျွန်တော်သည် စာကို ဖတ်ပြီး သက်ပြင်းကြီးချလိုက်မိ၏။ ထွန်းခင်ကား ငေးမှိုင်၍သာ နေလေသည်။

စိတ်လဲမရှိနဲ့ထွန်းခင် ငါတစ်ခုမေးချင်တယ်။ ငါက ငွေစိန်အကြောင်း အမှန်အတိုင်း သိချင်လို့မေးတာ။ သူ့ကို အထင်သေးလို့ မဟုတ်ဘူး’

‘မေးသာမေးပါဆရာ’

‘ငွေစိန်ဟာ ဖောက်ပြားလော်လည်တတ်တဲ့ ဉာဏ်မျိုးရှိသလား’

www.foreverspace.com.mm
http://www.cherrythitsar.org


'မရှိပါဘူးဆရာ၊ အပျိုဘဝတုန်းကလဲ ဒါမျိုးမရှိဘူး။ ကျွန်တော်နဲ့ ညားတော့လဲ လုံးဝမရှိဘူး'

'ရာဂစိတ် လွန်ကဲတယ်လို့ကော ဆိုနိုင်သလား'

'လုံးလုံးမဆိုနိုင်ဘူးဆရာကြီးရဲ့ ကျွန်တော်အသိဆုံးပါ'

'အေး ငါလဲဒီလိုပဲထင်တာပဲ။ နေပါဦး မင်းအမှုမှာ ရှေ့နေလိုက်ငှားတာ၊ အာမခံရအောင် လုပ်တာ၊ အစစအရာရာ အဆင်ပြေအောင်လုပ်တာ ဘယ်နည်းနဲ့ ငွေစိန်လုပ်တယ်လို့ကော မင်းသိသလား'

ထွန်းခင်သည် ကျွန်တော့်အမေးကြောင့် ခပ်တွေတွေဖြစ်သွားလေသည်။ အတန်ကြာတော့မှ. . . .

'မသိဘူး သိတယ်လို့ ဖြေရမလိုဖြစ်နေလို့ ဆရာကြီးရဲ့။ ငွေစိန်ဟာလေ တစ်ခုခုလုပ်မယ်ဆိုရင် ဘယ်နည်းနှင့်ဖြစ်ဖြစ် ဖြစ်အောင် လုပ်တတ်တယ်။ ကျွန်တော်ကမေးပါသေးရဲ့ ငွေစိန်မင်း ဘယ်နည်းနဲ့ ပြီးအောင် လုပ်လာခဲ့သလဲလို့ မေးတော့ ဒီတော့ ငွေစိန်က အစ်ကိုရယ် ဘယ်နည်းနဲ့ပြီးပြီး ပြီးတာသာ လိုရင်း မဟုတ်လား။ မေးမနေပါနဲ့လို့ ပြောတယ်။ ကျွန်တော် စိတ်ထဲမယ် မဟုတ်တယုတ်နည်းတွေနှင့် သူလုပ်ခဲ့လေသလားလို့ စိုးရိမ်မိပါသေးရဲ့။ သို့ပေမဲ့ သည်ထက်ပိုပြီးမမေးရဲဘူး။ မေးလဲ မမေးရက်ဘူး။ စိုးရိမ်တဲ့အတိုင်း ဟုတ်နေရင်လဲ အခက်၊ မဟုတ်ရင်လဲ ဂွ။ ဒီတော့ သည်လိုပဲ နေလိုက်ရတော့တာပဲ။ လက်တွေ့အခြေအနေနဲ့ ကြည့်လိုက်ပြန်တော့လဲ ကျွန်တော်တို့ လင်မယားမှာ ကိစ္စအောင်မြင်ပြီးစီးတာက ပဓာနဖြစ်နေတယ်။ ဘယ်နည်းဘယ်လမ်း ဆိုတာ က အရေးမကြီးတော့ဘူး'

'အေး အေး ငါနားလည်ပါတယ်ကွာ။ တကယ်လို့ ခုနေ

http://www.cherrythitsar.org
www.foreverspace.com.mm


မင်းသူ့ကို ပြန်တွေ့ရင် သူ့အပြစ်ဆိုးတွေကို လုံးလုံးခွင့်လွှတ်နိုင်ပါ့မလား’

စိတ်ပျက်လက်ပျက်မှိုင်တွေကျနေသော ထွန်းခင်သည် အသက်ဝင်၍ တက်ကြွလာပြီး. . . .

‘ဘယ့်နှယ်ပြောလိုက်ပါလိမ့် ဆရာရယ်၊ ခွင့်မလွှတ်နိုင်ဘဲ ရှိပါ့မလား။ သူဟာ ဘယ်ပဲရောက်နေနေ၊ သူ့အချစ်ဟာ ကျွန်တော့်ဆီမှာပဲ ရှိနေမှာပဲ။ ဒါကို ကျွန်တော် လုံးဝ ယုံကြည်စိတ်ချတယ် ဆရာကြီးရဲ့။ ခက်နေတာက သူ့ကိုတွေ့ဖို့ လမ်းစ ပိတ်နေသလို ဖြစ်နေတယ်။ သိရင် ခုချက်ချင်း သွားခေါ်မှာပဲ’

ကျွန်တော်လည်း ငွေစိန်အား ရှာဖွေပြီး ထွန်းခင်လက်သို့ အပ်လိုသည်။ ငွေစိန်လို အဖိုးတန်သော မိန်းကလေးတစ်ယောက်သည် ထွန်းခင်လို ရိုးသားသောသူနှင့်သာ ထိုက်တန်သည်။ ငွေစိန်သည် မစင်ပုပ်ထဲမှာ မနစ်မွန်းထိုက်။

‘ဟော့-ထွန်းခင် သူ့စာထဲမှာ ဒီလိုဆိုထားတယ်ကွ။ ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးတဲ့။ သူ ငါ့ကိုပြောဖူးတာက ဘတုပ်တို့ကို ဝပ်သွားအောင် သူလုပ်လိုက်သတဲ့။ လုပ်လိုက်တာကလဲ ဘတုပ်ကို နိုင်တဲ့လူတွေနှင့် ကပ်ပေါင်းပြီး လုပ်လိုက်တယ် ဆိုပဲ။ ဒီကောင်တွေကို ဘယ်နည်းနဲ့ကပ်ရမယ်ဆိုတာ တွေးကြည့်ပေတော့။ ဒီလူမျိုးတွေကလဲ လူအားသာမက ငွေအားလဲကောင်းလိမ့်မယ်။ မျက်နှာကြီးတွေနဲ့လဲ အဆက်အသွယ် ပိုကောင်းလိမ့်မယ်။ အဲဒီတော့ငွေစိန် ရှိမဲ့နေရာဟာ ဘတုပ်တို့ဂိုဏ်းကို ကတုံးပေါ်ထိပ်ကွက်နိုင်တဲ့ ဂိုဏ်းတွေပဲ ဖြစ်မယ်ကွ’

http://www.cherrythitsar.org

www.foreverspace.com.mm



'ဟာ. . . . ဆရာကြီး ကျွန်တော်သိပြီ။ စောစောကတော့ ထူပူနေပြီး မစဉ်းစားတတ်ဘူး။ ကျွန်တော် တွေ့အောင်ရှာပြီး ကယ်ယူမယ်'

'အေး. . . . တွေ့အောင်ရှာပြီး ကယ်ယူပါကွာ။ ငွေစိန် ဟာ ဒီ အဖြစ် မရောက်အောင် ရုန်းကန်ရင်း မင့်အတွက် ကြိုး စားရင်း လှေလှော်ရင်း တက်ကျိုးသွားတာပါကွာ'

'ပြန်တွေ့ရင်လဲ ကျွန်တော် သိမ်ကြီးဈေးနားတဝိုက်မှာ မနေတော့ဘူးဆရာ ထောင်ထဲမှာ အချုပ်ခံနေရတဲ့ သူဌေး တစ်ယောက်နှင့် ခင်ခဲ့တယ်။ သူက ကျွန်တော်တို့ နှစ်ယောက် စလုံးအတွက် အလုပ်ပေးမယ်တဲ့။ အဲဒီအလုပ်ကိုပဲ သွား လုပ်တော့မယ်။ လမ်းပေါ်ဈေးသည်ဘဝက ဝေးရာရှောင် တော့မယ် ဆရာကြီးရယ်'

'အေး အေး ဝေးရာ ရှောင်နေဖို့ပဲ ကောင်းတော့ တာပါပဲ။ ဒါပေမဲ့ ဒါကို နောက်မှစဉ်းစားကြတာပေါ့ကွာ။ ခုအရေးကြီးတာက ငွေစိန်ကို တွေ့အောင်ရှာပြီး ဖြစ်အောင် ကယ်တင်ဖို့ပဲ။ မုန်တိုင်းကြားမှာ လှေလှော်ရင်း တက် ကျိုးနေတယ်။ ဘယ်လောက်လှိုင်းလေ ထန်ထန် ဘယ်လောက် အန္တရာယ်များများ ငွေစိန်ဆီ မင်းအရောက်သွားပြီး ကယ် လိုက်ပါကွာ'

'စိတ်ချပါ ဆရာကြီးရယ်. . . . ကျွန်တော့်အသက် စွန့်ရစွန့်ရပေါ့။ ဒီတစ်ခါ ကျွန်တော့်အလှည့်ပဲ'

'ကဲ သွားပေတော့. . . . ငါလဲ ရေချိုးဦးမယ်'

ပြောပြောဆိုဆို ကျွန်တော်သည် ထိုင်ရာမှထလိုက်သည်။ အစေခံတစ်ယောက်ကိုခေါ်ပြီး ခုံဖိနပ်တောင်းလိုက်သည်။ သူ

http://www.cherrythitsar.org

www.foreverspace.com.mm



သည်လည်း ထိုင်ရာမှထပြီး ချယ်ရီသားလက်ကိုင်တုတ်ကိုယူကာ ကျွန်တော့်ရှေ့မှာချ၍ ဝပ်ချလိုက်သည်။ ငွေစိန်သာပါလျှင် နှစ်ယောက်ပြိုင်တူ ဝပ်ချ၍ ကျွန်တော့်အား ကျေးဇူးတင်ကြောင်း ပြကြပေလိမ့်မည်။

ကျွန်တော် ရင်ဆို့လာ၏။ ကြည်နူးခြင်းပီတိအဟုန်ဖြင့် ရင်ဆို့ခြင်းသာ ဖြစ်ပေသည်။ ငွေ ၂၀၀ ရှေ့နေခ ရခြင်းထက် ကြည်နူးဖွယ်ကောင်းသည် မဟုတ်ပါလား။ ဤသို့သော ကြည်နူးခြင်းပီတိအဟုန်ကို ရှေးယခင်က တစ်ခါမျှ မခံစားရဘူးသေးချေ။

ထွက်ခွာသွားသောထွန်းခင်အား လှမ်းပြောလိုက်သည်။

'အကျိုးအကြောင်း ငါ့ဆီလာပြောဦးနော်'

'ဟုတ်ကဲ့ဆရာ'

သို့သော် ယနေ့တိုင် ထွန်းခင်အား ပြန်မတွေ့ရသေးပါ။

လှိုင်းလေပြင်းထန်သော သူတို့ဘဝဝယ် လှေလှော်ရင်းတက်ကျိုးနေသော ငွေစိန်အား ကယ်တင်ရန် ကြိုးစားရင်း ထွန်းခင်၏ တက်သည်ပင်လျှင် ကျိုးများသွားပြန် လေပြီလော မပြောတတ်သေးပါတကား. . . .။ ။

www.foreverspace.com.mm

# အနိဋ္ဌာရုံပါတကား

သိန်းဖေမြင့်-ရေးသည်

(၁)

သူသည် အခုအလုပ်ကို မရခင်က အလုပ်မျိုးစုံလုပ်ခဲ့ဖူးပြီ။ နောက်ဆုံးအလုပ်မှာ သူနေသော လမ်းဘေးတဲကလေးတွင် ဆံပင်ညှပ်ခုံတစ်ခုံ ထားပြီး ကိုယ်တိုင်ဆံပင်ညှပ်ခြင်းဖြစ်လေသည်။ သူ့ဆံပင်ညှပ်ဆိုင်လမ်းဘေးတဲနှင့် အခြားလမ်းဘေးတဲများသည် ရာဇဌာနီ မင်းနေပြည်ကြီး၏ မျက်နှာကို အိုးမဲသုတ်သလို ဖြစ်ခဲ့၏။ မြို့တော်၏ ညစ်ပတ်ခြင်း၊ နံစော်ခြင်းနှင့် ခြင်ပေါခြင်းများ၏ အကြောင်းရင်းအဖြစ်ဖြင့် အပြစ်ပုံချ လက်ညှိုးထိုးပြစရာဖြစ်ခဲ့။

ထို့ကြောင့် သာယာသောနံနက်ခင်းတစ်ခုတွင် သူတို့၏လမ်းဘေးတဲကလေးကို ဖျက်သိမ်းခဲ့ရ၏။ လမ်းဘေးတဲကလေးပေါ်မှ ခနိမိုးနှင့်အတူ သူ့ဆံပင်ညှပ်ဆိုင် ပြိုကျခဲ့၏။ လမ်းဘေးတဲ၏ မဒမတိုင်များနှင့်အတူ သူ့အသက်မွေးဝမ်းကျောင်းမှု ယိုင်လဲခဲ့ရ၏။ အမိုးအကာ ဗလာဖြစ်သော အိမ်ထောင်စုဘဝမှ အလုပ်လက်မဲ့ဘဝသို့ ပြိုင်တူရောက်ရရှာလေသည်။

ရာဇဌာနီ မင်းနေပြည်တော်ကြီးသို့ ကြွရောက်လာသော မင်းပရိသတ်တို့သည် အမြင်မတော်သည့် ရှုခင်းများကို ခဏတဖြုတ်ရင်မဆိုင်ဘဲ မျက်နှာ လွှဲနိုင်မည်ဖြစ်သော်လည်း သူနှင့် သူ့အိမ်ထောင်စုကား အမိုးအကာမဲ့ အလုပ်လက်မဲ့ဘဝကို

http://www.cherrythitsar.org
www.foreverspace.com.mm


ခဏကလေးမျှ ရင်မဆိုင်ဘဲ မျက်နှာလွှဲမထားနိုင်။ သူသည် ချက်ချင်းပင်နေစရာရှာရ၏။ ချက်ချင်းပင် အလုပ်ရှာရ၏။ အစိုးရက ချိုသာစွာ ငှားမည်ဆိုသော အမိုးအကာတွင် ခိုလှုံချင်ပါသော်လည်း အလုပ်အကိုင်နှင့် အပေါက်အလမ်း မတည့်သဖြင့် ထိုအရပ်သို့ မပြောင်းနိုင်။

သူသည် ရရာလုပ်မည်ဟူသော ဖွဲ့ဖြင့်ရှာသဖြင့်သာ အခုအလုပ်ကို ရလေသည်။ အလုပ်ရပြီးသောအခါလည်း ဖြစ်သလိုနေမည်ဟူသော ဖွဲ့ဖြင့် တဲထိုးရန်နေရာလိုက်ရှာသည်။ မင်းပရိသတ် မဖြတ်မသန်းသည့် လမ်းကြီးတစ်ခုဖြစ်သောကုက္ကိုင်းရပ်ကွက်လမ်းကြားတစ်ခုမှာ တဲဝင်ထိုးခဲ့လေသည်။

အခုအလုပ်မှာ ဆံပင်ညှပ်ခြင်းနှင့် လုံးဝမပတ်သက်သောအလုပ် ဖြစ်သည်။ လက်၏ကျွမ်းကျင်မှုမလို။ ဦးနှောက်၏ တီထွင်ထိုးထွင်းမှုမလို။ အလုပ်အထူးသင်ဖို့ မလိုသော မာလီလိုလို၊ ပြာတာလိုလို၊ ကူလီလိုလို၊ အလုပ်ဖြစ်လေသည်။ ‘ဥရောပတိုက်သားများအတွက်သာ’ ဟူသော ကုက္ကိုင်းရေကူးကန်တွင် အဆင်သင့်အလုပ်ရခဲ့လေသည်။

ဂွတ်တလစ်လမ်းနှင့် ဟာမစ်တစ်လမ်းကြားရှိ ကုက္ကိုင်းရေကူးကန်သည် ပတ်ဝန်းကျင်မှ သီးသန့် ခြားနားနေပြီ။ အထူးသာယာပေသည်။ ထူထပ်မြင့်မားသော ကြခတ်ဝါးရုံ ခြံစည်းရိုးသည် အပြင်က မမြင်နိုင်အောင် ကာဆီးထားသဖြင့် အတွင်းမှာ ရေချိုးသူတို့သည် လွတ်လပ်စွာ ကစားမြူးထူးနိုင်ကြသည်။ အလှစိုက်ထားသော ရာဘာပင်ကြီးများက ထီးမိုး၍ပေးထားသည်။ ယုယပြုပြင်ထားသော မြက်ခင်းများမှာ ကော်ဇောစိမ်းကြီးများ ဖြန့်ခင်းထားသလို နေသည်။ သူသည်

http://www.cherrythitsar.org

www.foreverspace.com.mm



ရေကူးကန်၏ ရှုခင်းသာယာတွင် စိတ်ချမ်း မြေ့ခြင်း ဖြစ်မိ၏။ ဝါးရွက်စိမ်းနှင့် ဖက်နံ့သင်းသင်းကို အားရပါးရ ရှူရှိုက်နေမိ၏။ ကြည်လင်သော ရေတွင် ကိုယ်တိုင်မကူးရသည့်တိုင်အောင် ရေကိုမြင်ရုံဖြင့် အေးမြခြင်းကို ခံစားနေရလေသည်။ အသက်ရှုကြပ်သော ဆံတိုဆံစ ဟိုကပ် သည်ဝင်ဖြစ်နေသော ဆံပင်ညှပ်ဆိုင်အလုပ်ခွင်နှင့် ဤရေချိုးကန်အလုပ်ခွင်ကို ယှဉ်ကြည့်ပြီး အခုအလုပ်ကို ပို၍နှစ်သက်မိသလို ဖြစ်နေသည်။ သန့်ရှင်းသော ရေချိုးကန်အရိပ်တွင် ခိုလှုံမိပြီဖြစ်ရကား ဆံပင်ညှပ်ဆိုင်ထောင်ခဲ့သော လမ်းဘေးတဲတန်း၏ ညစ်ပတ်ရှုပ်ထွေးသော ရှုခင်းတွင် အပြစ်မြင်တတ်လေပြီ။ ရာဇဌာနီမင်းနေပြည်နှင့် မသင့်တော်သော နိုင်ငံခြားဧည့်သည်တော်များအဖို့ အမြင်မတော်သော အာဏာပိုင်တို့က အတင်းအဓမ္မရှင်းလင်းပစ်ခြင်းတွင် အပြစ် မမြင်အောင်ပင် ဆင်ခြင်တတ်လာလေပြီ။

ခုအလုပ်မှာ ဆံပင်ညှပ်ရသည်လောက် မပင်ပန်းဟုလည်း သူထင်သည်။ သစ်ရွက်ခြောက် ကောက်ရသည်။ မြက်နုတ်ရသည်။ တစ်ခါတစ်ရံ မြက်ခုတ်စက်ဆွဲရသည်။ ရေကန်မှ ရေဖောက်ချသည့်အခါ ဖောက်ရ၍ ရေသွင်းသည့်အခါ သွင်းရသည်။ ရေဖောက် ရေသွင်းအလုပ်မှာ ပင်ပန်းသော အလုပ်မဟုတ်။ ပိုက်ခေါင်းက ခလုတ်ကို လှည့်ရုံဖြင့်ပြီးနိုင်သော အလုပ်ဖြစ်သည်။ ပန်းပင်စိုက်စရာ မြေတူးစရာ မြက်ရိတ်စရာ ရှိလျှင် မာလီကုလားတွေ လုပ်ကြသည်။ သူလုပ်ဖို့မလို။

သို့သော် ခဏကြာတော့ ဤအလုပ်တွင် အပြစ်တစ်ခု မြင်လာသည်။ ပြောပလောက်သော အပြစ်တော့ မဟုတ်ပါ။ ဆံပင် ညှပ်သမားလုပ်စဉ်က အကျင့်ပါနေ၍သာ ဤဟာကို

http://www.cherrythitsar.org

www.foreverspace.com.mm



အပြစ်ဟု မြင်နေခြင်းဖြစ်သည်။ ဆံပင်ညှပ်စဉ် ဆံပင်ညှပ်ခံသူနှင့် စကားမျိုးစုံပြောနိုင်သည်။ အရပ်ထဲက မင်္ဂလာဆောင်အကြောင်းကနေပြီး ကြီးငါးကြီး တွေ့ဆုံရေးအကြောင်းသို့ငင်း၊ ပြဆဲရုပ်ရှင်ကားများအကြောင်းမှနေပြီး ဖ၊ဆ၊ပ၊လနှင့် ကွန်မြူနစ်အကြောင်းများသို့ငင်း ကူးပြောင်းပြောဆိုနိုင်သည်။ ဆံပင်ညှပ်ခံသူသည် စကားနည်းသူဖြစ်လျှင် သူ့မိန်းမအားငင်း၊ သူ့သားသမီးကလေးများအားငင်း လှမ်း၍ စကားပြောနိုင်သည်။ ယခုမူ လုပ်ဖော်ကိုင်ဘက်နှင့်လည်း စကား မပြောနိုင်။ ဟိုနားတစ်ယောက် ဒီနားတစ်ယောက် ခွဲလုပ်ကြရ သည်။ သူ့မိန်းမနှင့်သားသမီးတို့မှာလည်း အနီးတွင်မရှိ။ ရေကူးလာသူ မျက်နှာဖြူတို့နှင့်ကား ဘာစကားမျှ ပြောနိုင်စရာအကြောင်းမရှိ။ အခွင့်အရေးမရှိ၊ သူ့အား ငင်းတို့က အဘက်လုပ်ဖို့နေနေသာသာ၊ စေ့စေ့စပ်စပ်မျှ မကြည့်၊ အမှန်စင်စစ် သူတည်းဟူသော လူသားတစ်ယောက် သူတို့အနီးမှာ လှုပ်ရှားသွားလာနေသည်ဟူ၍ပင် အသိအမှတ်ပြုဟန် မရှိချေ။ ဆံပင်ညှပ်အလုပ်ခွင်တုန်းက ဖောက်သည်များက သူ့ အား အဖက်လုပ်၍ဆက်ဆံကြသည်။ ဤအလုပ်ခွင်တွင် မျက်နှာဖြူ ဖောက်သည်တို့သည် သူ့အား အဖက်မလုပ်ကြချေ။ သို့ကလို စကားမပြောရခြင်းကြောင့် ဟာတာတာနိုင်သည်ဟု သူထင်သည်။ သို့ကလိုဖောက်သည်တို့က အဖက်မလုပ်ခြင်းကြောင့် ကိုယ့်ကိုယ်ကို. . . . နုံသလိုလို။ အောက်ကျသလို လိုထင်မိလေသည်။

ရေကူးလာသော မျက်နှာဖြူများသည် ကန်ဘေးတွင် သစ်ရွက်ခြောက်ကောက်နေသော သူအား စကား မပြောရုံ၊ စေ့စေ့မကြည့်ရုံ၊ အဘက်မလုပ်ရုံ၊ သူတို့အနီးမှာ သူတစ်

http://www.cherrythitsar.org
www.foreverspace.com.mm



ယောက်ရှိနေသည်ဟု အသိအမှတ် မပြုရုံမက သူ့အား မျက်စိမပါသူ၊ နားမကြားသူပမာ သဘောထားကြဟန် တူ သည်။ အကြောင်းမူကား သူ့အနီးတွင် ထင်ရာပြောပြီး ထင်ရာလုပ်ကြသည်။ မျက်နှာဖြူယောက်ျား မိန်းမတို့သည် ခန္ဓာကိုယ်အလယ်ပိုင်း ကွက်ကွက်မှတစ်ပါး ဝတ်လစ်စလစ်ထားလျက် သူ့ရှေ့မှာ ပြေးလွှားခုန်ပေါက်ကြသည်။ ဒိုင်ဗင်ထိုးကြသည်။ ဖက်ကြသည်။ ယမ်းကြသည်။ မြူးတူးကြသည်။ 'ဟီး' တိုက်ကြသည်။ အစကတော့ သူမျက်စိနှင့်နားရှက်သည်။ သို့သော် တဖြည်းဖြည်းမျက်စိနှင့်နားသည် ထိုအာရုံများတွင် ကျင့်သားရလာလေသည်။ နောက်တော့ သူ့မျက်စိနှင့်နားတို့သည် ထိုဝတ်လစ်စလစ် အာရုံများတွင် သာယာတပ်မက်၍ လာလေတော့သည်။

ခန္ဓာကိုယ် အလယ်ပိုင်း ကွက်ကွက်မှတစ်ပါး ဝတ်လစ်စလစ်ဖြစ်သော အကြင်မျက်နှာဖြူမ၏ ပေါင်တံကိုဇင်း၊ တင်ပါးဆုံကိုဇင်း ကြည့်ရှုစစ်ဆေး၍ အပျိုလော အအိုလော။ အပျိုရည်စစ်လော။ အပျိုရည်ပျက်လော၊ ခလေးအမေ နို့ပျဉ်းရှည်လော၊ ပွဲတိုင်းကျော်သည့် မုဆိုးမလော။ ပဒုမ္မနီလော၊ ဟတ္တနီလော စသည်ဖြင့် ဝေဖန်ပိုင်းခြားကာ အတွေးနယ်ချဲ့နေတတ်ပေသည်။

အကြင်မျက်နှာဖြူမနှင့် မျက်နှာဖြူထီးတို့သည် ရေမကူးခင်ဖြစ်စေ၊ ရေကူးရင်းဖြစ်စေ၊ ရေကူးပြီးမှဖြစ်စေ၊ ပြေးတမ်းလိုက်တန်း ကစား၍ ဖမ်းမွှေ့ဖက်ရမ်းလုပ်ကြသည်ကိုမြင်လျှင် သူလည်း မြူးတူးမိ၏။ နမ်းရှုပ်ကြသည်ကိုမြင်လျှင် သူ့ရင်တွင်းမှာ အေးကနဲ နွေးကနဲ လှိုင်းထမိ၏။

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်နေ့သော ညနေစောစောတွင် နေမင်းက ထိန်ဝင်းလျက်ရှိသည်။ တလောကလုံး ပူပြင်းနေဟန်ရှိသော်လည်း ရေကူးကန်ရိပ်သာကား အေးမြလျက်ရှိသည်။ လူရှင်းနေသဖြင့် တိတ်ဆိတ်နေပေရာ ပိုလို့ပင် အေးမြနေသည်ဟု ထင်ရသည်။ သူသည် ကန်ဘေးက မြက်ခင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ မြက်နုတ်ဟန်ပြု၍ အနားယူနေလေသည်။ သူသည် ရေကူးကန်၏သာယာသော ပတ်ဝန်းကျင်တွင် နှာခေါင်းမဖော်နိုင်အောင် နစ်မြုပ်နေလေသည်။ သူ့ရှေ့သို့ ရွှေရောင်ဝါနေသော သစ်ရွက်ကလေးတစ်ရွက်သည် ဝေ့ကာဝိုက်ကာ ပျံဆင်းလာသည်။ သစ်ပင်ပေါ်မှ ဂျိုးဖြူကူသံကိုကြားရလေသည်။

ထိုအခိုက်သူသည် နောက်မှ ခြေသံရွှရွှကို ကြားသဖြင့် လှည့်ကြည့်လိုက်သည်။ ရေကူးဝတ်စုံနှင့် မျက်နှာဖြူမကလေးတစ်ယောက်က သူ့အားပြုံးကြည့်နေသည်ကို တွေ့ရလေသည်။ သူမ၏အပြုံးမှာ တလောကလုံးအတွက် အပြုံးပင်ဖြစ်သော်လည်း သူ့အတွက် သီးသန့်ပြုံးသည်ဟု သူက ထင်လိုက်သည်။ သူတည်းဟူသော လူတစ်ယောက် အနားမှာရှိနေသည်ဟုပင် အသိအမှတ်မပြုသော အခြားမျက်နှာဖြူရေကူးသူတွေနှင့် ကွာခြားလှဘိခြင်း။ သူမ၏ အကြည့်သည် ဘုရင်မကြီးက ဒူးတုပ်ဦးတိုက်နေသော ကျေးတော်မျိုး ကျွန်တော်မျိုးအား ကြည့်လိုက်သော အကြည့်မျိုးဖြစ်သည်။ သို့သော် သူ့အား အဖက်လုပ်၍ ကြည့်လိုက်သည်ဟု သူကထင် သည်။ သူ့အား အဖက်မလုပ်သော အခြားမျက်နှာဖြူ ရေကူးလာသူတွေနှင့် လုံးဝမတူချေတကား။

www.foreverspace.com.mm
http://www.cherrythitsar.org



သူမသည် ကိုယ်အလှပြိုင်ပွဲဝင် မယ်လောင်းတစ်ဦးသည် အကဲဖြတ်လူကြီးများ ရှေ့မှာ လျှောက်ပြသလို မြက်ခင်းပေါ်မှာ လျှောက်နေ၏။ မျက်နှာကို ခပ်မော့မော့ထားပြီး ပတ်ဝန်းကျင်၏အလှနှင့် လန်းဆတ်ခြင်းကို တအား ရှူရှိုက်နေဟန်တူသည်။ သူသည် ခပ်မော့မော့ထားသော သူမ၏မျက်နှာကို ဘေးတိုက်မြင်လိုက်ရသောအခါ သူ့ဆံပင်ညှပ်ဆိုင်တွင် အမြတ်တနိုး ချိတ်ဆွဲထားခဲ့သော ရေမွှေးကြော်ငြာ ဗိုလ်မရုပ်ပုံကလေးကို ပြေးသတိရလေသည်။

သူမသည် နွဲ့ဟန်ယိမ်းဟန်ဖြင့် လက်လှုပ်ရှား၏။ သူမက တော့ သွေးပူလာအောင် လှုပ်ရှားခြင်းပြုဟန် တူသော်လည်း သူ့အား သူမ၏ ဖောင်းကြွမို့မောက်သည့် ရင်သားကို တမင်ပြသည်နှင့် တူတော့သည်။ သူမသည် သူ့အားကျောပေးပြီး လျှောက်နေသောအခါ ပြည့်ဖြိုးအိစက်သော တင်သားတို့သည် နိမ့်တုံမြင့်တုံ ဖြစ်နေသည်ကို မြင်ရရာ သူ၏နှလုံးသားတို့သည်လည်း နိမ့်တုံမြင့်တုံဖြစ်နေသည်ဟု ထင်မှတ်မိသည်။

သူသည် သာယာအေးမြ၍ ငြိမ်သက်သော ဤအခါမျိုးတွင် ဤလိုယောက်ျားတကာတို့၏ အာရုံကို ဆွဲယူ ညှတ်နှိုးစေနိုင်သော အနိဋ္ဌာရုံတွင် တပ်မက်တွယ်တာကာ အကြိမ်ကြိမ်အခါခါ ကြည့်မဝ ရှုမဝဖြစ်နေမိသည်မှာ သဘာဝ အလိုကျဖြစ်ပေသည်။ သူသာ စာကြီးပေကြီးနှင့် အကျွမ်းဝင် သူဖြစ်ပါက တောကြီးမျက်မည်း ဆိတ်ငြိမ်ရာဝယ် အာရုံငါးပါးဖြင့် ဖမ်းစားနေသော မိုးကျနတ်မယ်နှင့် တွေ့ရသော မင်းသားကလေး နေရာတွင် သူ့ကိုယ်သူထား၍တွေးတောငေးမော နေမိပေလိမ့်မည်။

http://www.cherrythitsar.org

www.foreverspace.com.mm



သူမသည် အတန်ကြာ ကိုယ်နေလှဟန် ပုံသဏ္ဍာန်အမျိုးမျိုးကို ပြရင်း ကိုယ်လက်လှုပ်ရှားပြီးနောက် ရေကို ကသိုဏ်းရှုလိုက်သည်။ ထို့နောက် သူ့ဘက်တစ်ချက် လှည့်ကြည့်ရင်း ပြုံးပြီး ကြက်သီးထသွားဟန်ဖြင့် ပခုံးကိုတွန့်လိုက်သည်။ သူ့မှာ မရိုးမရွဖြစ်လျက် ထိုင်ရာမှ ဖင်တကြွကြွလုပ်နေစဉ် သူမသည် ရေထဲသို့ အပြေးဆင်းသွားလေသည်။ သူလည်း နောက်ကလိုက်ပြီး ရေထဲဆင်းကာ ပြေးတမ်းလိုက်တမ်း ကစားချင်လှပေတော့သည်။

သူမသည် ရေထဲမှာ ငါးရံ့ကိုယ်ကလေးကို ကော့ကာထိုးကာ မြုးတူးပျော်ပါး ကစားလျက်နေသည်။

အတန်ကြာသော် သူမသည် ကမ်းပေါ်တက်လာသည်။ ကိုယ် ပေါ်တွင် တင်နေသော ရေများကို တဘက်ဖြင့်မသုတ်ဘဲ လှုပ် ရှားခုန်ပေါက်၍ လွင့်စင်သွားစေပြီးနောက် မြက်ခင်းပေါ်တွင် လှဲအိပ်လိုက်လေသည်။

သူသည် လက်ကမြက်နုတ်ဟန်ဆောင်ရင်း မျက်လုံးများက ပက်လက်လှဲနေသော သူမ၏ တစ်ကိုယ်လုံးပေါ်တွင် ကစားနေကြသည်။ သူမ၏လက်မောင်းများက ပွတ်တိုင်များလိုချောမောလှပသည်။ သူသာ ပဉ္စသီခနတ်သားဖြစ်လျှင် သူမ၏သားမြတ်အစုံတွင်လည်း ခေါင်းအုံးအိပ်လို၏ဟု ကျူးရင့်သီဆိုမည်ပင်ဖြစ်သည်။ အလိုက်သင့် ဆန့်ခင်းထားသောပေါင်တန်များသည် ဆင်နှာမောင်းလို သွယ်တန်းအိစက်လေသည်တကားဟု တင်စားမိပေသည်။ ပြည့်ဖြိုးတင်းကားသော တင်ပါးဆုံသို့ ကြည့်ပြီး ဟင်းချမိသည်။ ကားသော တင်ပါးဆုံနှင့် ချီသောရင်ကြားတံတားကူးထားသည့် သေးသွယ်ကျစ်

http://www.cherrythitsar.org

www.foreverspace.com.mm



ရစ်သည့်ခါးကို ကြည့်ပြီး ဆံပင်ညှပ်ဆုံလည်ကုလားထိုင်ကိုဆွဲလှည့်သလိုလှည့်ပစ်လိုက်ချင်တော့၏။ ယင်းသို့ စိတ်ကစားပြီး တစ်ကိုယ်လုံးကြက်သီးမွေးညင်းထနေသည်။ ခန္ဓာကိုယ်၏သွေးသားအကြောအခြင်များတွင် ကိလေသာ ဒီရေတက်နေပေတော့သည်။

ထိုအခိုက် ဂျုံးဖြူကလေးက ကူနေပြန်လေသည်။ ခပ်ဝေးဝေးရှိ သပြေပင်မှာ ဂျုံးဖြူနားနေဟန်ရှိသည်။

သူမသည် သူ့ဘက်လှည့်ကြည့်ပြီး တစ်နေရာသို့လက်ညှိုးထိုးပြသည်။ ဒီတစ်ခါတော့ သူမ၏အကြည့်တွင် အပြုံးမပါ။ သို့သော် ခက်ထန်သောအကြည့်ကား မဟုတ်ပါပေ။

သူသည် သူမ ညွှန်ပြရာသို့ ကြည့်လိုက်၏။ ငွေပန်း တို့သည် ဖွေးနေအောင် ပွင့်နေကြသည်။ သူသည် ငွေပန်းတို့မှ သူမဆီသို့ ကြည့်လိုက်သည်။ သူမက ပြုံးပြီး လက်တစ်ဖက်ဖြင့် ပန်းပွင့်ခူးဟန်ပြလိုက်လေရာ သူသည် အဓိပ္ပာယ်နားလည်ကြောင်း ကျေနပ်အားရစွာ ပြုံးပြပြီး သွက်လက်စွာ ငွေပန်းများဆီသို့ ထသွားလေသည်။

သူသည် ငွေပန်းတွေကို ဆွတ်ယူပြီး သူမဆီသို့ အသော့ပြန်ခဲ့သည်။ သူမသည် ပက်လက်လှဲ၍ ဖိမ်ခံနေရာမှ ပုံမပျက်ဘဲ ပြုံးရွှင်စွာ ကြိုဆိုနေလေသည်။ သူသည် ရည်ရွယ်ပြင်ဆင်ခြင်းမရှိဘဲ သူမဘေးမှ ရိုသေစွာ ဒူးထောက်လိုက်ပြီး ငွေပန်းဖြူဖြူဖွေးဖွေးများကို ဆက်သလိုက်လေ၏။

သူမသည် ငွေပန်းများကို နှစ်ချိုက်အားရစွာ နမ်းရှုပ်နေလေသည်။ အကယ်၍သာ သူသည် ဤရေကူးကန်သည် မျက်နှာဖြူများအတွက်သာ ဖြစ်သည်ဟူသော အလုပ်ခွင်မှပေး

www.foreverspace.com.mm
http://www.cherrythitsar.org


ထားသည့် အသိမရှိခဲ့လျှင်သော်ငြား၊ မျက်နှာဖြူမ နုနုထွတ်ထွတ်ကလေးသည် သူ့ အသားညိုသော အောက်တန်းစား အတွက် မဟုတ်ဟူသော ဘဝပေး အသိမရှိခဲ့လျှင်သော်ငြား၊ တရားဥပဒေ ထောင်တန်းကို ကြောက်ရပေမည်ဟူသော အညှဉ်းဆဲခံ လမ်းဘေးတဲအိမ်ရှင်တို့၏ လက်တွေ့အသိမရှိခဲ့လျှင်သော် ငြား၊ အကြွင်ငွေပန်းကို နမ်းနေသူ အပျိုဖြူနုနုထွတ်ထွတ်ကလေးအား ဆံပင်ညှပ်ဆိုလည်ကုလားထိုင်ကို ဆွဲလှည့်သလို သေးသွယ်ကျစ်ရစ်သည့် ခါးကလေးမှ ဆွဲလှည့်ကာ မွှေ့ယမ်း နမ်းရှုပ်မိပေလိမ့်မည်မှာ အမှန်ပင်ဖြစ်တော့၏။ ခုတော့ ဘာ မျှမလုပ်ဘဲ ရိုသေဒူးတုပ်နေရာမှ မလှုပ်မယှက် ငုတ်တုတ်ထိုင် ကာငေးကြည့်နေမိလေ၏။ ကိုယ်ခန္ဓာက မတုန်မလှုပ် ငုတ်တုတ်ထိုင်ဖြစ်နေသော်လည်း စိတ်ကမူ သက်သာရာရှာဘိသည့်အလား ဤပျိုဖြူနုနုထွတ်ထွတ်ကလေး နေရာတွင် သူ့အိမ်သူ ကလေးအမေကို ထား၍ ကစားကြည့်မိသည်။ ဆွဲလှည့်မွှေ့ယမ်း နမ်းရှုပ်မိသည်။ သူ့မျက်လုံးမှ လျှံထွက်နေသော ကိလေသာ မီးရောင်သည် သူမအား ချောက်လှန့်လိုက်ဟန်ရှိသည်။ သူမ၏ မျက်နှာတွင် အပြုံးသည် လုံးလုံး ကွယ်ပျောက်၍ ခက်ထန်မာ ကျောလာသည်။ ဖြူနုသော မျက်နှာတစ်ခုလုံးမှာ သွေးချည် ဖြာလာသည်။ သူမသည် ဆတ်ခနဲ ထိုင်လိုက်ပြီး တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်သည်။

သူသည် သူမညွှန်ပြရာသို့ကြည့်လိုက်ပြန်သည်။ ထိုင်ခုံတန်း လျှားတစ်ခုနှင့် အောက်မှာ ချွတ်ထားသော ခုံမြင့်ဖိနပ်ဖြူ သူ၏မျက်စိများသည် ခုံမြင့်ဖိနပ်ဖြူထံမှသူမထံသို့၊ သူမထံမှခုံမြင့်ဖိနပ်ဖြူသို့ ခေါက်တုံ့ခေါက်ပြန် ကူးနေသည်။ သူမက

www.foreverspace.com.mm
http://www.cherrythitsar.org


လက်ဟန် ခြေဟန်ဖြင့် ခုံမြင့်ဖိနပ်ဖြူကို သူမထံယူခဲ့ရန် ခိုင်းသည်။ သူသည်လိုက်နာရအံ့လော၊ ငြင်းဆန်ရအံ့လော၊ မဆုံးဖြတ်တတ်သဖြင့် တွေဝေနေသည်။ ဤအလုပ်ခွင်တွင် ဤလိုနှိမ့်ကျသည့် အလုပ်တာဝန်ပါသလော၊ မပါသလော၊ သူများခေါင်းကို ကိုင်ချင်တိုင်း ကိုင်၍ အသက်မွေးခဲ့သောသူ၏ မွန်မြတ်သော လက်သည် ခုံမြင့်ဖိနပ်ကို ကိုင်ခြင်းဖြင့် နိမ့်ကျရတော့မည်လေ။ ဤအလုပ်ကို မလုပ်ဟု ငြင်းဆန်ပါလျှင် ရနေသောအခကြေးငွေ အလျှော့ခံရမည်လော၊ အလုပ်ပင် ပြုတ်မည်လော. . . . ။

သူသည် ဤသို့တွေဝေနေစဉ် သူမက သူ့အား နှုတ်ခမ်းပေါ်တွင်သာ ရေးရေးထင်သော အပြုံးဖြင့် သိမ်းသွင်းဖျောင်းဖျလိုက်ပြန်သည်။ ခြေဖျားကို လက်နှင့်ဆုပ်ကိုင်ပြီး ဖိနပ်စီးချင်လှပြီ ဖြစ်ကြောင်း လက္ခဏာ ဟန်အမူအရာဖြင့် တောင်းပန်လိုက်လေသည်။ သူသည် အခကြေးငွေအတွက်၊ အ လုပ်အတွက်မဟုတ်စေကာမူ၊ သူမ၏အပြုံးနှင့် ကညာဝယ ဟန်အမူအရာများအတွက် ငဲ့ကွက်ပြီး ခုံမြင့်ဖိနပ်ဖြူကို သွားယူလေတော့သည်။

သူကဖိနပ်ကိုသွားယူစဉ်သူမသည်ရေကန်ထဲသို့ခုန်ဆင်းကာ ငါးရံ့ကိုယ်ကို ကော့လိုက်ထိုးလိုက် လုပ်ပြန်သည်။ သူသည် သူမ ရေပေါ်တက်လာသည့်တိုင်အောင် ဖိနပ်ကို ကိုင်၍ စောင့်နေမိသည်။

သူမတက်လာလျှင် သူကဆီးပြီးဖိနပ်ခင်းပေးရာ သူမက လှိုက်လှဲသော အပြုံးဖြင့် ကျေးဇူး ဆပ်လေသည်။ ပါးစပ်ကလည်း ဟိုပြောသည်ပြော ပြောသေးသည်။ သူကမူ ဘာမျှမ

http://www.cherrythitsar.org



www.foreverspace.com.mm

ပြော၊ သူမ၏ မည်သို့သော အမူတော်ကိုမဆို ထမ်းရွက်ရန် အဆင်သင့်ဖြစ်ကြောင်း ဖော်ပြသော အမူအရာမျိုးနှင့် ငုံ့လင့် ကြည့်ရှုသာ နေလေသည်။ သူမသည် ကုန်း၍ ဖိနပ်စီးနေ သောအခါ သူမ၏ ချောမွတ်သော ကျောပြင်တွင် လက်တင်၍ စမ်းကြည့်လိုသော ဆန္ဒကိုကား ချုပ်တီး၍မရချေ။ သူမသည် ဖိနပ်စီးပြီးနောက် သူ့အား ကျောပေးကာ ထွက်သွားသောအခါ ပြည့်ဖြိုးအိစက်သော တင်သားတို့သည် နိမ့်တုံမြင့်တုံ ဖြစ်နေ သည်ကို မြင်ရပြန်ရာ သူ၏နှလုံး သားတို့သည်လည်း နိမ့်တုံ မြင့်တုံ ဖြစ်ရပြန်လေသည်။

ဂဏှာမငြိမ်သော စိတ်ကို ထိန်းကျောင်းနိုင်ရန် သူမ နောက်သို့ တကောက်ကောက် လိုက်နေသော မျက်စိအစုံကို လွှဲယူ လိုက်သောအခါ ငွေပန်းတွေ ဗရပွကြဲနေသော သူမပက် လက်လှဲသွားခဲ့သည့်နေရာသို့ ရောက်လေသည်။ ပက်လက်လှဲ ဇိမ်ယူနေရာမှ ငွေပန်းတွေကို လှမ်းယူပြီး တအားကုန်နမ်း ရှုပ်နေပုံအလုံးစုံနှင့် အပျိုဖြူ နုထွတ်ထွတ်ကလေးအား သေး သွယ်ကျစ်ရစ်သည့် ခါးကလေးမှ ဆွဲလှည့်ကာ မွှေ့ယမ်းနမ်း ရှုပ်ပုံများသည် သူ့စိတ်မှာ အသစ်အသစ် ဖြစ်လာပြန်လေ၏။ အပျိုဖြူ နုထွတ်ထွတ်ကလေးနေရာတွင် သူ့အိမ်သူ ကလေး အမေအားထားလျက် စိတ်ကစားနေပြန်သည်။ ဆွဲလှည့် မွှေ့ယမ်းနမ်းရှုပ်နေမိသည်။ ခုချက်ချင်းသာ အိမ်ပြန်ရလျှင် နွားသိုးကြိုးပြတ်လို့ ဝတ်ထရိမ်းခနဲ မြည်ဟီးကာ ဦးချို တမြမြ ခြေတကြွကြွ နေမိပေလိမ့်မည်။ သူသည် ထိုနေ့ညအဖို့ အလုပ် အမြန်ပြီး၍ အိမ်အမြန်ပြန်ရောက်ဖို့သာ စိတ်စောနေလေ တော့သည်။

www.foreverspace.com.mm

http://www.cherrythitsar.org



(၂)

ဦးချိုတမြမြ ခြေတကြွကြွနှင့် အိမ်ပြန်ရောက်သောအခါမှာမူ ချိုကုပ်သွားစရာ။ ခြေတုံ့သွားစရာတွေနှင့် ဦးစွာပထမရင်ဆိုင်ရလေသည်။ ခေါင်းမှာ ပြာအလိမ်းလိမ်းကပ်၍ မျက်နှာ အဆီပြန်နေသော ကလေးအမေသည် မီးဖိုမှာငါးပိရေကျိုအိုးကို ကြိုထားပြီး ငြုပ်သီးထောင်းလျက် ရှိသည်။ ငါးပိရေချိုအငွေ့စူးစူးနှင့် မီးကင်ထားသော ငြုပ်သီးအနံ့ သင်းသင်းတို့သည် သူ့အား ရေကူးမယ်အပျိုနုထွတ်ထွတ်၏ အငွေ့အသက်ထက် ပိုမိုအားကောင်းစွာ ဆွဲဆောင်နေကြပေသည်။ ထမင်းမြိန်မြိန်အရင်စားလိုက်ဖို့ နှိုးဆော်ပေးသကဲ့သို့ ရှိပေသည်။ အကယ်၍ ယင်းသို့သော နှိုးကြားချက်သာ မရှိပါက ကလေးအမေ၏ ဆံပင်မှာ ပြာအလိမ်းလိမ်း ကပ်သည်ကိုင်း၊ မျက်နှာတွင်ဆီဝေ့နေသည်ကိုင်း၊ ကိုယ်ခန္ဓာတွင် ချွေးစော်နံနေသည်ကိုင်း၊ အပြစ်တင်မိလိမ့်မည်။ ညစ်တီးညစ်ပတ် နေရကောင်းလား၊ ရေမိုးချိုးပြီး သနပ်ခါးလိမ်း၍ လင်ကို ကြိုမနေကောင်းလား၊ စသည်ဖြင့် မောင်းမဲမိလိမ့်မည်။ အခန့်မသင့်လျှင်ကတောက်ကဆဖြစ်ကာ ကလေးအမေအား ရိုက်မောင်း ပုတ်မောင်းလုပ်မိပေလိမ့်မည်။ ယခုမူ ထိုသို့မဟုတ်၊ ငါ့မိန်းမ ကလေးတစ်ဖက်နှင့် ထမင်းချက်ရတာ အတော်မောရှာပေလိမ့်မည်။ ဈေးဖိုး ဖူဖူလုံလုံမရှိဘဲ ဖွယ်ဖွယ်ရာရာဖြစ်အောင် ကြံစည်ချက်ပြုတ်ရသော ငါ့မိန်းမသည် ဗျာများရှာပေလိမ့်မည်။ ငြုပ်သီးထောင်းရတာ လက်မောင်းအောင့်ရှာပေလိမ့်မည်။

သူသည် ငြုပ်သီးကူထောင်း၏။ တို့စရာကောင်းကောင်းမရှိသည်နှင့် အိမ်နီးနားချင်းထံ အခွင့်တောင်းပြီး ပေါက်ပန်းဖြူ

www.foreverspace.com.mm
http://www.cherrythitsar.org


ရှက် ခူးရသေး၏။ ကလေးငယ်သေးစိုနေသဖြင့် အော်နေရာ အနှီးလဲပေးလိုက်ရသေး၏။

ထမင်းပွဲအဆင်သင့်ဖြစ်လေပြီ။ သူကသာ ဖြောင့်ဖြောင့် စားနိုင်၍ ကလေးအမေမှာ ဖြောင့်ဖြောင့်မစားနိုင်၊ ကလေး အမေသည် သမီးအကြီးရှစ်နှစ်အရွယ်နှင့် သား ငါးနှစ်အရွယ် ကို ခူးခပ်ကျွေးမွေးနေရသေး၏။

ထမင်းစားကြချိန်တွင် အမှောင်ထုလွှမ်းမိုးလာ၏။ ဆောင်း တွင်းဖြစ်သဖြင့် အအေးဓာတ်ကလည်း ဝင်လာသည်။ မှောင် ပင်မှောင်။ အေးပင်အေးသော်လည်း သူသည် ကိုယ်တိုင် ရေချိုးပြီး ကလေးအမေအားလည်း မရမက ရေချိုးခိုင်း၏။

'မင်းမျက်နှာမှာ အဆီတွေဝင်းလို့ မင်းကိုယ်ကလဲ ချွေးတွေနံလို့ ရေမချိုးလို့ ဘယ်ဖြစ်မှာလဲ. . . .'

သူတို့အဖို့ ရေချိုးသည်မှာ မလွယ်လှ သူတို့နေသော လမ်းပေါ်မှာ ရေဘုံဘိုင်မရှိသဖြင့် သူများ အိမ်ဝင်းခြံထဲ က ဘုံဘိုင်မှာ သွားချိုးရလေရာ အားနာစရာကောင်းသည်။

ကလေးအမေ ရေချိုးပြီးသောအခါ သူက ကလေးအမေ အား သနပ်ခါးလိမ်းဖို့ ပြောပြန်လေသည်။

ကလေးအမေက ထမီရင်လျားကို ပြင်ဝတ်ရင်း မျက် စောင်းထိုးလိုက်ကာ. . . 'ကိုယ်ကလဲ. . . . ကြံကြံဖန်ဖန်. . . .'

သူက ဣန္ဒြေကြီးထားလျက် အသံလေးလေးကြီး ဖြင့်. . . .

'သနပ်ခါးလိမ်းတာ ကောင်းတာပေါ့ကွ။ မွှေးမွှေး ကြိုင်ကြိုင်ဆိုတော့ စိတ်ကြည်လင်တာပေါ့. . . .'

သူသည် အင်တင်တင်လုပ်နေသော ကလေးအမေအား

http://www.cherrythitsar.org
www.foreverspace.com.mm



ခြေဆုံးခေါင်းဆုံးကြည့်နေလေသည်။ ကလေးအမေက ခစ်ခနဲရယ်လိုက်ပြီး. . . .

'ကိုယ်. . . . ဒီနေ့ဘာဖြစ်လာသလဲ. . . .၊ ထူးကိုထူးတယ်. . . .။

ချမ်းကချမ်းသနဲ့. . . .၊ သနပ်ခါးလိမ်းရမှာလား. . . .'

'ဟော့ မေးမနေနဲ့ကွာ. . . .၊ လိမ်းမှာ လိမ်းစမ်း'

သို့ကလို ပြောပြီး သူသည် ဒူးနှံ့၍ ဆေးလိပ်မှိန်းနေလိုက်သည်။ ကလေးအမေသည် အဓိပ္ပာယ်ရှိစွာ ပြုံးပြီးသနပ်ခါးသွေးနေလေသည်။ သူသည် အိမ်ပြင်မှောင်ထဲသို့ ငေးကြည့်ပြီး ယနေ့ညနေ စောစောက မျက်နှာဖြူရေကူးမယ်ကလေးကို အာရုံဝင်စားနေလေသည်။ သူမသည် ဖောင်းကြွမို့မောက်သော သားမြတ်စုံ၊ ပြည့်ဖြိုးအိစက်သော တင်ပါးဆုံနှင့်သေးသွယ်ကျစ်ရစ်သော ခါးတို့ဖြင့် သူ့ရှေ့မှောင်ကြီးမဲမဲထဲမှာ ကိုယ်ထင်ပြနေဘိသကဲ့သို့ ရှိလေသည်။

သမီးက ပထမတန်းဖတ်စာအုပ်ကို တစာစာဖတ်နေသည်။ သားက ကြွက်တွေထွက်ပြေးအောင်ဆိုပြီး တုတ်နှင့် ဟိုလျှောက်ထိုး သည်လျှောက်ထိုး လုပ်နေသည်။

သူသည် ကလေးတွေကို အိပ်စေချင်လှပြီ။

'ဟဲ့. . . . ကလေးတွေ အိပ်ပါတော့လား. . . .။ ချမ်းလှပြီ. . . .။ အိပ်ရာထဲဝင်ကြတော့. . . .'

သမီးနှင့်သားက မကြားသလိုနေကြသည်။ သမီးသည် ဖတ်စာ စာအုပ်တစ်ခုလုံးကို အစအဆုံးအံလျက်ရှိ၏။ သားက တုတ်တစ်ချောင်းနှင့် ကြွက်ထိုးကောင်းတုန်းပင် ဖြစ်သည်။

ယနေ့မှ သားနှင့်သမီးသည် အိပ်ရာဝင် အထူးနောက်ကျ

www.foreverspace.com.mm
http://www.cherrythitsar.org


နေသည်ဟု သူထင်သည်။

ကလေးအမေကား သနပ်ခါးရေကြဲကလေးဖြင့် မျက်နှာကိုသာမက တကိုယ်လုံးကိုပင် ပက်ဖျန်းမှုန်းခြယ်ပြီးလေပြီ။ အိပ်ရာများ ခင်းကျင်းပြီးနောက် ထုပ်တန်းမှာ ချိတ်ဆွဲထားသော စောင်ပုခက်အတွင်းမှ ကလေးငယ်ကို အိပ်ရာရွှေ့ပေးနေလေသည်။

သူသည် ကလေးများအပေါ်တွင် စိတ်မရှည်နိုင်တော့ချေ။

'ဟဲ့. . . . ကလေးတွေ. . . .။ အိပ်ကြတော့ဆိုနေမှပဲ။ ငါထရိုက် လိုက်ရရင် မကောင်းတော့ဘူး. . . .'

ထိုအခါ သမီးသည် မင်္ဂလသုတ်ကို ကောက်ရွတ်လိုက်၏။ ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသု သဒေဝကာ။

သမီးသည် မင်္ဂလာစာမေးပွဲကို ဖြေဆိုမည့် သမီးဖြစ်သည်။ မင်္ဂလာစာမေးပွဲကို ဖြေဆိုမည်ဆိုသောအခါက သူသည် သမီးအား ချီးကျူးလို့အားမရဖြစ်ခဲ့ရသည်။ ပထမရလျှင် ဆုပေးမည်ဟုပင် ပြုံးရွှင်ပါးလွှာသော မျက်နှာဖြင့် ပြောခဲ့သေးသည်။ ထို့ကြောင့် မင်္ဂလသုတ်ရွတ်ဖတ်သံကို ဆုံးခန်းတိုင်အောင် နာခံရဦးမည်သာဖြစ်၏။ သူသည် အကယ်၍ ဘုရားတရားနှင့် နားဝေးသူဖြစ်ခဲ့လျှင် အိပ်ရာမဝင်သေးသော သမီးအား ထ၍ ပျောတီးပေလိမ့်မည်။ ခုတော့ သူကပင် ကြွက်ထိုးနေသော သားအား. . . .

'ဟဲ့ကောင်လေး. . . . ငြိမ်ငြိမ်နေ၊ အစ်မ စာအံနေတာ နား ထောင်စမ်း. . . .'ဟု ငေါက်ငမ်းပြီး မင်္ဂလာစာအံပွဲတွင် ပါရမီ ဖြည့်လိုက်လေသည်။

သားသည် ကြွက်ထိုး၍ မောသွားဟန်တူသည်။ ခဏငြိမ်

http://www.cherrythitsar.org
www.foreverspace.com.mm



ငြိမ်နေပြီးနောက်၊ အမေ့ထံသွားပြီး ထန်းလျက်တောင်းလေသည်။ အမေယူပေးသော ထန်းလျက်ကို စုတ်ရင်း ငြိမ်နေပေသည်။

မင်္ဂလာသုတ် ကုန်ဆုံးသောအခါ သမီးသည် ဘုရားရှိခိုးသည်။ သူကပင် သမီးအား အိပ်ရာမဝင်မီ ဘုရားရှိခိုးရမည်ဟု ပညတ်သည် မဟုတ်ပါလား. . . ၊ ဘုရားရှိခိုးပြီးသောအခါ သမီး သည် အဖေနှင့်အမေကို ကန်တော့၏။ သူသည် လိမ္မာသော သမီးအား စိတ်ထဲက ချီးကျူးပြီး ပါးစပ်က သာဓုသုံးကြိမ် ခေါ်လေ၏။

အမှုကိစ္စအားလုံးပြီးတော့မှ သမီးသည် အိပ်ရာဝင်၏။ သားသည်လည်း အမေဘေးကဝင်ပြီးလှဲနေ၏။ သူတို့မောင်နှမသည် အဖေနှင့်အမေတို့၏ခြေရင်းမှာအိပ်ရသည်။ ကလေးငယ်ကို အမေ့ဘေးမှာသိပ်သည်။

ကလေးတွေဖြင့် အိပ်ရာဝင်ကြပြီ။ သူလည်း အိပ်ရာဝင်တော့မည်ဟု ဆေးပေ့ါလိပ်ကြီးကို ချလိုက်ခါရှိသေး။ သားတော်မောင်က အီအီးပါချင်သည်ဟု ဆိုလိုက်ရာ သူ့မှာဒေါသထောင်းကနဲထွက်သွားလေသည်။ သို့သော် မှန်ယိုနေသောသူ့ဒေါသကို ဉာဏ်ချွန်းဖြင့် အုပ်ရမည်သာဖြစ်သည်။ အီအီးပါချင်ရပါမည်လောဟု ရိုက်လျှင် ရာဇဝင်ရိုင်းလှပေမည်။ ဝင်းပြင် အီအီးတကယ်ပါချင်၍ မထိန်းနိုင်ဘဲ တွေ့ကရာပါချသော် ပို၍မခက်ပါချေလော။

ကလေးအမေက ကလေးအနီးတွင် စောင်ခွေနေရာမှ ထထိုင်ပြီး။

'လူလေး. . . ထထ အမေ အီအီးတယ်မယ်. . . 'ဟု

http://www.cherrythitsar.org
www.foreverspace.com.mm


ဆို လိုက်သည်။

ထိုခဏ၌ ကလေးငယ်က အဟင့်. . . . သံပေးပြီး လွှန့်လိုက် ရာ ကလေးအမေသည် ကလေးငယ်အား စုတ်သပ်တင်ပါးပုတ် ပြီး ချော့ရပြန်သည်။

သူသည် ထိုင်ရာမှထပြီး၊

'နေပါစေကွာ. . . . ငါသွားပြီး တယ်ပ့ါမယ်။ ဟဲ့ကောင်လေး. . . . ထ. . . . '

သားသည် ကတိုက်ကရိုက်ထပြီး သူ့အဖေနောက်သို့ လိုက်သွားလေသည်။ သူတို့သည် ညဘက်ဆိုလျှင် လမ်းပေါ်မှာပင် ကလေးရော လူကြီးပါ ကျင်ကြီးကျင်ငယ် စွန့်ကြ သည်။ သူတို့တဲထိုးထားသော လမ်းသည် တသီးပုဂ္ဂလလမ်းဖြစ်သည်။ အများပြည်သူတို့အတွက် မီးရေမရသော လမ်းဖြစ်သည်။ သို့သော် ဓာတ်မီးတိုင်နှင့် ရေပိုက်များကားရှိ၏။ ထို့ကြောင့် ရေပိုက်ခိုးဖောက်ပြီး ရေယူသူကယူ၏။ ဓာတ်မီးကြိုးများတွင် ဓာတ်မီးခိုးထွန်းသူက ထွန်းကြ၏။ သူတို့အိမ်ရှေ့တွင် ဓာတ်မီး ခိုးထွန်းထားသဖြင့် လင်းလင်းချင်းချင်းရှိပေသည်။

သားတော်မောင်ကား အီအီးပါမည်ဆိုလျက် ထိုင်နေသည်။ သူက အနီးမှ ထိုင်စောင့်နေရသည်။ အတော်ကြာသော်လည်း သားတော်မောင်သည် အီအီးမပါ။

'ဟ. . . ခွေးကောင်လေး အီအီးပါမယ်ဆို. . ပါလေ. . '

'အီအီးတွေက အထဲပြန်ဝင်သွားတယ်အဖေ. . . . '

'တောက် စောက်ကျိုးနဲ့ဒုက္ခပေးတဲ့ကောင် ဒါဖြင့်ထ'

သားတော်မောင်သည် ထိုင်ရာမှ မထသေးဘဲ တအင်း

www.foreverspace.com.mm
http://www.cherrythitsar.org



အင်းနေအောင် ညစ်နေပြန်လေသည်။

သားကို ရိုက်ချင်သဖြင့် သူ့လက်မှာယားနေသည်။ သို့သော် ငိုအားထက် ရယ်အားသန်ဆိုသလို ဟန်နှင့်ပန်နှင့် မူရာနှင့် မာယာနှင့် အားကုန်ညစ်နေသော သားကိုကြည့်ပြီး ရယ်မိပေတော့သည်။

'ကဲထ မင်းချီးက အိပ်ချင်လို့ ပြန်ဝင်သွားတာ၊ မနက်ကျမှ ထွက်တော့မယ်။ ထထ အအေးမိနေဦးမယ်. . . .'

သို့အလို ချော့မော့နေစဉ် ခပ်လှမ်းလှမ်းမှ ဖိနပ်ခွာသံ ပြင်းပြင်းနှင့် လူတစ်ယောက် လျှောက်လာသံကို ကြားရလေသည်။ ထိုအခါကျမှ သားတော်မောင်က ထလေတော့၏။

သားအဖ တဲပေါ်သို့ရောက်သောအခါ ကလေးအမေသည် လွန့်၍လွန့်၍နေသော သားငယ်ကို စုတ်သပ်တင်ပါးပုတ်၍ ချော့နေသည်ကို တွေ့ရလေသည်။

သားသည် အမေဘေးမှာ ဝင်ပြီး အိပ်လိုက်၏။ သူသည် သားအား ဝမ်းသာအားရ စောင်ခြုံ၍ပေးလိုက်လေသည်။ ပြီးနောက် ကလေးအမေ ဘေးမှာ ဝင်လှဲလိုက်လေသည်။ ကလေးအမေ၏ ကိုယ်ငွေ့သည် သူ့အား နွေးထွေးစေလေသည်။ ပက်လက်လှန်နေသော ရေကူးမယ် အပျို နုထွတ်ထွတ် ကလေး၏ ဘေးတွင် ဒူးတုပ်ကာ ကြောင်တက်တက်ငေးကာနေခဲ့သည်ကို ပြေး၍သတိရလေသည်။ ဖောင်းကြွမောက်မို့သည့် ရင်သားအစုံ၊ အိစက်တင်းကားသည့် တင်ပါးဆုံနှင့် သေးသွယ် ကျစ်ရစ်သည့် ခါးတို့သည် သူ့အား ပြုစားနေကြပြန်လေပြီ။ ဆံပင်ညှပ်ဆုံလည်ကုလားထိုင်ကိုဆွဲ

http://www.cherrythitsar.org

www.foreverspace.com.mm



လှည့်သလို သေးသွယ်ကျစ်ရစ်သည့် ခါးမှ ဆွဲလှည့်ရန် စိတ်ကူးနေဆဲ၊ အူဝဲ-အူဝဲ ဟု ကလေးငယ်က သည်းထန်စွာ ငိုကြွေးလိုက်လေ၏။ သူသည် ကလေးနှင့် အတူဟစ်၍ ငိုကြွေးလိုက်ချင်တော့၏။

ကလေးသည် ကော့၍ကော့၍ ထိုးကာငို၏။ ကလေး အမေသည် ပျာပျာသလဲ ကလေးကို ကောက်ချီ၍ ချော့၏။ ကလေးကား အငိုမတိတ်။ နို့ဆာ၍ ငိုလေသလား အောက်မေ့ကာ နို့တိုက်စမ်း၏။ ကလေးသည် ပါးစပ်ဝတွင် နို့သီးခေါင်းကိုပင် အဝင်မခံဘဲ ကော့ထိုးကာ ဆူညံစွာ ငိုရှာပြန်၏။ ကလေးအမေသည် နို့လုံးကြီးများကိုမှ ပြန်မဖုံးနိုင် ဘဲ မတ်တတ်ရပ်ကာ ကလေးအား ပခုံးပေါ်မှောက်တင်၍ ချော့၏။ ကလေးကား ကော့ကာထိုး၍ ထိုး၍သာငိုနေရာ ပက်လက်လန် ကျသွားမည်ကိုပင် စိုးရိမ်စရာဖြစ်၏။

သူသည် စိတ်ညစ်ညစ်နှင့် ထထိုင်ပြီး ငိုင်နေလေသည်။ ကလေး ဝေဒနာပျောက်ကင်းအောင် လုပ်ဖို့မှတပါး ဘာမျှ မတွေးတောနိုင်ပါတော့ပြီ။

'လေထိုးလို့ ထင်ပါရဲ့ကွာ. . . .'

'ဟုတ်မယ်ထင်တာဘဲ. . . .'

'ကလေးကို ငါ့ပေးစမ်း. . . .'

ကလေးအမေသည် သူ့ထံကလေးကို လှမ်းပေးလိုက်သည်။ သူသည်ကလေးကို ပခုံးပေါ်မှာ မှောက်တင်ပြီး သာသာ ကလေးကျောပုတ်ပေးသည်။ ခဏမျှ ကလေးသည် ငြိမ်သလို ရှိသွားပြီး ထပ်ကျော့ငိုပြန်လေသည်။

'ထုံးနဲ့ အုန်းဆီဖျော်ပြီး ယူခဲ့စမ်းကွာ. . . .'

www.foreverspace.com.mm
http://www.cherrythitsar.org


'ရေနံချေးဘဲလိမ်းပါလားအစ်ကိုရယ်. . . .'
'ထုံးနဲ့အုန်းဆီပဲကောင်းတယ်. . . .'
'ထုံးတောင် မရှိပြန်ဘူး. . . .'
'ငါလမ်းထိပ် ကုလားဆိုင် ပြေးဝယ်လိုက်ဦးမယ် ရော့. . . .'

သူသည် ကလေးအမေရင်ခွင်ပေါ်သို့ ကလေးကို ချပေးပြီး လမ်းထိပ်သို့ ပြေးခဲ့သည်။

လမ်းထိပ်မှ ထုံးငါးပြားဖိုး ဝယ်ခဲ့ပြီး အသော့ပင် အိမ်သို့ ပြန်ခဲ့သည်။

အိမ်သို့ရောက်သောအခါ ကလေးအမေသည် ကလေးကို ပခုံးပေါ်မှာ ပွေ့ကာစုတ်သပ်ပြီး တင်ပါးပုတ် ချော့နေတုန်း ပင်ဖြစ်သည်။

သူသည် ထုံးနှင့်အုန်းဆီဖြင့် ဗိုက်ကို လိမ်းပေးသည်။ ကလေးကား ကျွက်ကျွက်ညံအောင် ငိုပြန်လေ၏။

'သည်လောက်ဆို တော်ပါပြီကွာ၊ ပခုံးပေါ် မှောက်တင်ထားလိုက်ဦး. . . .'

ကလေးအမေသည် သူပြောသည့်အတိုင်းလုပ်လိုက်၏။ အ တန်ကြာသော် ကလေးက တိတ်သွားသည်။ ရှိုက်၍ရှိုက်၍ ကားနေသေး၏။

သူသည် သက်ပြင်းကြီးချလိုက်ပြီး အိပ်ရာမှာလှဲလိုက်ပြန်သည်။ အကြီး ၂ ယောက်ဘက် ကြည့်လိုက်သောအခါ အိပ်မောကျနေကြသည်ကို တွေ့ရလေသည်။ ကလေးအမေကား ပြင်းထန်စွာ သမ်းလိုက်သည်။

'အောက်ချပြီး သိပ်လိုက်ပါတော့လားကွာ. . . .'

http://www.cherrythitsar.org

www.foreverspace.com.mm



'အိပ်ရာခင်းကလေး ပြင်ခင်းလိုက်ပါဦး. . . .'

သူသည် ကိုယ်တစ်ပိုင်းထောင်၍ ကလေးအိပ်ရာခင်းကို ပြင်ခင်းပေးပြီး သူ့အိပ်ရာမှာ သူပြန်လှဲပြန်လေသည်။

ကလေးအမေသည် ကလေးကို ချသိပ်ပြီး ကလေးဘေးတွင် ခွေစောင်းကာ ရင်ငွေ့ပေးလျက်ရှိလေသည်။

သူသည် ပက်လက်လှန်လျက် နဖူးပေါ်လက်တင်ကာ စဉ်းစားခန်း ဝင်လိုက်ပြန်လေသည်။ ဒီတစ်ခါတော့ ပက်လက်လှဲကာ ဇိမ်ယူရင်း ငွေပန်းများကို နမ်းနေသော ရေကူးမယ်၏ ရုပ်ပုံလွှာသည် မပေါ်လာတော့ဘဲ ခုံမြင့်ဖိနပ် အယူခိုင်းနေသည့် မျက်နှာဖြူသခင်မ၏ ရုပ်ပုံလွှာသာ ပေါ်လာလေတော့သည်။

လောကကြီးတစ်ခုလုံး တိတ်ဆိတ်နေလေပြီ။ ကလေးတွေလည်း အိပ်ပျော်ကုန်ကြပြီ။

သူသည် တစ်ညနေလုံး ဤအချိန်ကလေးကို စောင့်မျှော်နေခဲ့သည် မဟုတ်ပါလော။

သူ့မျက်စိတွင် ထင်မြင်လာသော ခုံမြင့်ဖိနပ်အယူခိုင်းသည့် မျက်နှာဖြူသခင်မ၏ ရုပ်ပုံလွှာကဗျာမဆန်လှချေ။ ထို့ကြောင့်သူသည် ထိုရုပ်ပုံလွှာမှ ပဥ္စသီခနတ်သား ဖြစ်လျှင် ခေါင်းအုံးအိပ်ချင်သည်ဟု ကျူးရင့်သီဆိုမည်ဖြစ်သော သူမ၏ သားမြတ်အစုံသို့ အတင်း အာရုံလွှဲပြောင်းကြည့်လိုက်၏။ နောက်ပြီးတော့ လောကကြီး တကယ် တိတ်ဆိတ်နေပြီလောဟု နားစွင့်လိုက်၏။ ကလေးတွေ တကယ် အိပ်ပျော်ကုန်ပြီလောဟု စောင့်ကြည့်လိုက်၏။

www.foreverspace.com.mm



အိပ်ပျော်မည့်ပျော်တော့ ကလေးသာမက ကလေးအမေပါ အိပ်ပျော်၍သွားလေပြီ။

သူ့ဘယ်ဘက်တွင် ကလေးအမေသည် သူ့အား ကျောပေးပြီး ကလေးဘက်သို့ ခေါင်းခွေကာ အိပ်ပျော်လျက်နေသည်။ သူတို့ ခြေရင်း ညာဘက်စွန်းတွင် မုန့်သေတ္တာပုံးမှာ ထည့်ထွန်းထားသော ရေနံဆီမီးခွက်မှ မီးရောင်သည် သူတို့အိပ်ရာကို ဒလွယ်ခုတ် ဖြတ်၍ လင်းနေသည်။ ထိုမီးရောင်သည် ကလေးအမေ၏ တင်ပါးဆုံကြီးကိုကျော်ပြီး ကလေး၏ မျက်နှာပေါ်သို့ ကျဆင်းလျက် ရှိ၏။ သူသည် ပက်လက်လှန်၍ လှဲနေရာမှ ကလေးအမေဘက်သို့ စောင်းလိုက်ပြန်ပြီး မွတ်သိပ်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ လုံးချောညက်ညောသည့် လက်မောင်းကို ဆုပ်နယ်လှုပ်ရှား၍ နှိုးလိုက်ရမည်လော။ ဖောင်းကြွအိစက်သော တင်ပါးကို ထိတို့ပုတ်ခတ်ပြီး နှိုးလိုက်ရမည်လား။ သို့သော် ထိုခဏ၌ ဤ ဆန္ဒထက် နူးညံ့သိမ်မွေ့သော သနားကရုဏာ မေတ္တာစိတ်တို့သည် ဝင်ရောက်လာလေသည်။ သြော်. . . . သူ့ခမျာ ပင်ပန်းရှာတယ်။ လင်လဲ ပြုစုရ ကလေးတွေကိုလဲ ကျွေးမွေး သုတ်သင်ရ။ ခုလိုနေမကောင်း ထိုင်မကောင်းဖြစ်တော့ ပိုဆိုးတယ်။ ကလေး အိပ်ပျော်တုန်း သူလဲ အိပ်ပါစေတော့။ သူသည် ခေါင်းကို လက်ဖြင့် ထောက်ပြီး ကလေး၏ မျက်နှာကို ကြည့်လိုက်သည်။ ကလေးမျက်နှာမှာ ခါတိုင်းလို မတည်ငြိမ်၊ ဝေဒနာ၏ အရိပ်အငွေ့များကို မြင်နေသေးသည်။ တစ်ခါတစ်ခါ နှုတ်ခမ်းကလေးနှင့် ပါးပြင်နုကလေးတွင် အမဲ့လှိုင်းကလေးများ ထလာတတ်သည်။ တစ်ခါတစ်ခါ အိပ်ပျော်နေရင်း အသက်ရှူမှန်နေရင်းမှပင် ရှိုက်သံငင်သံ

http://www.cherrythitsar.org
www.foreverspace.com.mm



ပေါက်လာတတ်သေးသည်။ သူသည် အနီးဖြစ်နေပြီးဖြစ်သော သူ့ ပုဆိုးစုတ်တထည်ဖြင့် ကလေးရင်ဝယ် အုပ်လွှမ်းပေးလိုက်၏။ ပြီးနောက် ကလေးအမေအား ယုယစွာ စောင်ခြုံပေးလိုက်လေ၏။

သူသည် ခြေရင်းမှ ရေနံဆီ မီးခွက်ကို မှုတ်လိုက်လေ၏။ ထို့နောက် ဖြည်းဖြည်းသာသာကလေး ကလေးအမေဘေးမှာ ပက်လက်လှဲချလိုက်၏။ ကလေးအမေ၏ ကိုယ်ငွေ့မှာ ရင်ငွေ့မဟုတ်၊ ကျောငွေ့သာဖြစ်သည့်တိုင်အောင် နွေးနွေး ထွေးထွေး ရှိလှပေသည်။

သူသည် မျက်စိကို မှိတ်ပစ်လိုက်၏။ ရေကူးမယ် အပျိုဖြူနုထွတ်ထွတ်သည် သူ့အား ကျောခိုင်း၍ ထွက်သွားရာ ပြည့်ဖြိုးအိစက်သော တင်သားတို့သည် နိမ့်တုံမြင့်တုံ ဖြစ်နေသည်ကို သူမြင်နေလေသည်။ သို့သော် သူ၏ အသည်းနှလုံးကား ညနေစောစောကလို နိမ့်တုံမြင့်တုံ မဖြစ်တော့ချေ။ သူသည် တည်ငြိမ်သော စိတ်နှလုံး၊ ကြီးစွာသော စွန့်လွှတ်ခြင်းအဓိဋ္ဌာန်တို့ဖြင့်-

'အင်း. . . . နေပလေစေဦး။ တရေးနိုးတော့ဖြစ်ဖြစ် မနက် မိုးလင်းတော့ဖြစ်ဖြစ်' ဟု တိုးတိုးဖြည်းဖြည်း ရေရွတ်ပြီးနောက် စိတ်ဒုန်းဒုန်းချ၍ အိပ်ပစ်လိုက်လေတော့သည်။

(၃)

သူသည် တစ်ညလုံးတစ်ရေးမျှမနိုးဘဲ မိုးထိန်ထိန်လင်းမှနိုးလေတော့သည်။ ကလေးအမေနှင့် သမီးတို့ကား နိုးနေနှင့်ပြီးဖြစ်သည်။

http://www.cherrythitsar.org
www.foreverspace.com.mm



ကလေးအမေနှင့် သမီးတို့သည် မီးဖိုအနီးမှာရှိကြ၏။ ကလေးအမေကား ဟင်းအိုး ပြင်နေသည်။ သမီးကား ထမင်းရည်ကို သောက်လျက်ရှိ၏။ မီးဖိုပေါ်တွင် ရေနွေးအိုး ကျိုက်ကျိုက်ဆူနေ၏။

သူသည် စိတ်ရွှင်ပျ လန်းဆတ်စွာပင် နိုး၏။ မနေ့ညနေက အဖြစ်အပျက်များနှင့် အိပ်ရေးဝသော တစ်ည ခြားခဲ့ပြီး ဝေးသည် မထင်ရ။ ခုတင်ကမှ ဖြစ်ပျက်သည်ဟု ထင်ရသော်လည်း ခေါင်းအေးအေး စိတ်အေးအေး သွေးအေးအေးဖြင့် ပြန်လည်စဉ်းစားနိုင်လေပြီ။

ရေကူးမယ် အပျိုဖြူ နုထွတ်ထွတ်၏ ငါးရံ့ကိုယ်ကလေးသည် သူ့မျက်စိထဲမှမထွက်၊ သားမြတ်အစုံ၊ တင်ပါးဆုံနှင့် သေးသွယ်ကျစ်ရစ်သည့်ခါးကလေးတို့သည် သူ့မျက်စိထဲမှာ တဝဲလည်လည်ဖြစ်နေသည်။ သို့ရာတွင် ၎င်းတို့သည် သူ့အား တုန်လှုပ်ချောက်ချားစေခြင်းငှာ မစွမ်းတော့ပြီ။ ထိုဣဋ္ဌာရုံသည် သူ့အား လှည့်ဖြားခြင်းငှာ မတတ်နိုင်တော့ပြီ။

အကယ်၍ သူသည် အိပ်ပျော်ခြင်းမှ နိုးပါလျက် အိပ်ရာထဲတွင် ခေါင်းမြီးမှောင်ချကာ အကြင် ဣဋ္ဌာရုံတို့ကို စားမြုံ့ပြန်နေမည်ဆိုလျှင် တကိုယ်လုံးတွင် ကိလေသာ ဒီလှိုင်းသည် တဝုန်းဝုန်း တက်လာကောင်းလာပေမည်။ သွေးလေ ချောက်ချားလာကာ ဣဋ္ဌာရုံတို့၏ လှည့်ဖြားခြင်းကို ခံရပေဦးမည်။ သို့တစေ ယခုမူ သူ့တွင် ခေါင်းမြီးခြုံ၍ စားမြုံ့ပြန်ရန် အချိန်မရှိ။ အိပ်ရာမှ ချက်ချင်းထမှ တော်ကာကျမည်။ အလုပ်ချိန်မှီမည်။

သူသည် အိပ်ရာမှထပြီး ကပျာကယာ မျက်နှာသစ်သည်။ ကိုယ်လက်သန့်စင်သည်။ ပြီးတော့ အိမ်သုံးဖူလုံအောင် ရေခပ်

www.foreverspace.com.mm

http://www.cherrythitsar.org



ပေးလိုက်သည်။

ကလေးအမေက သူ့အတွက် လက်ဖက်ရည်ကြမ်းအိုးနှင့်ပဲပြုတ်ထမင်းကြော်ကို အဆင်သင့် ပြင်ထားသည်။

သူသည် ထမင်းကြော်ကို စားနေဆဲ သားကနိုးလာပြီး အမေလာခေါ်ရမည်ဟု ငိုသံပါနှင့် ပူဆာလိုက်သည်။ အမေသည် သားကို ပွေ့ချီပြီး သေးတည်ပေးသည်။ နောက်မျက်နှာသစ်ပေးမည်ရှိသောအခါ မသစ်ချင်ဘူးဟု ဂျီများနေလေသည်။

သူသည် ဂျီများသော သားကိုကြည့်မနေတော့ဘဲ ထမင်းကြော်ကို စားနေလေသည်။ အငွေ့တထောင်းထောင်းထနေသော လက်ဖက်ရည်ကြမ်းပူပူကလည်း ထမင်းကြမ်းကြော်၏ ကူညီလောင်ဘက်ဖြစ်လှသည်။ လက်ဘက်ရည်ကြမ်းသည် သူ့ရင်ကို နွေးသွားစေပြီး လက်ဖက်ရည်ကြမ်းအငွေ့ တထောင်းထောင်းသည် သူ့အား စိတ်ကူးဉာဏ် ကွန့်လေသည်။ ရေကူးမယ်အပျိုဖြူ နုထွတ်ထွတ်ကလေးကြောင့် ကိလေသာဖြင့် ပူပန်ခဲ့ရသည်။ မချင့်မရဲ စိတ်ဆင်းရဲခြင်း ဖြစ်ခဲ့ရသည်။

ထိုကဲ့သို့သော လှည့်ဖြားတတ်သည့် အာရုံတို့နှင့်မတွေ့အောင် ရှောင်လိုစိတ် ပေါ်လာလေသည်။ ရေကူးမောင်မယ်တို့ဝတ်လစ်-စလစ် အပိုင်းဖြင့် ပျော်ပါးမြူးထူးရာ ထိုရေကန်သာယာကား ဘီလူးတို့နတ်သမီးယောင်ဆောင်၍ လူကို ဖမ်းစားရာ ကန်မင်္ဂလာနှင့် တူလေပြီ။

သူသည် အလုပ်ဆင်းရမှာ ဝန်လေးလာလေသည်။ ဤအလုပ်ခွင်တွင် မနေ့က ရေကူးမယ်လို တပ်မက်ဖွယ်ကောင်းလှသော ဣဋ္ဌာရုံတို့နှင့် ထပ်၍ထပ်၍ တွေ့နေရပါလျှင် ဒုက္ခ

http://www.cherrythitsar.org
www.foreverspace.com.mm



မများပေဘူးလား။ မထိန်းနိုင် မသိမ်းနိုင် ဖြစ်သွားပြီး ထောင်တန်းစက်တိုင် မရောက်နိုင်ပေဘူးလား။

ယင်းသို့ လက်ဖက်ရည်ကြမ်းအငွေ့ တထောင်းထောင်းတွင် စိတ်ကူး၍ ကောင်းနေတုန်း ကလေးအမေက ထမင်းချိုင့်ကို သူ့ရှေ့မှာ ချလာသည်။ အလုပ်သွားပါတော့လားဟု ပါးစပ်က မပြောဘဲ သတိပေးလိုက်ခြင်းပင်ဖြစ်ပေသည်။

သူသည် အလုပ်သွားရမှာ ဝန်လေးနေ၏။ သို့သော် ယနေ့အလုပ်မလုပ်ရင် နက်ဖြန်ဘာဖြစ်သွားမည်နည်း။ သူရော၊ သူ့မိန်းမရော၊ ကလေး သုံးယောက်ရော။

သူသည် ဖြည်းလေးစွာထပြီး ထမင်းချိုင့်ကို ဆွဲ၏။ လောကဓာတ်ကြီးကို အားတင်း၍ ကြည့်လိုက်၏။

နေရောင်ခြည်တို့သည် ကနစိုပင်ကြီး ထိပ်ဖျားတွင် ဆွတ်လိမ်းကျရောက်လာလေပြီ။ ရောင်ခြည်နုနုတွင် ဗျိုင်းအုပ်ကြီးပျံသန်းသွားသည်မှာ တပ်ဖြန့်ခင်းသလို ခမ်းနားလှပေသည်။ နံနက်ခင်းအစာရှာထွက်ရင်း ကျူးသီကြသော ငှက်တို့၏ သီချင်းသံများကလည်း သာယာလှပေ၏။

သူသည် ထမင်းချိုင့်ကို ဆွဲ၍ အလုပ်ခွင်ဆီသို့ စိတ်မပါတပါရုန်းသွား နေလေသည်။ အလုပ်ခွင်ကို စိတ်ကူးလိုက်တိုင်း စိတ်လေးနေပေသည်။ မနေ့က တိုင်အောင် ဤအလုပ်ခွင်ကို ယခင်က ဆံပင်ညှပ်ဆိုင်အလုပ်ခွင်ထက် ပို၍ ကျေနပ်ခဲ့၏။ ဤအလုပ်ခွင်၏ သာယာသန့်ရှင်းမှုတွင် မွေ့လျော် ပျော်မြူးခဲ့၏။ ယခုမူ မွေ့လျော်ပျော်မြူးရန် ကြောက်နေ၏။ ရေကူးမယ်ပျိုဖြူနုထွတ်ထွတ်ကလေးသည် ဥစ္စာစောင့်ပမာ ဝတ်လစ်စလစ် အလှကို ပလ္လာသွားပြစားကာ သူ့ရှေ့မှ ခြေမလှမ်းဘဲရွှေ့

http://www.cherrythitsar.org

www.foreverspace.com.mm



လျှားနေသည်ဟု သူထင်၏။ ထို ဥစ္စာစောင့်မကလေးမျိုးနှင့် ရင်ဆိုင်ရမည်ကိုပင် ကြောက်ရွံ့ နောက်တွန့်နေရှာသည်။

သို့ဖြင့် သူသည် သူ့သွားလမ်းတွင် တည်ရှိသော ဓမ္မာရုံဝတ်ကျောင်းရှေ့သို့ရောက်ခဲ့လေသည်။ ဓမ္မာရုံဝတ်ကျောင်း၏ ရှုခင်းသည် ကိလေသာ ကာမဂုဏ်၌ အာရုံကွန့်မြူး အရူးထနေသော သူ့အား ယဉ်ကျေးနူးညံ့ စေပဟန်တူသည်။ လိမ္မာ စေပဟန်တူသည်။

သူသည် ဓမ္မာရုံဝတ်ကျောင်း၏ ပြာသာဒ်ဆောင်ကြီးကို ကြည်ညိုလိုက်၏။ သိမ်တစ်ဆောင် ကျောင်းကန် တို့ကို မြတ်နိုးလိုက်၏။ ပြီးနောက် သူသွားရောက်ရမည့် ရေကူးကန်သာယာကို ဘီလူးမတွေ လူယောင် ဖန်ဆင်းပြီး လူသားတို့အားဖမ်းစားသည့် ကန်မင်္ဂလာ အနေဖြင့် ကြောက်ရွံ့စွာမတွေးတောတော့ဘဲ၊ သူလို ဟိုလမ်းဘေးမှ ဤလမ်းဘေးသို့ ခဏရွှေ့ပြောင်း ပြေးရှောင်နေရသည့် ဆင်းရဲသား ဆံပင်ညှပ်ဆိုလည်ကုလားထိုင်ပိုင် ဆံပင်ညှပ်သမား အဖြစ်မှသည် တစ်နေ့မလုပ် တစ်နေ့မစားရသည့် အလုပ်နှင့် လက် မကင်းကွာ စကောင်းသည့် ကူလီအလုပ်သမား ဘဝသို့ ကူးပြောင်း ရောက်ခဲ့ရသူတစ်ယောက်အဖို့ မလွှဲမရှောင်သာ သွားရမည့်နေရာ အဖြစ်ဖြင့် ရဲဝံ့စွာ တွေးတောကြည့်ရှုလိုက်ပေသည်။ သူ့ရှေ့မှ ခြေမလှမ်းဘဲ ရွှေ့ရှားနေသော ဥစ္စာစောင့်ပမာ သူတင်စားနေသော ရေကူးမယ်ပျို့ဖြူ နုထွတ်ထွတ်ကလေး၏ သားမြတ်စုံတွင် ခေါင်းအုံးဖို့ စိတ်မကူးတော့ဘဲ ပန်းခူးပေးပါဆိုလျှင် ခူးပေးရမည်။ ခုံမြင့်ဖိနပ်ကို ယူပေးပါဆိုလျှင် ယူပေးရမည်။ ဖိနပ်စီးပေးဆိုလျှင် စီးပေးရမည့် သခင်မအဖြစ်

www.foreverspace.com.mm

http://www.cherrythitsar.org



ဖြင့် ကြည့်လိုက်ပေတော့သည်။

သူသည် ဓမ္မာရုံ ဝတ်ကျောင်းကို ကျော်လွန်၍ ရေကူးကန်ဆီသို့ ခြေလှမ်း မှန်မှန်ဖြင့် လှမ်းနေပေတော့သည်။ ငှက်တွေက အစာရှာရန် ပျံသန်းသွားလာနေကြသည်ကို ကြည့်ပြီး သူ့အဖော်အလျော်တွေပါကလားဟု မှတ်သားလိုက်၏။ သူ့ရှေ့မှာကား ရေကူးမယ်ပို့ဖြူ နုထွတ်ထွတ် ကလေးသည် ရင်ကော့ တင်ကော့ကာ ဝတ်လစ်စလစ်အလှကို ပြစားရင်း ခြေလှမ်းဖျပ်လတ်စွာ လျှောက်သွားနေပြန်လေပြီ။ အိစက်ပြည့်ဖြိုးသည့် တင်သားများ မြင့်တုံ နိမ့်တုံ ဖြစ်နေပြန်၏။

သို့သော် သူ့အသည်းနှလုံးကား မြင့်တုံနိမ့်တုံ မဖြစ်တော့ပြီ။ သူသည် ပါးစပ်မှ ကရားရေလွှတ် တတွတ်တွတ်. . . .

'သြော်. . . . အနိဋ္ဌာရုံ တွေ ပါတကား. . . .'ဟု ရေရွတ်ပြီး ရေကူးကန်သို့ အရောက် မှန်မှန်ကြီး ချီတက်နေလေတော့သတည်း။

**သိန်းဖေမြင့်**

www.foreverspace.com.mm

# ရှင်သုမန

သိန်းဖေမြင့်-ရေးသည်

'ရှင်သုမနတဲ့'

သူငယ်ချင်း သိန်းတင်(ညိုမြ) ၏ဘွဲ့နှင့် တူနေပေသေးတော့၏။

ဘုန်းတော်ကြီးက ကျွန်တော့်သား မောင်ဟသ်ာမြင့်အတွက် ကိုရင်ဘွဲ့ ရှာနေစဉ် ကျွန်တော်က ကျွန်တော့်ကို ရင်ဘွဲ့ကိုပင် ပေးလိုက်ချင်သည်။ ရှင်သောဘဏ။ ဤကား ကျွန်တော့် ကိုရင်ဘွဲ့ပေတည်း။ သို့သော် သည်ကိစ္စမှာ ဘုန်းတော်ကြီး၏ သဘောအတိုင်းဖြစ်ရပါမည်။ ကျွန်တော်က ဘာမျှဝင်မစွက်။ ထို့ကြောင့် မောင်ဟသ်ာမြင့်မှာ ရှင်သုမန ဖြစ်သွားပါလေပြီ။

ဘွဲ့ပေးခြင်းမှာ မောင်ဟသ်ာ၏သာမဏေအဖြစ်သို့ ဝင်ခြင်း အစီအစဉ်တွင် နောက်ဆုံးဖြစ်လေသည်။

မောင်ဟသ်ာ သာမဏေ ဘောင်သို့ ဝင်ခြင်း အလျှူမင်္ဂလာမှာ အလွန်ပင် တိတ်ဆိတ် ငြိမ်သက်လေသည်။ ဖိတ်စာမကမ်း။ ဗျောမတီး။ စည်မရိုက်၊ ကတိုက်ကရိုက် လုပ်လိုက်သော အလှူမင်္ဂလာဖြစ်သတည်း။

ကျွန်တော့်အလိုအားဖြင့်ဆိုလျှင် ဤသို့တိတ်ဆိတ်သော အ လှူမင်္ဂလာပင် ဖြစ်ခဲ့မည် မဟုတ်ချေ။ ကျွန်တော့်မှာ ဘာသာရေးအယူဝါဒ အစွဲအလမ်းတွေမရှိတော့ပြီ။ ဘာသာရေး ထုံးစံဓလေ့များကိုလည်း ကိုယ်ကစ၍ သို့မဟုတ် ကိုယ်က

http://www.cherrythitsar.org
www.foreverspace.com.mm


ဦးဆောင်၍ ဘာမျှမလုပ်တော့ချေ။ နောင်ဘဝဆိုသော အစွဲအလမ်းမရှိတော့ပြီဖြစ်ပေရာ သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက် ကြိုးပမ်းဖို့လည်း မလိုတော့ချေ။

သို့သော် ဤလူ့ဘောင် လောကတွင် ကျွန်တော်လို လူတွေကား လူနည်းစုသာ ဖြစ်၏။ ကွယ်လွန်လေပြီးသော ကျွန်တော့်အဖေ၊ အမေနှင့် အစ်ကိုများက ဘာသာရေး အယူဝါဒ အစွဲအလမ်းတွေ ရှိခဲ့ကြသည်။ ဘာသာရေးထုံးစံဓလေ့များကို လိုက်နာကျင့်သုံးခဲ့ကြသည်။ အသက်ထင်ရှားရှိနေသော ကျွန်တော့်ယောက္ခမ (အမေ) ကလည်း ထိုနည်းဎင်းပင်၊ ဆွေမျိုးသားချင်း အတူနေဘက်တွေကလည်း ထို့အတူ။ ရောမများရာစုကြီးသည် ဘာသာအယူဝါဒ အစွဲအလမ်းများ ရှိကြ၏။ ဘာသာရေး ထုံးစံဓလေ့များကို လိုက်နာကျင့်သုံးကြ၏။ သူတို့သည် သူတို့၏ ဘာသာရေးရှုဒေါင့်မှ နေပြီး ကိုယ်ကျင့်တရား ကောင်းအောင် ထိန်းသိမ်းနေကြ၏။ အကျဉ်းအကြပ်ထဲတွင် စိတ်သက်သာရာကို ရှာကြ၏။ ကျွန်တော်ကလည်း ကျွန်တော့်ရှုထောင့်မှနေပြီး အကျင့်သိက္ခာကောင်းအောင် စိတ်ချမ်းသာအောင် နေ၏။ ကျွန်တော်သည် ရောမများရာစုကြီးနှင့် ထော်လော် ကန့်လန့်လုပ်နေ စရာမလိုပါ။ ရောမများရာစုကြီးက ဤမျှစွဲမြဲခိုင်မာစွာ သက်ဝင်ယုံကြည်နေမှုကို ကျွန်တော်က လေးစားရပါမည်။ ရိုသေရပါမည်။ ထို့ကြောင့် ကျွန်တော့် ယောက္ခမနှင့် ဆွေမျိုးသားချင်းများအား လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့် ပေးထားပါသည်။ သူတို့ထံမှ ကျွန်တော်တောင်းဆိုချက် တစ်ခုသာ ပြုခဲ့သည်။ ကျွန်တော့်အားလည်း ကျွန်တော် ယူဆခွင့် ယုံကြည်ခွင့်၊ မယုံကြည်ခွင့်

www.foreverspace.com.mm
http://www.cherrythitsar.org



လွတ်လပ်ရေး ပေးကြရန်သာ ဖြစ်လေသည်။ ကျွန်တော့် သားသမီးများကို မြန်မာအတန်းစာ သင်ပေးသော ဘုန်းကြီးကျောင်းမှာထားလိုက်၏။ ငယ်ငယ် ရွယ်ရွယ်က မြန်မာလို တွေးခေါ်တတ်အောင် မြန်မာ့ ပတ်ဝန်းကျင်မှာ မြန်မာလူထု၏အောက်လွှာနှင့် ရင်းနှီးစွာ ဆက်ဆံ၍ စာသင်ကြားနိုင်ရေးသည် မူလရည်ရွယ်ချက် ဖြစ်၏။ ထို မူလရည်ရွယ်ချက် ထမြောက်လျှင်ပြီးရော။ ဘာတွေသင်ရ သင်ရ သူတို့အား လွတ်လပ်စွာသင်ကြားခွင့် ပေးထား၏။ သားမောင်ဟာသ်သည် ဗုဒ္ဓဘာသာသင်ခန်းစာများ၌ ထူးချွန်၏။ သမ္မတအိမ်တော်သွား၍ဆုများပင် ယူရ၏။ ကျွန်တော့်မိတ်ဆွေတွေက ကျွန်တော့်ပြုမူပုံကို အံ့သြကြသည်။ ဘာသာရေးနှင့် ပတ်သက်ပြီး ကျွန်တော့်ယူဆချက်တွေ ပြောင်းကုန်ပြီဟု ပြောသူက ပြောသည်။ ကျွန်တော်ဟာဖြင့် အကျွတ်တရားရသွားပြီဟု ငေါ့တော့တော့ဆိုသူက ဆိုသည်။

'ဘောဒေဝပုတ္တ၊ အိုနတ်သား၊ ဗာလနံသူမိုက်တို့ကို၊ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်း သည်ဝှင်း။ ပဏ္ဍိတာနံ၊ ပညာရှိသော သူတို့ကို ယာသေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်ဝှင်း၊. . . . . . . . . . . . × × ×

ဂါရဝေါစ၊ ရိုသေထိုက်သော သူတို့အား ရိုသေရခြင်းသည်ဝှင်း။ နိဝါတောစ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်ဝှင်း၊ မဇ္ဇပါနာ။ သေရည်သေရက်တို့ကို သောက်ခြင်းမှ သံယမောစ၊ ကောင်းစွာရှောင်ကြဉ်ရခြင်းသည်ဝှင်း၊. . . . . . . . × × ×

ဥတ္တမံ မြတ်စွာသော မင်္ဂလံ မင်္ဂလာမည်၏။'

http://www.cherrythitsar.org
www.foreverspace.com.mm


စသည်ဖြင့် ကျွန်တော့်သား တတ်သိနားလည်ရခြင်းတွင် ဘာများ အရှုံးရှိသလဲဟု ကျွန်တော့်မိတ်ဆွေများအား ပြန်လည်ချေပလိုက်ရပေသည်။

ခု- သားမောင်ဟသ်ာ ရှင်သာမဏေအဖြစ်သို့ ရောက်ရပြန်လေပြီ။ အံ့ဩသူက အံ့ဩပေဦးမည်။ အထွေထွေအထူးထူး ပြောသူက ပြောပေဦးမည်။

ကျွန်တော်က အစကတည်းက ဆွေမျိုးများကြားမှာ ကြေညာထားခဲ့လေသည်။ 'သားများအား ကျွန်တော် ကိုယ်တိုင်က ရှင်ပြုလိမ့်မည်မဟုတ်။ ရှင်ပြုပေးလိုသူများ လွတ်လပ်စွာ ပြုနိုင်သည်။' ကျွန်တော့်ဇနီး ခင်ကြည်ကြည်မှာ ကျွန်တော်နှင့် အတွေးအခေါ် ယုံကြည်မှုများတွင် တူသည်ဖြစ်ရာ ကျွန်တော်၏ ကြေညာချက်ကို ထောက်ခံခဲ့လေသည်။ ယောက္ခမ (အမေ) ကြီးမှာ မြေးများကို ရှင်ပြုရန် အချိန်အရွယ်ရောက်အောင် စိတ်အား ထက်သန်စွာနှင့် စောင့်မျှော်နေခဲ့လေသည်။ မြေးအကြီးဆုံး မောင်ဟသ်ာပင်လျှင် ဆယ်နှစ်မပြည့်သေး။

ဇနီးခင်ကြည်ကြည် မမာမကျန်းဖြစ်နေသည်မှာ အတော်ကြာသွားပါပြီ။ မိုးတွင်းကစဖြစ်ပြီး ဆောင်းကုန်လို့ နွေကူးခဲ့ပြီ။ သူ့ရောဂါ မပျောက်သေး။

ကျွန်တော့်ယောက္ခမကြီးသည် စိတ်ပူရှာ၏။ သူ့နည်းနှင့်သူ ကုလို၏။ ကျွန်တော်က ကျွန်တော်စိတ်အချဆုံးသော သိပ္ပံပညာနှင့် ယှဉ်သည့်ကုနည်းများဖြင့် ကုသပေးနေရာ၊ ယင်းသို့ကုသခြင်းကို မနှောင့်ယှက်လျှင်ပြီးရော၊ သည့်ပြင် ကြိုက်တာလုပ်ကြပါဟု လွတ်လပ်ခွင့် ပေးလိုက်လေသည်။ ယောက္ခမ

http://www.cherrythitsar.org
www.foreverspace.com.mm



ကြီးသည် ဗေဒင် မေး၏။ ဓာတ်ရိုက်၏။ မြေးမောင်ဟသ်ာကို ရှင်ပြုပြီး သမီးအား ဘုရားကု ကုရန် ဆုံးဖြတ်လေသည်။ သို့ဖြင့် မောင်ဟသ်ာရှင်သာမဏေဘောင်သို့ ဝင်ခဲ့ရလေ၏။

"ရှင်သုမန"

ဆရာတော်က ဤဘွဲ့ကို ပေးပြီးသည်နှင့် တပြိုင်နက် သား မောင်ဟသ်ာသည် ကိုရင် အပြည့်အဝဖြစ်သွားလေပြီ။ သာမဏေအင်္ဂါရပ်အားလုံး စုံလင်ပါလေပြီ။

သို့ရာတွင် ဘွဲ့ပေးခြင်းသည် ရှင်ပြုခြင်းတွင် နောက်ဆုံး အစီအစဉ်သာ ဖြစ်လေသည်။

အစက ကိုရင်ဝတ်ရာ ဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော် မလိုက်တော့ဘူးဟု ပြောထားခဲ့သည်။ သို့သော်ယောက္ခမကြီး စိတ်ကြည်သာအောင် သားတော်မောင် အားမငယ်ရအောင် ဘုန်းကြီးကျောင်းသို့ လိုက်သွားရသေးသည်။

ကိုရင်အတွက် ပရိက္ခရာ-၇ပါး အားလုံး အစစ်ချည်းဖြစ်သည်။ သားရေနယ်မှာကား စက္ကူဖြင့် လုပ်ထားသော သားရေနယ်အတုဖြစ်၏။

ဓမ္မာရုံဝတ်ကျောင်း ကျောင်းထိုင်ဆရာတော်က ဦးပဥ္စင်းခေါ်ပြီး မောင်ဟသ်ာအား ခေါင်းတုံး တုံးပေးရန် ပရိက္ခရာ-၇ပါး ထဲမှ သင်တုန်းကို ပေးလိုက်လေသည်။ သင်တုန်းဓားမှာ အကောင်းစား အမျိုးမှန် ဖြစ်သည်ဟု ဆရာတော်က မှတ်ချက်ရေးလိုက်သေးသည်။

ဦးပဥ္စင်းသည် ကျွမ်းကျင်သော ဆတ္တာသည်ကဲ့သို့ မောင်ဟသ်ာ၏ ဗိုလ်ကေကလေးကို ရိတ်ဖြတ်ပစ်လိုက်လေသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



ပြုတ်ကျသွားသော ဆံပင်များသည် မြေကြီးပေါ်သို့ မကျစကောင်း။ သို့ကလိုပင် အယူအဆရှိကြသည်။ ယောက္ခမကြီးသည် တဘက်ဖြင့် ခံယူ၏။ မနိုင်မနင်းဖြစ်နေဟန်ရှိ၍ ကျွန်တော်က တဘက်၏ အစွန်းကို ကိုင်ပေးရပြန်လေသည်။ ဆရာတော်ကမူ မောင်ဟသ်ာအား တရားပြနေလေသည်။

'မောင်ဟသ်ာ. . . . ဆံပင်ကို ရိတ်နေတဲ့အခါမှာ ကေသာ၊ လောမာ၊ ကေသာ၊ လောမာလို့ ဆိုပြီး နေရမယ်ကြားလား'

မောင်ဟသ်ာက ဇက်စင်းခံနေရာမှ အသံအစ်ကြီးဖြင့်. . . .

'တင်ပ့ါဘုရား'

'ကေသာ၊ လောမာ၊ ကေသာ၊ လောမာ ဆံပင် အမွေးအမျှင် ဆံပင် အမွေးအမျှင်လို့ သတိရှိနေရမယ်။ နှလုံးသွင်းနေရမယ်။ ရွတ်နေရမယ်'

သင်တုန်းဓားမှာ ထက်လှ၏။ သို့သော် ဦးပဥ္စင်းသည် တဖြန်း ဖြန်းဖြင့် ခြေသလုံးမှာ ခတ်ကာ သွေးလိုက်သေး၏။

နေသည် ထန်းတဖျားမျှသို့ တက်လာလေပြီ။ သို့သော် ပိန်းနဲ၊ ဒူးရင်း၊ ဒညင်း၊ ကနစို၊ ရဲယို၊ ဂန့်ဂေါ်၊ အုန်းကွမ်းသီးစသော အပင်များဖြင့် အုပ်နေသော ကျောင်းဝင်းထဲတွင် နေခြည်တစ်ပြောက်မျှ မကျရောက်သလောက်ပင်ဖြစ်နေပေ၏။

ခေါင်းတုံးပြီးသောအခါ မောင်ဟသ်ာအား ရေတွင်းသို့ ခေါ်သွားရလေသည်။ ရေတွင်းသည် အောက်ချိုင့်ထဲမှာ တည်ရှိပြီး အထွက်လွန်စွာသန်သည်။ မောင်းတွင် တပ်ဆင်

www.foreverspace.com.mm

http://www.cherrythitsar.org



ထားသော ရေပုံးဖြင့် အလွန်အေးမြကြည်လင်သော ရေကိုခပ်ယူပြီး သာမဏေလောင်းအား ရေချိုးပေးရ၏။ စိတ်ရော၊ ကိုယ်ရော မည်မျှသန့်ရှင်း ကြည်လင်သွားပေလိမ့်မည်နည်း။

ရေချိုးပေးပြီးနောက် သာမဏေလောင်းအား ဆွမ်းစားကျောင်းပေါ်သို့ ခေါ်သွားကြလေသည်။ ကျောင်းကလေးမှာကုန်းစောင်းပေါ် မေးတင်၍ ဆောက်ထားသော တစ်ထပ်ကျောင်းကလေးဖြစ်၏။ နောက်ဖေး ဝါးရုံကြီးကို လေခတ်သံသည် တရှဲရှဲအော်မြည်နေလေသည်။

သာမဏေလောင်းသည် ပရိက္ခရာ-၇ပါးထဲမှ သင်္ကန်းလိပ်ကို ယူပြီး ဆရာတော်အား ရှိခိုးကာ တောင်းပန်ရလေသည်။

'သကလဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနသ္သ သစ္ဆိကရဏတ္ထာယ ဣမံကာသဝံဂဟေတွာပဗ္ဗာဇေထ မ ဘန္တေ အနုကမ္ပံ ဥပါဒါယ'

မောင်ဟသ်ာသည် စောစောက ကြိုတင်ကျက်ထားသည့်အတိုင်း အလွတ်ဆိုသွားလေသည်။

ဆရာတော်က

'ဒါက ရှင်သာမဏေပြုပေးဖို့ ငါ့ကို သင်္ကန်းအပ်တာပဲ။ ကြားလား ကဲ ပါဠိမြန်မာကိုဆို'

ဘန္တေအရှင်ဘုရား။ သကလဝဋ္ဋ ဒုက္ခနိဿရဏ နိဗ္ဗနသ္သ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက်သော နိဗ္ဗာန်ကို သစ္ဆိကရဏတ္ထာယ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ဣမံကာသာဝံ အကျွန်ုပ်လက်၌ရှိသော ဤသင်္ကန်းကို

http://www.cherrythitsar.org
www.foreverspace.com.mm



ဂဟေတွာ ယူတော်မူ၍ မံ အကျွန်ုပ်ကို အနုကမ္ပ အစဉ်သနား ခြင်းကို။ ဥပါဒါယ အကြောင်းပြု၍။ ပဗ္ဗဇေထ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန်ဘုရား’

ထိုသို့ တောင်းပန်ပြီးနောက် ဆရာတော်လက်သို့ မောင်ဟသ်ာက သင်္ကန်းကို အပ်လိုက်ရလေသည်။

ဆရာတော်။

‘ဘုန်းကြီးလက်ထဲ သင်္ကန်းရောက်ပြီးတဲ့နောက် သာမဏေလောင်းက ရှင်သာမဏေဖြစ်အောင် ပြုပေးပါလို့ ဆိုပြီး သင်္ကန်းကို ပြန်တောင်းရတော့မယ်။ ကဲ. . . . ဆို. . . . ပါဦး’

မောင်ဟသ်ာသည် ကျက်ထားသည့်အတိုင်း ‘သကလဝဋ္ဋဒုက္ခ စသည်တို့ကို ရွတ်ဆိုသည်။ ပြီးနောက် ‘အရှင်ဘုရား လက်တော်၌ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ အကျွန်ုပ်အား အစဉ် သနားသည်ကို အကြောင်းပြုပြီး ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူပါ’ဟု လျှောက်လိုက်လေ သည်။

မောင်ဟသ်ာအား ဦးပဉ္စင်းက ကူညီပြီး လူဝတ်ကို ချွတ်စေပြီး၊ သင်္ကန်းလဲစေသည်။ သင်းပိုင်ကို လိပ်ပြီး ခါးပန်းကြိုး ပတ်လိုက်သည်။ သာမဏေလောင်းကား ကိုယ့်ကိုယ်ကို ကြည့်ပြီး ပြုံးဖြဲဖြဲကြီး လုပ်နေသည်။ လက်တဖက်ဖော်ပြီး ဧကသီကို ကျကျ နန ရုံပေးပြီးနောက်မှ မျက်နှာ တည်သွား၏။

ဟာဝေယံရှပ်နှင့် ဘောင်းဘီတိုတို့ကို ဝတ်ဆင်လေ့ရှိသော သားမောင်ဟသ်ာအား သင်္ကန်းဝတ်နှင့် မြင်လိုက်ရသောအခါ တမျိုးကြီး ဖြစ်သွားသည်။ ကြည်နူးသွားသလော။ ကြေကွဲသွားသလောမသိ။ ရင်ထဲမှာ ဖိုလှိုက် လာသည်။

http://www.cherrythitsar.org
www.foreverspace.com.mm


ဆရာတော်-

"သက်န်းဝတ်ရုံနှင့် သာမဏောမဖြစ်သေးဘူးနော် - သာမဏေအဖြစ် တောင်းပန်ရသေးတယ်"

"တင်ပါ့ဘုရား"

"ကဲ. . . . ဆို"

"ဘန္တေ သံသရဝဋ္ဋဒုက္ခတော၊ မောစနတ္ထာယ ပဗ္ဗဇ္ဇယာစာမိ"

ဤဟာကို မောင်ဟသ်ာက ဒုတိယမ္ပိ တတိယမ္ပိ ရွတ်ဆိုနေစဉ် ကျွန်တော့်စိတ်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ရှင်ပြုခဲ့သည့် အခမ်းအနားများသို့ ရောက်သွားလေသည်။ မင်းသားကလေးလို ဝတ်ပြီး မြင်းစီးကာ ရှင်လောင်းလှည့်ရသည်။ အစ်ကိုကြီးက ရှေ့မှ ကျွန်တော်က နောက်မှမြင်း ကိုယ်စီနှင့် ကျွန်တော်စီးသော မြင်းကြီးမှာ ဖောင်းဝတ်ရောင် ဖြစ်၏။ သျှိုးထိုး၍ လိုက်သူတွေမှာလည်း အများအပြား။ ရှေ့က ကန်တော့ပွဲ ကိုင်သူတွေကလည်း အများအပြား။ နောက်မှ စီတန်းလိုက်ပါသူများမှာ မျက်စိတဆုံး။ ဆေးလိပ်ထဲတွင် မူးစေ့မတ်စေ့ ရွှေဒင်္ဂါးများထည့်ပြီး ဝေသဖြင့် ပရိသတ်တွေ အားတိုက်ခွန်တိုက် အလုလုလှည့်လိုက်ကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ကား လူတကာ၏ အာရုံကို ဆွဲငင်နေသော အရေးအကြီးဆုံးသူများ ဖြစ်နေကြလေသည်။ ကျွန်တော်မှာ မည်မျှ ကျေနပ်အားရသနည်း။ မည်မျှ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသနည်း။ မည်မျှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သနည်း။ ပြောမပြနိုင်အောင်ပင် ဖြစ်ပေတော့၏။ ကြည့်လိုက်ပါဦး ကျွန်တော့်

www.foreverspace.com.mm



ဝဲ-ယာဘက်တွင် ရွှေထီးများ လိုက်မိုးပေးနေကြသည်။ သို့ကြောင့်လည်း ရှင်လောင်းဘဝက ရွှေထီးဆောင်းခဲ့ရသည်များကို မမေ့ကြခြင်း ဖြစ်ပေ၏။

'ဘန္တေ အရှင်မြတ်ဘုရား။ တတိယမ္ပိ သုံးကြိမ်မြောက်လည်း။ သံသာရဝဋ္ဋဒုက္ခတော သံသရာဝဋ်ဆင်းရဲမှ မောစနတ္ထာယ ထွက်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှာ ပဗ္ဗဇ္ဇရှင်သာမဏေအဖြစ်ကို ယာစာမိ တောင်းပန်ပါ၏ဘုရား'

ဆရာတော်. . . .

'ကဲ မောင်ဟသ်ာ ကိုရင်ဖြစ်ပြီ' ဟု မိန့်တော်မူလိုက်သောအခါ ကျွန်တော်သည် အတိတ်အိပ်မက်မှ လုံးဝ နိုးလာလေတော့သည်။ ကိုရင် ဟသ်ာသည် ဆရာတော်အား 'သြကာသ သြကာသ သြကာသ' စသည် ရှိခိုး၏။ ဆရာတော်က 'ပရိယတ္တိ သာသနာ ပဋိပတ္တိ သာသနာ နှစ်ဖြာမယုတ်ကြိုးစား ပွားများ အားထုတ်နိုင်လွယ်သည် ဖြစ်စေသတည်း ဟု ဆုပေးတော်မူ၏။ ပြီးတော့-

'သာမဏေဖြစ်ပြီး သာမဏေတို့သီလကို စောင့်ထိန်းရတယ်။ ကိုရင်ဖြစ်ပြီး ကိုရင်တို့ရဲ့ ကျင့်စဉ်အတိုင်း မကျင့်ရင် ကိုရင် အစစ် မဖြစ်နိုင်ဘူး။ ကဲ သာမဏေ သီလတောင်းရမယ်'

'အဟံဘန္တေ၊ တိသရဏေန၊ သဟဒသ သာမဏေရ ပဗ္ဗဇ္ဇသီလ' ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံ ဒေတ မေဘန္တေ'

ဆရာတော်နှင့် ကိုရင်မောင်ဟသ်ာတို့သည် ဒုတိယမ္ပိ။ တတိယမ္ပိ အပြန်အလှန် ရွတ်ဆိုနေကြစဉ် ငယ်ငယ်တုန်းက တွေ့ကြုံခဲ့ဖူးသော ရှင်ပြုတစ်ခုကို သတိရနေလေသည်။ အချိန်

http://www.cherrythitsar.org
www.foreverspace.com.mm


မှာ ညနေစောင်းဖြစ်၏။ ရှင်လောင်းကလေးမှာ အသက် ငယ်လှ၏။ ခေါင်းရိတ်ကတည်းက တစာစာ ဟစ်အော် ငိုကြွေးနေလေသည်။ ငြိမ်သက်စွာ ခေါင်းရိတ်ခံစေရန် မုန့်ချောင်းတစ်ခုပေးထားရလေသည်။ ခေါင်းရိတ်ပြီးတော့လည်း ငိုနေတုန်းဖြစ်၏။ သင်္ကန်းဝတ်ပေးပြီးတော့ မုန့်ချောင်း လက်ကကိုင်၍ ရှိုက်နေလေသည်။ သီလပေးပြီးသည်နှင့် တပြိုင်နက်လက်က မုန့်ချောင်းကြီးကို စားလိုက်သည်။ ထိုအချိန်မှာ နေဝင်ချိန်ဖြစ်လေသည်။

ဆရာတော်က ဆယ်ပါးသီလကို ကိုရင်မောင်ဟသ်ာအားပေး၏။ မြန်မာလို ရှင်းပြနေ၏။

'ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အဗြဟ္မစရိယာ. . . . ' မောင်ဟသ်ာမှာ ထိုသီလ အကြောင်းကို နားလည်နိုင်သည့် အရွယ်မဟုတ်။ 'ဝိကာလဘောဇနာ. . . . ' ဤသီလကိုကား မောင်ဟသ်ာ ကောင်းကောင်းနားလည် မည်ဖြစ်ပေသည်။ 'ဥစ္စာသယန မဟာသယနာ-ဇာတရူပ ရဇသ'

ထိုနောက် ဥပဇ္ဈာယ်ယူခြင်း အစီအစဉ်ကို ကျင်းပလေသည်။

ဆရာတော်က

'ကိုရင်မောင်ဟသ်ာ သင်္ကန်းဝတ်တဲ့အခါမှာ ဉာဏ်နှင့်ဆင်ခြင်ဝတ်ရမယ်။ လှဖို့ပဖို့ ဝတ်တာမဟုတ်ဘူး။ အပူ အအေးတို့မှ ကာကွယ်ဖို့ ဝတ်တာမှတ်။ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ရုံသာ ဝတ်ကာ အရှက်ကြီးငယ်ကို ကာကွယ်ရုံဝတ်ကာ အဲဒီလို နားလည်

www.foreverspace.com.mm
http://www.cherrythitsar.org


ရမယ်။ အမြဲနှလုံးသွင်းရမယ်၊ နားလည်ရဲ့လား’

‘တင်ပ့ါဘုရား’

‘ဆွမ်းစားရာမှာလဲ ဉာဏ်နှင့်ဆင်ခြင်ပြီးစားရမယ်။ ပိဏ္ဍပါတံ ဆွမ်းအစရှိသော အာဟာရတို့ကို ပဋိသေဝါမိ မှီဝဲပါ၏။ ရွာသူရွာသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါးကစားခြင်းငှာ မမှီဝဲပါ။ လက်ဝှေ့လက်ပန်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှာ မမှီဝဲပါ။ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှာ မမှီဝဲပါ။ ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အသားအရေ ပြည့်ဖြိုးခြင်းငှာ မမှီဝဲပါ။ ဤကိုယ်ခန္ဓာ တည်ရုံသာလျှင် မျှတရုံသာလျှင် ပင်ပန်းခြင်း ငြိမ်ရုံသာလျှင် သာသနပြဟ္မစရိယ မဂ္ဂပြဟ္မစရိယ နှစ်ပါးကို ချီးမြှောက်ရုံငှာသာလျှင် ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။ ဆွမ်းကို မှီဝဲသဖြင့် အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကိုလည်း ပယ်ဖျောက်စေမည်။ အသစ်ဖြစ်သော ဆင်းရဲဝေဒနာကိုလည်း မဖြစ်ပေါ်စေရပါ။ မျှတရုံအပြစ်မရှိရုံ စားသည်လို့ ဆင်ခြင်အောက်မေ့ရမယ်’

ဤသို့ အဆုံးအမများ ပေးပြီးနောက် နောက်ဆုံးအစီအစဉ်အဖြစ်ဖြင့် ရှင်သုမနဟူသော ဘွဲ့ကို ပေးလိုက်ခြင်း ဖြစ်၏။

ရှင်သုမန

ဆယ်နာရီခွဲလောက်ကျတော့ ရှင်သုမနသည် ဆရာတော်ကြီးများနှင့်အတူ အိမ်သို့ ဆွမ်းစား ကြွရောက်လာလေသည်။

ရှင်သုမနသည် ကျန်သားသမီးများအတွက် အထူးအဆန်းဖြစ်နေလေသည်။ သူတို့သည် ရှင်သုမနအားဝိုင်းကြည့်ပြီး ပြုံး

www.foreverspace.com.mm
http://www.cherrythitsar.org



ကြရယ်ကြ အချင်းချင်းလက်တို့ကာ မှတ်ချက်ချကြ လုပ် နေကြလေသည်။ ရှင်သုမနသည် သူတို့အပေါ်မှာ တည်တည် ကြီး လုပ်နေရမည်လား။ ရွှတ်တွတ်တွတ် နောက်တောက် တောက် လုပ်နေရမည်လား ခွဲခြားသိဟန် မတူ။ ကိုရင့် မျက် နှာမှာ မချိုမချဉ် ဖြစ်နေလေသည်။

ဘုန်းတော်ကြီးများ ဆွမ်းစားနေစဉ် ရှင်သုမနအား စား ပွဲသီးသန့်ဖြင့် ဆွမ်းကျွေးရလေသည်။ ကျန်ကလေးများအဖို့ ကိုရင်သုမန ဤလို ရေးကြီးခွင့်ကျယ် ထယ်ဝါစွာ ဆွမ်း စားရခြင်းသည်ပင် အံ့သြစရာတစ်ခု ဖြစ်နေပေ၏။

ရှင်သုမနသည် ကိုရင်ဘဝဖြင့် တနင်္ဂနွေ တစ်ပတ်နေမည် ဟုပြောပြီး ကျောင်းသို့ ပြန်သွားလေသည်။ နောက်တစ်နေ့ နံနက် ဆွမ်းခံထွက်ဦးမည်ဟုလည်း ဆို၏။ ခြောက်နှစ်ကျော် ခုနစ်နှစ်အရွယ်ရှိသော သားအငယ် မောင်အာသာမြင့်နှင့် သူ့သူငယ်ချင်း မောင်ပွတို့က ကိုရင်သုမန ဆွမ်းခံကြွလျှင် နောက်က လိုက်ကြမည်ဟု စီစဉ်ကြလေသည်။ ကျွန်တော် သည် နောက်တစ်နေ့နံနက်ကို ကြိုတင်စိတ်ကူးနေမိလေသည်။

ညနေတွင် ရှင်သုမနအား သူ့အဖွားသည် ဆေးရုံသို့ ခေါ်သွားပြီး သူ့အမေအား ပြလေသည်။ ကျွန်တော် လိုက် မသွားနိုင်ခဲ့ချေ။ နောက်မှ ကျွန်တော့်အား ကိုရင်သုမနက 'အဖေရယ် အမေက ဟသ်ာကို ကန်တော့တယ်ဗျ' ဟု ရွှင်မြူး စွာ ပြောပြလေသည်။

'ကိုရင်ဝတ်တော့ အဖွားကလည်း ကန်တော့တာပဲကွ'ဟု သားအငယ်က ဝင်ပြီးပြောလေသည်။

http://www.cherrythitsar.org
www.foreverspace.com.mm



'ဟဲ့ ကိုရင်ကို (ကွ)လို့ မပြောရဘူး (ခင်ဗျ)လို့ပြော'

ညတွင် ဆရာတော်က ကိုရင်မှာ ငယ်သောကိုရင် ဖြစ်သဖြင့် အိမ်ပြန်အိပ်လိုက အိပ်ရန် ခွင့်ပြုလေသည်။ သို့သော် ကိုရင်က ကျောင်းမှာပဲ အိပ်မည်ဟု ဆိုလေသည်။ ထို့ကြောင့် သူဦးတော် တစ်ယောက်က သူနှင့် လိုက်အိပ်ရလေသည်။

ထိုညနေနှင့်ထိုညတွင် ကိုရင်အား ဘိလပ်ရည်တိုက်သူတွေ များလှလေသည်။

နောက်တစ်နေ့ နံနက်တွင် ကိုရင်ဆွမ်းခံထွက်လျှင် လိုက်မည်ဆိုသော မောင်ပွသည် ဘုန်းကြီးကျောင်းမှ ပြန်လာပြီး ကျွန်တော့်အား 'ကိုဟသ်ာက လူထွက်ချင်တယ်လို့ ပြောတယ်ဗျ' ဟု ပြောပြလေသည်။

ကျွန်တော် ကျောင်းသို့ လိုက်သွား၏။ ကိုရင်သုမနသည် နှစ်ထပ်ကျောင်းကြီးအောက်ထပ်မှာ တစ်ယောက်တည်း လမ်းလျှောက်နေသည်ကို တွေ့ရလေသည်။ သူ့လက်မှာ မနေ့က ဆရာတော်ပေးထားသော ပုတီးရှိလေသည်။ ကိုရင့်မျက်နှာမှာသုန်မှုန်နေ၏။

'ဘာဖြစ်လို့ လူထွက် ချင်တာလဲ ထမင်းဆာလို့လား'

'မဟုတ်ဘူး'

ကျောင်းအောက်ထပ်မှာ သားအဖ နှစ်ယောက်ထဲရှိပြီး တိတ်ဆိတ်နေသည်။

'၇ ရက်မနေနိုင်တောင် သုံးရက်တော့ နေဖို့ကောင်းတယ်ကွာ'

'ဟင့်အင်း. . . . မနေချင်ဘူး။ ထွက်ချင်တယ်'

'ဘာဖြစ်လို့လဲ'

http://www.cherrythitsar.org
www.foreverspace.com.mm



'ပျင်းလို့'

ဘုန်းကြီးကျောင်းမှာ သာမဏေ ဣန္ဒြေကြီးနှင့် နေရသည့်အတွက် ပျင်းခြင်းဖြစ်သည်ဟု ရိပ်မိလိုက်လေသည်။

'ခု မင်းကိုရင်ဝတ်တာက မင့်အမေကျန်းမာရေးအတွက် ဝတ်တာ။ ဒီလိုလုပ်ကွာ မင်းသုံးရက်ပြည့်အောင်နေ။ ပြီးတော့ အမေ့ကိုပြော။ ဟသ်ာလည်း အမေ့အတွက် ကိုရင် သုံးရက် ပြည့်အောင် ဝတ်နေတယ်။ အမေလည်း ဆေးရုံမှာ ၃ လ ပြည့်အောင်တက်နေပါ။ ဆေးရုံမှာ မပျင်းပါနဲ့လို့ပြော'

ရှင်သုမနသည် ဘာမျှ မပြောဘဲ မှုန်ဆိုင်းစွာ မျက်လွှာချ၍နေလေသည်။ နောက်ငိုသံဖြင့်. . . .

'ပျင်းတယ်အဖေ'

'ပျင်းရင် အိမ်မှာလိုက်နေ။ ပြီးတော့ ညကျမှ ကျောင်းပြန်အိပ်. . . . အဖေပါ လိုက်အိပ်မယ်'

သူ့မျက်နှာမှာ လင်းထိန်သွားလေသည်။

'အဲလို အိမ်လိုက်နေလို့ရလား'

'ရတာပေါ့ကွ။ ငါဆရာတော်ကို လျှောက်ခဲ့မယ်။ လာ သွားကြစို့'

သို့ဖြင့် ဆရာတော်အား လျှောက်ထားပြီး နေ့ခင်းအိမ်မှာ နေရန် ကိုရင်အား ခေါ်လာရလေသည်။ အိမ်ရောက်တော့ ကိုရင်သည် ညီ၊ ညီမငယ်တို့နှင့် ရယ်လားမောလား စကားပြောလေသည်။ မြှင့်တင်ထားခဲ့ရသော ဣန္ဒြေများကို လျှော့ချလေသည်။ ပြီးတော့ခါတိုင်းလိုပင် ဆော့ပါလေသည်။ ဇာတိကိုပင် ရုံသည် မရှိတော့ချေ။ ညအိပ်ချိန်ကျမှ ဘုန်းကြီးကျောင်းပြန်လေသည်။ ကျွန်တော် လိုက်အိပ်သောအခါ

www.foreverspace.com.mm

http://www.cherrythitsar.org



သားအငယ်ပါ ပါလာလေသည်။

သည်လိုနှင့် သုံးရက်ပြည့်အောင် ရှင်သုမန အဖြစ်နှင့် နေစေရတော့၏။ လူဝတ်လဲပြီးသည် ဆိုလျှင်ပင် သားအဖ သုံးယောက် ရေကန်သွား ရေကူးကြလေသည်။

ညနေဆေးရုံရောက်သောအခါ ဇနီးခင်ကြည်ကြည်အား

'ခင့်သားက ခင့်အတွက် သုံးရက်ပြည့်အောင် ကိုရင်ဝတ်တယ်။ ခင်ကလည်း ဆေးရုံမှာ သုံးလပြည့်အောင် နေပေတော့၊ မုချကျန်းမာလာမှာ သိလား'

ခင်သည် ပြုံးနေလေသည်။ သုံးလပြည့်အောင် ဆေးရုံ တက်ရန် အရင်က ငြင်းခဲ့၏။ ယခုတော့ မငြင်းတော့ချေ။ ပြုံး၍သာ နေလေ၏။

ကျွန်တော်သည်လည်း ယောက္ခမ(အမေ)နှင့် အတူပင် ခင့်အား ဘုရားကု ကုနေပါပြီကော. . . .။ ။

**သိန်းဖေမြင့်**

www.foreverspace.com.mm

# ဆရာအိုပြဿနာ

သိန်းဖေမြင့်-ရေးသည်

အချိန်မှာ ကျွန်ုပ်တို့၏ ရန်ကုန်တက္ကသိုလ် နွေရာသီ ကျောင်းပိတ်ချိန် တစ်နေ့သော နံနက်ခင်း ဖြစ်လေသည်။

ကျွန်ုပ်သည် ပင်စင် ယူရခါနီးပြီ ဖြစ်သော ကထိက ဆရာအိုကြီး တစ်ဦးဖြစ်ပေ၏။ ကျွန်ုပ်သည် မည်သူကမျှ မပြည်ပ်မီကပင် ကိုယ့်ဘာသာ စည်းကမ်းသတ်မှတ်ပြီး ကျောင်းသို့ ၉-နာရီ မှန်မှန် ရောက်အောင် လာလေ့ရှိသည်။ ကျောင်းသားတွေ အတွက် ကျောင်းပိတ်ပြီးဖြစ်လျက် ဆရာများအတွက် ကျောင်းမပိတ်သေးသော ရက်များ၌ပင်လျှင် ဤအချိန်ဇယားကို စည်းကမ်းကြီးစွာနှင့် စောင့်ထိန်းလေ့ရှိသည်။

ကျွန်ုပ်သည် နေအိမ်မှ ကျောင်းသို့ ခြေလျင်လျှောက်ရခြင်းကိုလည်း နေပူမရှောင် မိုးရွာမရှောင် ကျင့်သုံးသော အလေ့လုပ်ထားပေသည်။ ကျွန်ုပ်၏ ကျန်းမာရေးအခြေအနေကောင်းသည်မှာ ဤအလေ့ကြောင့် တစ်ကြောင်းဖြစ်သည်။ လူငယ်ဆရာတွေက မော့စ်ဖစ်၊ ဘဲလော့က်စ်ဗစ်တာစသော ကားကလေးများ ဝယ်နိုင်အောင် လခထဲမှသော်၎င်း၊ စာမေးပွဲအဖြေလွှာဖျက်ခထဲမှသော်၎င်း အပတ်တကုတ် ကြိုးစား၍ ငွေစုနေကြချိန်တွင် ကျွန်ုပ်မှာ ပင်စင်ယူလျှင် ကိုယ့်ဝင်းကိုယ့်ခြံ ကိုယ့်အိမ်ကလေးနှင့် နေနိုင်အောင် စုဆောင်းနိုင်ပေသည်။ ပင်စင်ယူပြီးလျှင် ခြံမြေထဲမှာ သစ်ပင်စိုက်ရင်း ရုက္ခဗေဒ သုတေသနလုပ်ရန် စိတ်ကူးထားပေသည်။ ရုက္ခဗေဒသည် ကျွန်ုပ်

http://www.cherrythitsar.org
www.foreverspace.com.mm



သင်ကြား ပြသနေရသော ဘာသာရပ်ကား မဟုတ်ပါ။ ဝါသနာ အလျောက် လေ့လာနေသော အပျော်လုပ်ငန်း တစ်ခုသာ ဖြစ်လေသည်။

ကျွန်ုပ်သည် တက္ကသိုလ် ရိပ်သာလမ်းမကြီးကို ဖြတ်ပြီး အင်းလျားလမ်းထဲသို့ ဝင်လာလေသည်။ ဝင်လာမိသည်နှင့် တစ် ပြိုင်နက် အင်းလျားလမ်းတွင် နေထိုင်ကြသော ဘူမိဗေဒ ပါမောက္ခ ဒေါက်တာ သာလှ၊ မြန်မာစာ ပါမောက္ခ ဦးအေး မောင်၊ ရူပဗေဒပါမောက္ခ ဒေါက်တာမောင်မောင်ခ၊ ပိဋကတ် တိုက်မှူး ဦးသိန်းဟန် (ဇော်ဂျီ)၊ မော်ကွန်းထိန်းအရာရှိ ဦးယုခင် နှင့် ဘာသာပြန်နှင့် ထုတ်ဝေရေး ဦးဝန် (မင်း သုဝဏ်) တို့သည် အားလုံးပင် ကျွန်ုပ်ထက် ငယ်သူများ ဖြစ်ကြောင်း ပြုန်းကနဲ သတိရသွားလေသည်။

ကျွန်ုပ်ကူးဖြတ်ခဲ့ရသော တက္ကသိုလ်ရိပ်သာ လမ်းမကြီး နှင့် ပုဂံလမ်းမှာ ခြားနားလှသည်။ ပုဂံလမ်းထဲဝင်လိုက်သည် နှင့် တစ်ပြိုင်နက် ငြိမ်သက်အေးချမ်းခြင်းအရသာကို ထူးထူး ခြားခြား ခံစားလိုက်ရ၏။ နဂါးဘတ်စ်ကားနှင့် ပရိုက်ဗိတ် ကားသံများသည် ပျောက်ကွယ်သွားသည်။ ပူရှိန်ကောင်းစ တောက်ပ ဝင်းထိန်သော နေခြည်များမှ ကင်းလွတ်ခဲ့ပြီး ပုဂံ လမ်းပေါ်သို့ ဖြာဆင်းနေသော သစ်ပင်ရိပ်ကြီးများအောက် သို့အေးကနဲ ဝင်ရောက်လာခဲ့လေသည်။ လမ်း၏ ဟိုဘက် သည်ဘက်မှ ထင်းရှူးပင်ကြီးများသည် ကျွန်ုပ်အား ထီးမိုးပေး ရကြသည်နှင့် တူ၏။ ခြံစည်းရိုးများပေါ်မှ ကော်ထွက်နေကြ သော တရုတ်စကား အကိုင်းအခက်များသည် ငွေဖြူစကား ပန်းရိပ်များဖြင့် ကျွန်ုပ်အား လက်ဝှေ့ယမ်းကာ နှုတ်ဆက်

http://www.cherrythitsar.org
www.foreverspace.com.mm



နေကြသည်နှင့် တူပေ၏။ ကျွန်ုပ်သည် အစပထမ၌ ထင်းရှူးပင်ကြီးများကို ရက္ခဗေဒအမြင်ဖြင့် လေ့လာကြည့်မိ၏။ မျိုးစေ့ကို လျှို့ဝှက်သိုလှောင်သော အပင်မျိုးနှင့် မျိုးစေ့ကို တမင်ဖော်ပေးထားသော အပင် ၂ မျိုး ရှိရာ ထင်းရှူးပင်မှာ ဒုတိယအမျိုးဖြစ်ကြောင်းနှင့် ရန်ကုန်သည် ထင်းရှူးပင်၏ မူလပေါက်ဖွားရာ အရပ်မဟုတ်ကြောင်း သတိရနေလေသည်။ တရုပ်စကားပင်၏ မျိုးစု၊ မျိုးခွဲ၊ မျိုးစပ်စသော ရက္ခဗေဒ ဇယားကို သူ အခေါ် အဝေါ်နှင့်တကွ မှတ်မိအောင် လေ့လာကြည့်သည်။ ကျွန်ုပ်မှာ လူငယ်များလို မှတ်ဉာဏ် မကောင်းတော့ချေ။ ထိုးထွင်းဉာဏ်၊ တီထွင်ဉာဏ်တို့ကား ပိုမို ထက်မြက်လာသည်ဟု ထင်ပါ၏။

အချို့ ငုပင်များသည် ပုဂံလမ်းပေါ်၌ ရွှေဝါပန်းကုံးများကို သွယ်ချထားကြပြီး အချို့ငုပင်များကမူ နီလာပန်းကုံးများ သွယ်ချထားကြ၏။ ကျွန်ုပ်သည် ငုရွှေဝါငုနီလာတို့ကိုကား ရုက္ခဗေဒအမြင်ဖြင့် ကြည့်၍မရတော့ပါ။ အလှကြည့်သာ ကြည့်မိပါတော့၏။ စိန်ပန်းပင်များသည်လည်း ပင်လုံးကျွတ် ပွင့်ကုန်ကြလေပြီ။ နီရဲဝင်းထိန်သော ပတ္တမြားပန်းများပေတည်း။

ကျွန်ုပ်သည် နွေဦးပန်းများ၏ အလှတွင် ကြည်နူးနေရာမှ အတန်ကြာတော့ ယစ်မူးသွားလေပြီ။ စကားပန်း ငွေဖြူ၊ ငုရွှေဝါ၊ ငုနီလာနှင့် စိန်ပန်း ပတ္တမြားတို့သည် ကျွန်ုပ်၏ မနောအကြည်ဓာတ်တွင် ရောင်စုံရိုက်ခတ်ပြီး တဖျတ်ဖျတ်နေကြလေပြီ။

ပုဂံလမ်းသည် အခါတိုင်းလိုပင် ယာဉ်အသွားအလာနည်းသည်။ ယနေ့မူ လူသူလေးပါးပင် အသွားအလာမရှိ။ ထို့ကြောင့် တိတ်ဆိတ်ငြိမ်သက်လှပေ၏။ ထိုအခိုက် မြောက်ဘက်

http://www.cherrythitsar.org

www.foreverspace.com.mm



မှ မျက်နှာတူရူ ဆော်သွင်းလာသော လေညင်းသည် ကျွန်ုပ်၏ ရင်ခွင်တွင် တိုးဝှေ့ကစားပြီး ကျွန်ုပ်၏ ပါးစပ်များကို နမ်းရှုတ်လိုက်လေသည်။ လတ်ဆတ် ထုံသင်းလှသော လေညင်းပေတည်း။ ထိုအချိန်တွင် ပုဂံတစ်လမ်းကို ကျွန်ုပ်တစ်ဦးတည်း ပိုင်နေသည်ဟု ကျွန်ုပ်ထင်မှတ်လိုက်ပေ၏။

ကျွန်ုပ်မှာ ပင်စင်ယူရခါနီး ဆရာအိုကြီးဖြစ်သဖြင့် တစ်ခါတစ်ခါ ဒူးဆစ်များ ကိုက်ခဲတတ်သည်။ သို့ရာတွင် ကျွန်ုပ်၏ခြေ လှမ်းများမှာ ခပ်မှန်မှန်ပင် ဖြစ်၏။ ထိုင်နေသောအခါခါး မှာ အနည်းငယ်ပင် ကိုင်းနေပါပြီ။ သို့ရာတွင် ကျွန်ုပ်သည် ခပ်မတ်မတ်ပင် လမ်းလျှောက်ပေသည်။ ကျွန်ုပ်၏ ဆံပင်များမှာ ဖြူကုန်ပါပြီ။ သို့ရာတွင် သေသပ်စွာ ဖြီးထားပါ၏။ မျက်လုံးများမှာ အနီးကြည့်အတွက် ခပ်မွဲမွဲဖြစ်သဖြင့် မျက်မှန်ဆောင်ထားရ၏။ အဝေးကြည့်အတွက်ကား မျက်မှန် မလိုပါ။

ပုဂံလမ်းသည် လမ်းတိုကလေးဖြစ်ပြီး ဟိုဘက်ထိပ်မှသည် ဘက်ထိပ် တောက်လျှောက် မြင်နိုင်သည်။ ကျွန်ုပ်သည် စကားငွေဖြူ ငုရွှေဝါ ငုနီလာနှင့် စိန်ပန်း ပတ္တမြားတို့တွင် ပျံ့ဝဲကာ အလှဝတ်ရည်များ သောက်သုံးနေသော မျက်လုံးများကို ရွှေ့လှမ်းပြီး တည့်တည့် လွှတ်လိုက်လေသည်။ လမ်းတစ်လျှောက်လုံး ငွေဖြူရောင် ရွှေဝါရောင် နီလာရောင်နှင့် ပတ္တမြားရောင်များ ကွန့်မြူးယှက်သန်းနေသည်။ ကျွန်ုပ်သည် ပုဂံလမ်းတစ်ခုလုံးကို ကျွန်ုပ်တစ်ဦးတည်း ပိုင်သည်ဟု ထင်မှတ်ခဲ့၏။ ယခုတော့ ကျွန်ုပ်တစ်ဦးတည်း ပိုင်သည် မဟုတ်ကြောင်း တွေ့ရသဖြင့် ဝန်တိုခြင်းဖြင့် စိတ်အနှောင့်အယှက် ဖြစ်မိလေသည်။ ပုဂံလမ်းကို ကျွန်ုပ်နှင့် ပူးတွဲ၍ ပိုင်သူမှာ မိန်းမပျိုကလေး တစ်ဦး

http://www.cherrythitsar.org

www.foreverspace.com.mm



ဖြစ်နေ၏။

ရုတ်တရက်သော် စိတ်အနှောင့်အယှက် ဖြစ်သွားသော်လည်း ရှေ့ကသွားနေသူ မိန်းမပျိုအား နောက်မှခြေ ၄-၅ လှမ်းလိုက်ရင်း စူးစိုက်ကြည့်မိသောအခါ စိတ်ဝင်စားသွားလေသည်။

သူမ လမ်းလျှောက်သွားပုံမှာ ကြည့်၍ကောင်းလှသည်။ ဖျတ်ဖျတ်လတ်လတ် လျှောက်သွားသော်လည်း ကြော့ရှင်းယဉ်ကျေးမှု မပျက်ခြင်းမှာ ထူးခြား၏။

ဤမိန်းမပျိုသည် ဘယ်ကလာသနည်း။ ဆရာမကလေးလော၊ ကျောင်းသူလော။ ကျွန်ုပ် သို့လောသို့လော တွေးကာနေသည်။ မိန်းမပျိုသည် အောက်သူလော၊ အညာသူလော၊ ရခိုင်လော၊ ရှမ်းလော၊ ထားဝယ်သူလော၊ မြိတ်သူလော။

သို့ကလို တွေးတောကြည့်နေရာမှ မနုဿဗေဒခေါ် အင်သရိုပိုလိုဂျီ အတိုင်းအထွာ စံချိန်များနှင့် တိုင်းထွာကြည့်လိုစိတ်များ ပေါ်လာလေသည်။ အင်သရိုပိုလိုဂျီ အမျိုးအစား ဇယားများတွင် သွင်းကြည့်လျှင် ဘယ်လိုနေပါလိမ့်မည်ဟု စဉ်းစားရန်စမိသည်။ သို့ရာတွင် ထိုသို့ စဉ်းစား၍မရပါ။ ငုဋ္ဌေဝါ ငုနီလာတို့အား ရက္ခဗေဒ အမြင်ဖြင့် ဆင်ခြင်မရခဲ့သည့် အတိုင်းပင် ဖြစ်ပါသတည်း။ ရှင်းနေသော လမ်းပေါ်တွင် ထိုမိန်းမပျိုအား မြင်လိုက်ရသည်မှာ ပွင့်ချပ်အာခါစ ကြာပန်းကြီးစိုက်ထိုးထားသော ပန်းအိုးကို ထီးထီးကြီး မြင်လိုက်ရသည်နှင့်တူနေ၏။

သူမ၏ အရပ်အမောင်းမှာ နွဲ့နွဲ့နှောင်းနှောင်းဖြစ်၏။ သို့ရာတွင် ကိုယ်လုံးကိုယ်ထည်ကား တောင့်တင်း ကျစ်လစ်

www.foreverspace.com.mm
http://www.cherrythitsar.org


သည်ပင် ဖြစ်၏။ ကျွန်ုပ်သည် ကျောင်းဆရာဖြစ်ရုံမက အသက်အရွယ်လည်း ကြီးပေပြီ။ သို့ရာတွင် မိန်းမပျို၏ အိစက်ဖောင်းကြွသော တင်သားနှင့် သေးသွယ်ဝိုင်းကျစ်သော ခါးတို့ပေါ်တွင် မျက်စိမကစားဘဲ မနေနိုင်ပါ။ စိတ်လည်း မကွန့်မြူးဘဲ မနေနိုင်ပါ။ ကွေးကွေးကလေး ပြေပြစ်စွာ ကျဆင်းသော ပခုံးများကိုလည်း သတိမပြုဘဲ မနေနိုင်ပါ။ ရှေ့ကသာ ဆီးပြီးကြည့်ရလျှင် ထင်ရှားစွာ ဖောင်းမို့နေသော သူမ၏ ရင်သားများကို မြင်ရလိမ့်မည်ဟု စိတ်ဆန္ဒမဖြစ်ဘဲလည်း မနေနိုင်ပါ။ မယ်တက္ကသိုလ်၊ သို့မဟုတ် မယ်ဗမာတို့များ ထဘီဝတ်ထားခြင်းဖြစ်လေသလော။

ခပ်မှန်မှန် လှမ်းနေသော ကျွန်ုပ်၏ ခြေလှမ်းများသည် ခပ် မြန်မြန်ဖြစ်လာလေ၏။

နောက်ကနေပြီး အကဲခတ်ရခြင်းဖြင့် ထိုမိန်းမပျိုသည် အသက် ၂၀-ကျော်လောက်တွင် ရှိမည်ဟု ခန့်မှန်းရလေ၏။ ကျွန်ုပ်နှင့်အ  သက် ၃၀-ကျော်ကွာရပေမည်။ ကျွန်ုပ်သည် ထိုခဏ၌ သူမနှင့်ကျွန်ုပ် အသက်ကွာခြားခြင်းကို မေ့စပြုလေပြီ။

မိန်းမပျိုသည် ဘယ်သို့သော ပန်းကိုပန်သည်။ ဘယ်သို့သော ဆင်ယင်ထုံးဖွဲ့နည်းများကို သုံးသည်။ ဘယ်အရောင်ဘယ်ပုံရှိသော အင်္ကျီနှင့် ဘယ်အဆင်အသွေးရှိသော ထဘီတို့ကို ဝတ်ဆင်သည် စသည်ဖြင့် ကျွန်ုပ်စာမဖွဲ့တတ်ပါ။ ခေတ်သိပ်မမှီသော အဖိုးကြီး ဖြစ်သဖြင့် ဆင်ယင်ထုံးဖွဲ့မှု အခေါ်အဝေါ်များကိုလည်း နားမလည်။ သူမ၏ ဆင်ယင်ထုံးဖွဲ့မှု၌လည်း အသေးစိတ် စိတ်မဝင်စားပါ။ သို့ရာတွင် ကျွန်ုပ်တစ်ခုတော့ပြောချင်သည်။ သူမ၏ အဆင်းရူပကာနှင့် သူမ၏

http://www.cherrythitsar.org
www.foreverspace.com.mm



ဆင်ယင်ထုံးဖွဲ့မှုတို့သည် စကားငွေဖြူ၊ ငုရွှေဝါ၊ ငုနီလာ စိန်ပန်းပတ္တမြားတို့နှင့်ကား အပြန်အလှန် အရောင်ဟပ်၍ များစွာ ပနံရနေပေသည်။

မြောက်ဘက်မှ ဆော်သွင်းလာသော လေညင်းသည် ကျွန်ုပ်၏ ရင်ခွင်မှာ ဝှေ့ကစားသလို၊ မိန်းမပျို၏ရင်ခွင်မှာလည်း ဝှေ့ကစား ခဲ့ပေလိမ့်မည်။ လေညင်းသည် ကျွန်ုပ်၏ပါးကို နမ်းရှုပ်သလို သူမ ၏ပါးကိုလည်း နမ်းရှုပ်ခဲ့ပေ လိမ့်မည်။ ယင်းသို့ ဆင်ခြင်မိသည် နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ ကိုယ်စိတ်နှစ်ပါးသည် လေကဲ့သို့ ပေါ့ပါးသွားလေသည်။ ထိုင်နေလျှင် ခပ်ကိုင်းကိုင်း ဖြစ်တတ်သောခါး၊ လျှောက်လျှင် မတ်မတ်ထားပြီး လျှောက်ရသောခါး၊ ကျွန်ုပ်၏ ထိုခါးသည် စစ်ရေးပြသော ခါးကဲ့သို့ မတ်သွားသည်။ ကျွန်ုပ်၏ ဆံပင်ဖြူတို့သည် မည်းနက်လာကုန်၏။ ကျွန်ုပ်၏ မွဲမွဲခြောက်ခြောက် မျက်လုံးတို့သည် ကြည်လင်ထွန်းတောက်လာကုန်၏။ ကျွန်ုပ်သည် ဆရာအိုကြီး မဟုတ်တော့ဘဲ ကျောင်းသားကလေး ဖြစ်သွားတော့၏။

ကျွန်ုပ်က မြန်မြန်လျှောက်ပြီးလိုက်သော်လည်း သူမသည် မှန်မှန်သာလျှောက်၏။ တစ်ဘက်တစ်ချက် နိမ့်တုံမြင့်တုံ ဖြစ်နေသော သူမ၏ တင်သားများမှာ ဆန်ကောဝိုင်းသလို လည်နေပေရာ ကြည့်မငြီးအောင် ဖြစ်၏။ ကျွန်ုပ်မှာ အထွေအထူး လုပ်ရန် စိတ်ကူးသည့်ပြင် မပေါက်သော်လည်း သူမ၏ တင်သားများကို လက်ဖဝါးဖြင့် အသာအယာ ပွတ်ပွတ် စမ်းလိုက်ချင်စိတ်ကား ပေါက်လာပါသည်။ ပါးလွှာသော အင်္ကျီနှင့် သေးငယ်သော ဇာဘော်လီကြိုးများ ကြားမှ ထွင်းဖောက်ပေါ်လာသော ဝါဝင်းသည့် ကျောပြင်မှာ ရွှေတလင်းပြင်

http://www.cherrythitsar.org
www.foreverspace.com.mm


နှင့် တူလေ၏။ ကျွန်ုပ်သည် သူမအား မီလာပြီး ဘေးတိုက် လျှောက်နေလေပြီ။

ကျွန်ုပ်က သူမဘက်သို့ ငဲ့ကြည့်လိုက်သောအခါ သူမသည် တစ်ချက်လောက်သာ ကျွန်ုပ်ဘက်သို့ လှမ်းကြည့်လိုက်ပြီး ရုတ်ခြည်းပင် မျက်လွှာချသွားလေသည်။ သူမ၏ ခြေလှမ်းများ သည်ကား မတုံ့ပါ၊ နောက်တစ်ကြိမ်လည်း ထပ်မကြည့်ပါ။

ကျွန်ုပ်ကသာ သူမအား ထပ်ထပ်ကြည့်နေသည်။ သူမ သည် မျက်တောင်ကော့ကော့ နှာတံပေါ်ပေါ်နှင့်ဖြစ်သည်။ ဘေးတိုက် မြင်လိုက်ရသော ရင်သားမှာ တင့်ထွားထင်ရှားလှ ပေသည်။ ကျွန်ုပ်သည် သူမအား ဘေးတိုက် ကြည့်ရရုံဖြင့် အားမရ၊ ရှေ့ကနေပြီး ကြည့်ချင်မြင်ချင်ပြန်လေသည်။

ကျွန်ုပ်သည် ခပ်သွက်သွက် ကျော်တက်လျှောက်သွား၏။ ပေတစ်ရာလောက် ရှေ့က လျှောက်သွားမိသောအခါ လမ်း ဘေးသို့ ကပ်လိုက်၏။ ခြံစည်းရိုးမှ ထိုးထွက်နေသော ကြက် သွေးရောင်ပန်းစက္ကူကိုင်းများကို ဆွဲချိုးမည်ကဲ့သို့ ဟန်ဆောင် နေလေသည်။ ကျွန်ုပ်သည် ပန်းမှာ စိတ်ဝင်စားသည် မဟုတ်ပါ။ မိန်းမပျိုအပေါ်မှာသာ စိတ်ဝင်စားနေပါသည်။

သူမမှာ လှပပြုံးချိုသောမျက်နှာရှိ၏။ နီရဲသောနှုတ်ခမ်းက လေးများမှာ ပန်းချီဆရာ ဆေးဖြင့်ရေးပြီးတွင် ကျွန်ုပ်၏မျက်လုံး များသည် သူမ၏ နှုတ်ခမ်းများပေါ်တွင် ကြာရှည်မနေပါ။ ဖောင်းကြွပြည့်ဖြိုးသောရင်သားများနှင့် သွယ်တန်းအိစက်သော ပေါင်လုံးများဆီသို့သာ ဆင်းသွားကြကုန်၏။

ကျွန်ုပ်ကငေးမှိုင်ကြည့်နေသော်လည်း မိန်းမပျိုသည် ရှိုးတိုး ရှန့်တန့် လုံးဝမဖြစ်ပါ။ ကျွန်ုပ်က တပ်မက်ခြင်းဖြင့် စူးစိုက်

http://www.cherrythitsar.org

www.foreverspace.com.mm



၍ ကြည့်နေသည်ကိုပင် သတိမူမိရှာပုံမပေါ်ပါ။ မျက်လွှာချ၍ ရှေ့သို့ လျှောက်နေသည်။ ရွှေပေးလို့မရသော ဣန္ဒြေမျိုးပင် တည်း။

မိန်းမပျိုက ကျွန်ုပ်ရှေ့သို့ ရောက်သွားပြန်လေပြီ။ ကျွန်ုပ်သည် ဆွဲထားသော ပန်းစက္ကူကိုင်းကြီးကို လွှတ်လိုက်သည်။ ပန်းပွင့်အ ချို့ကြွေကျသွားလေ၏။ ကြွေကျသော ပန်းပွင့်အနည်းငယ်ကို ကောက်ယူကာ သူမနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြန်လေသည်။

တစ်ဖက်တစ်ချက်တွင် မြင့်တုံနိမ့်တုံဖြစ်ကာ ဆန်ကောဝိုင်းနေသော တင်သားများကို လက်ဝါးဖြင့် အသာအယာ ပွတ်ပွတ်စမ်းလိုသောစိတ် ပေါ်လာပြန်ပါပြီ။ ရွှေတလင်းပြင်နှင့်တူသော သူမ၏ ကျောပြင်ပေါ်တွင် ကျွန်ုပ်၏ပါးကိုကပ်ထားလိုသည်။ သည်မျှမကသေး။ သည့်ထက်ပိုကဲ၍ သူမ၏ သေးသွယ်လုံးကျစ်သောခါးကို ဖက်၍ ညှစ်လိုက် ဖျစ်လိုက် ချင်တော့သည်။ သူမသည် ကျောင်းသူဖြစ်၏။ ကျွန်ုပ်ကား ကျောင်းသား ဖြစ်၏။

ကျွန်ုပ်က သူမ၏သေးသွယ်လုံးကျစ်သော ခါးကိုဖက်လျက် သူမကမူ ကျွန်ုပ်၏ဘယ်ဘက်လက်မောင်းအုံကြီးပေါ်တွင် ခေါင်းမှီလျက် နှစ်ယောက်သားညကာတာကာ ယုယကာ ပိုက်ထွေးကာဖြင့် လျှောက်သွားနေကြသည်။ သူမမှာ အသက် ၂၀ ကျော်ကျော် ရင့်ကျက်သော မိန်းမပျိုလေး၊ ကျွန်ုပ်မှာကား အသက် အစိတ် ကျော်ကျော် ရင့်ကျက်သော လူပျိုကလေး။ ရွှေချောင်းထဲကမြရေယာဉ်မှာ ပတ္တမြားလှေကို စီးပြီး ငွေရွက်လွှင့်နေကြလေသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



သို့သော် ပုဂံလမ်းထိပ် စစ်ကိုင်းလမ်းပေါ်သို့ ရောက်ခါနီးသောအခါ ရွှေချောင်းမှာ ဆုံးသွားပြီး မြရေယာဉ်မှာ ရပ်စဲသွားလေသည်။ ပတ္တမြားလှေသည် ပေါက်ကွဲပြီး ငွေရှုက်သည်လဲကျသွားလေသည်။

ပုဂံလမ်းထိပ် စစ်ကိုင်းလမ်းပေါ်တွင် လူငယ်တစ်ဦးသည် အရှေ့မှ အနောက်သို့ လျှောက်သွားလေသည်။ မိန်းမပျိုသည် ထိုလူငယ်အား မြင်လိုက်သောအခါ 'ဟလို'ဟု အော်ကာ နှုတ်ဆက်လိုက်လေသည်။ လူငယ်သည် သူမအား ပြုံးရွှင်စွာဖြင့် 'ဟလို'ဟု တုံ့ပြန်လိုက်သည်။ လှောင်အိမ်တစ်ခုစီမှာ လှောင်ထားရာမှ လွှတ်လိုက်သော ဟင်္သာငှက်မောင်နှံလို မြူးသွားကြပြီး တစ်ဦးထံ တစ်ဦး ချဉ်းကပ်သွားကြလေသည်။ ကျွန်ုပ်ရှေ့မှာ လျှောက်သွားနေသော မိန်းမပျိုတွင် ရွှေပေးလို့ မရသော ကြွေးသည် မရှိတော့ပါ။ ကျွန်ုပ်နှင့် စိတ်ကူးယဉ် အိပ်မက်ထဲတွင် ဖက်ကာမှီကာ ယုကာ ယကာ လျှောက်သွားနေသော မိန်းမပျိုသည် တကယ့်အဖြစ်မှာတော့ ထို လူငယ်နှင့် ဖက်ကာမှီကာ ယုကာ ယကာ လျှောက်သွားကြတော့မည်ဟု ထင်ရပါလေသည်။

ကျွန်ုပ်ကား ပထမသော် နှမြော ဝမ်းနည်းသလို ဖြစ်မိ၏။ နောက်ခဏ၌ကား မိန်းမပျိုနှင့် လူငယ်တို့သည် ရွယ်တူရွယ်တန်ကျောင်းသူ ကျောင်းသားကလေးများ ဖြစ်ကြောင်း သတိရလာလေသည်။ ကျွန်ုပ်၏ မတ်မတ်ထားအပ်သော ခါးသည် ကိုင်းသွားလေသည်။ သန်သန်နှင့် မြန်မြန်လျှောက်နေသော ခြေထောက်များ သည် ချည့်နဲ့ပြီး လေးကွေးသည်။ ပိနေအောင် ဖြီးထားသော ဆံပင်များသည် ပွထလာကာ ဖြူဆွတ်ခြင်းကို

http://www.cherrythitsar.org
www.foreverspace.com.mm



တန်ခွန်လွှင့်ပြနေကြသည်နှင့် တူ၏။

သူငယ်နှင့် မိန်းမပျိုတို့သည် တစ်ဦးဆီတစ်ဦး မြူးတူးခုန်ပေါက်၍မြန်မြန် လျှောက်သွားပြီးနောက် နီးကပ်နေမှ အရှိန်သတ်လိုက် ကြသည်။ တစ်ဦးနှင့်တစ်ဦး ကိုယ်ထိလက်ရောက် ဖက်ယမ်းခြင်း ကိုင်တွယ်ခြင်းမရှိ။ သို့ရာတွင် သူတို့၏ အပြုံးနှင့် မျက်လုံးများကား ဖက်ယမ်းနမ်းရှုပ်နေကြပေသည်။

လူငယ်က ကျွန်ုပ်ထံသို့ လှမ်း၍. . . . .

'ဂွတ်မောနင်းဆရာ'ဟု ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။ ပြီး တော့ 'ဆရာ. . . . ဒီနေ့ နဲနဲနောက်ကျတယ်ဆရာ'ဟု ပြောသေး၏။

ကျွန်ုပ်၏မျက်စိများသည် မွဲခြောက်သွားကြဟန်တူ၏။ လူငယ်၏မျက်နှာကို ကြည့်သည်။ သူကား ကျွန်ုပ်၏ တပည့်ဖြစ်ကြောင်းကို သိပါ၏။ သို့ရာတွင် ဘယ်သူဘယ်ဝါဖြစ်သည်ဟု နာမည်နာမ နှင့်တကွ တပ်အပ်သတိမရတော့ချေ။ ကျွန်ုပ်သည် တပည့်အား ရှက်ပြုံးဖြင့် ကြည့်ပြီး. . . .

'အေး နဲနဲနောက်ကျသွားတယ်။ ပန်းကလေးတွေကောက်နေရလို့'ဟု ပြောစရာမရှိပြောလိုက်လေသည်။ မဖူလုံသောအကြောင်း ပြချက်ဖြစ်၏။ ကျွန်ုပ်၏ အတွင်းဖောက်ပြန်မှုကို တပည့်များ မိသွားသဖြင့် ကျွန်ုပ်မှာ အခြေပျက်နေပါပြီ။ ရှက်စိတ်ဖြင့် ပူထူနေသည်။ မိန်းမပျိုနှင့် ကျွန်ုပ်၏ တပည့်တို့သည် တစ်ယောက် တစ်ယောက်ပြုံးကြည့်ရင်း ရှေ့မတိုး နောက်မဆုတ် ရပ်နေကြ၏။ သူတို့သည် ကျွန်ုပ်၏ စိတ်ဖောက်ပြန်ပုံကိုသိပြီး ကျွန်ုပ်အား လှောင်ပြောင်သောအားဖြင့် ပြုံးနေခြင်း ဟုတ်ဟန် မတူပါ။ သူတို့အချင်းချင်း တွေ့ကြရ၍ ဝမ်းသာ

http://www.cherrythitsar.org
www.foreverspace.com.mm



လုံးဆို့ကာ ပြုံးရုံသာပြုံးပြီး ကြည့်နေကြဟန်တူပါသည်။

ကျွန်ုပ်သည် သူတို့အား ကျော်ပြီး ခပ်မြန်မြန် လျှောက်လာခဲ့၏။ 'ပန်းပွင့်တွေ ဘာလုပ်ဖို့ကောက်လာသလဲ ဆရာ'ဟု တပည့်ကျော်က ထပ်ဆင့် မေးပြန်လျှင် ကြံဖန်ပြောနေရဦးမည်။ ရူပဗေဒနည်းအရ ပန်းပွင့်အရောင်ပေါ် အလင်းဂယက်ရိုက်ပုံကို လေ့လာလို၍ဟု ပြောမည်လော၊ ရုက္ခဗေဒနည်းအရ ပန်းပွင့်ကို ကြည့်၍ မျိုးဆက်ပြန့်ပွားပုံကို လေ့လာရန်ဖြစ်သည်ဟု ပြောမည်လော။ တစ်ခုခု ကြံဖန် ပြောနေရပေလိမ့်မည်။ မိန်းမပျိုကို ရှေ့ကဆီးကြည့်ချင်၍ ပန်းခူးချင်ယောင်ဆောင်ခဲ့ရသည့်အဖြစ်ကို ကျွန်ုပ် ကြံဖန်ဖုံးဖိမနေချင်တော့ပါ။ ကျွန်ုပ်သည် ရှေ့သို့သာ တွင်တွင်လျှောက်သွား၏။ တပည့်ကျော်ကတော့ ကျွန်ုပ်သည် ကျောင်းနောက်ကျသဖြင့် မြန်မြန်လျှောက်သွားသည်ဟု ထင်ကောင်းထင်ပေမည်။ ကျွန်ုပ်မြန်မြန်လျှောက်ခဲ့သည့်အကြောင်းရင်းမှာကား မိန်းမပျိုနှင့် ကျွန်ုပ် ၂-ယောက်ထဲ ပူးတွဲကာ ပုဂံလမ်းကို ပိုင်လိုက်ရသည့် တခဏ၌ စိတ်ဖောက်ပြန်မိခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်၏အခန်းထဲရောက်ပြီး ကုလားထိုင်ပေါ် ထိုင်မိသောအခါ ဒူးတွေကိုက်နေသည်ကို သတိရမိလေသည်။ ၅၀-ကျော်ကတည်းက ဒူးဒုက္ခပေးလာခဲ့သည်။ သည်တော့ အိုခြင်းတရားကို ပိုပြီး စဉ်းစားမိသည်။ သို့ကလို အိုပါလျက် ပုဂံလမ်းပေါ်မှာ မိန်းမပျို ကလေးတွေ့သောအခါ နုပျိုစိတ်တွေဝင်ပြီး တက်ကြွလာတာ ဘာကြောင့်လဲဟု စဉ်းစားနေမိပြန်သည်။ ကျွန်ုပ်၏ သီးသန့်ချွတ်ယွင်းချက် ဖြစ်လေသလော။ ပုထုဇ္ဇနော ဥမ္မတ္တကောတွေမို့ လူ့သဘာဝ ဖြစ်လေသလော။ သို့တည်း

www.foreverspace.com.mm

http://www.cherrythitsar.org



မဟုတ် ပုဂံလမ်း၏ စကားငွေဖြူ ငု ရွှေဝါ၊ ငုနီလာနှင့် ပတ္တမြားရောင်စုံ ယှက်သန်းသော နွေဦးအလှနှင့် မိန်းမပျို၏ နုပျိုလန်းဆတ်သော အလှတို့ကပင် ကျွန်ုပ်အား သွေးသစ် သားသစ် အားသစ်လောင်းပေပြီး နုပျိုသော စိတ်ကူးတွင် ယစ်မူးပျော်မြူးစေလေသလော။ ကျွန်ုပ်ကား မဖြေတတ်အောင် ရှိနေပါသည်။ အိမ်မှ တစ်လ နီးပါးထွက်ခွာကာ ဉပုသ်စောင့် နေသော အိမ်ကဟာမကြီး ပြန်လာလျှင် သည်အကြောင်း မေးကြည့်ရကောင်းလေမည်လား။ အိမ်ကဟာမကြီးကတော့ ကလေးကလားစကားတွေ မပြောစမ်းပါနှင့်ဟု ပြောကာ ဆီးပိတ်လိမ့်မည်လား မဆိုနိုင်ပါ။ ကျွန်ုပ်မှာတော့ ပြဿနာ ဖြစ်နေပါသတည်း။ ။

**သိန်းဖေမြင့်**

http://www.cherrythitsar.org

www.foreverspace.com.mm

